ရောင်းမှု

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်ကျည်ဆောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာ ပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday, 14 March 2020 ၉၉၅၄

ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောက်လန့်အောင် မမှန်သတင်းဖြန့်ဝေနေသည့် ကောလာဟလများကို မယုံကြည်ကြရန်၊ COVID - 19 မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးမှ ပြည်သူ့သို့ ပန်ကြားချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ပြည်သူ့သို့ ပန်ကြားချက်
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၁၉ ပြည့်နှစ်၊ မတ်လ ၁၃ ရက်)

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID – 19) ကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) က ၁၁-၃-၂၀၂၀ ရက် မြန်မာစံတော်ချိန် ည ၁၁:၁၃ နာရီတွင် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ ထို့ကြောင့် ၃၀-၁-၂၀၂၀ ရက်နေ့က ဖွဲ့စည်းခဲ့သော Coronavirus Disease 2019 (COVID-19) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို အမျိုးသားအဆင့် ဗဟိုကော်မတီအဖြစ် ၁၃-၃-၂၀၂၀ ရက်နေ့၌ တိုးမြှင့်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၃။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) သည် လူစုလူဝေးများပြားရာနေရာများတွင် လျင်မြန်စွာကူးစက်နိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် လူစုလူဝေးဖြင့်ကျင်းပသော အခမ်းအနားများ၊ ပွဲလမ်းသဘင်များ (မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွက် မဏ္ဍာပ်ဆောက်လုပ်ပြီး ကျင်းပခြင်းအပါအဝင်) မပြုလုပ်ကြရန်ဖြစ်ပါသည်။ ထိုသို့အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို ယနေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်ထိ ကျင်းပခွင့်မပြုဘဲ ရပ်ဆိုင်းထားရေးကိုလည်း သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားထားပြီး လိုအပ်ပါက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား HIV ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေးဆိုင်ရာ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြား

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား HIV ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေးဆိုင်ရာ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၁၃

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား HIV ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေးဆိုင်ရာ အခမ်းအနားကို ယနေ့ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ထိုင်းတော်ဝင်မင်းသမီးများ ဖြစ်ကြသည့် Princess Soamsawali Krom Muen Suddhanarinatha နှင့် Princess Bajrakitiyabha၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

၂၀၂၀ ပြည်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ လည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို မွန်းလွဲ ၃ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအစည်းအဝေးများသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃-၃-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁,၅၀၀	၁၁,၀၀၀	၂,၈၆၅	၃၂,၀၉၇,၅၀၀
MTSH	၃,၈၅၀	၃,၈၀၀	၁၆,၂၁၃	၆၁,၈၄၈,၅၅၀
MCB	၈,၂၀၀	၈,၂၀၀	၉၅၂	၇,၈၀၆,၄၀၀
FPB	၂၂,၅၀၀	၂၂,၀၀၀	၈၉၉	၁၉,၈၀၅,၅၀၀
TMH	၂,၈၅၀	၂,၈၅၀	၈၆၅	၂,၄၆၅,၂၅၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၃

ရန်ကုန်(ရွှေဈေး) ၁၁၉၇၀၀၀ မန္တလေး(ရွှေဈေး) ၁၁၉၇၀၀၀

စက်သုံးဆီဈေးနှုန်း	ရန်ကုန်			မန္တလေး	
(က) ဒီဇယ်	တစ်လီတာ	၆၁၀/၇၀၀	ကျပ်	၆၇၀/၇၀၀	ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၆၈၀/၇၅၀	ကျပ်	၇၆၅/၇၉၅	ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၅၆၀/၆၃၀	ကျပ်	၆၃၀/၆၆၀	ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၆၂၀/၇၁၀	ကျပ်	၆၈၅/၇၁၅	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၅၁၀/၅၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၂၀/၅၂၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၄၄၅/၄၆၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၄၀၉.၆
(ခ) ဥရောပ	တစ်ယူရို	=	၁၅၇၉.၇
(ဂ) တရုတ်	တစ်ယွမ်	=	၂၀၁.၆၈
(ဃ) ထိုင်း	တစ်ဘတ်	=	၄၄.၂၈၅
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၈.၇၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၉.၀၆၈
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၃၂.၁
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၅.၇၁
(စျ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၈၆.၇၀
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၀.၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

မတူကွဲပြား မခွဲခြားဘဲ လက်တွဲဆောင်ရွက်

ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် နိုင်ငံအများသို့ ကူးစက်ပျံ့နှံ့နေသည်။ ကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့ပြည်သူများအားလုံးတို့သည် နိုးနိုးကြားကြားဖြင့် ကပ်ရောဂါကို ကျော်လွှားနိုင်အောင် တညီတညွတ်တည်း ကြိုးပမ်းအားထုတ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ကပ်ရောဂါကို ကြံ့ကြံ့ခံဟန့်တားရင်ဆိုင်နိုင်အောင်၊ တညီတညွတ်တည်း ကြိုတင်ကာကွယ်တားဆီးရင်ဆိုင်ဖြေရှင်းနိုင်အောင် ပြင်ဆင်လျက်ရှိသည်။

ကပ်ရောဂါသည် ပြည်သူ့ပြည်သားများအားလုံး၏အရေးဖြစ်၍ နိုးနိုးကြားကြား တက်တက်ကြွကြွ ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးသည်လည်း ပြည်သူ့ပြည်သားများအားလုံး၏ အရေးဖြစ်သည်။ ကပ်ရောဂါအရေးကဲ့သို့ ငြိမ်းချမ်းရေးကိုလည်း တညီတညွတ်တည်း ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ ကပ်ရောဂါပြဿနာကို တစ်ကမ္ဘာလုံးရှိ ပြည်သူ့ပြည်သားများအားလုံး ဝိုင်းဝန်းအဖြေရှာကာကွယ်တားဆီးခြင်းဖြင့် မဝေးသောကာလတွင် ရောဂါကင်းဝေးငြိမ်းအေးမည်ဟု မျှော်လင့်ပါသည်။

ငြိမ်းချမ်းရေးသည် တညီတညွတ်တည်း ညှိနှိုင်းအဖြေမရှာနိုင်သေးသောကြောင့် အလှမ်းဝေးနေသေးသည်။ နှစ်ပေါင်း ၇၀ ကျော်ကြာ ကာလရှည်ကြာလာခဲ့၍ တိုင်းပြည်ရောလူမျိုးပါ အထိနာနေလှပြီ။ ထို့ကြောင့် ပြည်သူများအားလုံး၏အရေးဖြစ်သည့် ငြိမ်းချမ်းရေးကို အားလုံးတညီတညွတ်တည်း ဝိုင်းဝန်းအဖြေရှာကြရမည်။ ငြိမ်းချမ်းရေးအတွက် အခက်အခဲများ၊ စိန်ခေါ်မှုများ မည်မျှပင်ရှိပါစေ ငြိမ်းချမ်းရမည်ဟူသည့် တူညီသည့်အချက်များ တညီတညွတ်တည်းရှာဖွေနိုင်ပါက ငြိမ်းချမ်းမည်ဖြစ်သည်။ အချင်းချင်း သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှု၊ ညှိနှိုင်းပေါင်းစပ်မှု၊ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှုနှင့် စိတ်ရင်းစေတနာမှန်ကန်ကောင်းမွန်မှုတို့ဖြင့် ဆောင်ရွက်နိုင်ပါက ငြိမ်းချမ်းမည်သာ ဖြစ်သည်။

တစ်ကမ္ဘာလုံးအရေးကို မဖြစ်မနေကျော်လွှားနိုင်အောင် ဆောင်ရွက်ကြမည်ဟု တူညီသည့်သန္ဓိဋ္ဌာန်ထားရှိကြသကဲ့သို့ မြန်မာတစ်နိုင်ငံလုံး၏ အရေးကိုလည်း မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်ကြမည်ဟု အားလုံးက သန္ဓိဋ္ဌာန်ထားရှိဆောင်ရွက်ပါက အောင်မြင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးကို ပျက်ပြားအောင်၊ နှောင့်နှေးအောင် တစ်စုတစ်ဖွဲ့ကသာ ဆောင်ရွက်နိုင်သော်လည်း ငြိမ်းချမ်းရေးအောင်မြင်အောင် အစုအဖွဲ့အားလုံးက လက်တွဲဆောင်ရွက်မည်ဆိုလျှင် အောင်မြင်မည်ဖြစ်သည်။ အားလုံးပူးပေါင်းဆောင်ရွက်လျှင် အောင်မြင်မှုများမလွဲမသွေရရှိမည် ဖြစ်သည်။

အသိုက်အဝန်းတစ်ခုအတွင်းရှိ အစုအဖွဲ့တို့တွင် မတူကွဲပြားသော၊ သဘောထားမတူညီသော အစုအဖွဲ့လည်းရှိမည် ဖြစ်သည်။ ထိုမတူညီမှုသည် ထိုအစုအဖွဲ့အတွက်သာဖြစ်ပြီး အစုအဖွဲ့အားလုံး၊ ပြည်သူ့အားလုံးအတွက် ဆောင်ရွက်မည်ဟု စိတ်ဆန္ဒရှိပါက အပေးအယူအလျှော့အတင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ရယူရမည်ဖြစ်သည်။ မိမိအစုအဖွဲ့အတွက်သာမက အားလုံးအတွက်ဟူသည့်ခံယူချက်ဖြင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်နေကြသည်ဖြစ်၍ လက်တွဲပူးပေါင်းပြုလုပ်ကြရမည် ဖြစ်သည်။

မတ်လ ၁၂ ရက်နေ့က ပြုလုပ်သည့် (၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ – UPDJC အစည်းအဝေးတွင် UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အစုအဖွဲ့အားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အစုအဖွဲ့တစ်ဖွဲ့အနေနဲ့ ကိုယ့်ရဲ့လိုလားချက်တွေကို ရာခိုင်နှုန်းပြည့်ရရှိနိုင်မှာ မဟုတ်ဘူးဆိုတာ သတိချပ်စေချင်ပါတယ်။ ရာခိုင်နှုန်းပြည့် တစ်ရာရာခိုင်နှုန်းလိုချင်တာရမှ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုတဲ့ ခံယူချက်မျိုးနဲ့ စေ့စပ်ညှိနှိုင်းလို့ရနိုင်မှာ မဟုတ်ပါဘူး။ အပေးအယူ၊ အလျှော့အတင်း လုပ်ရဲမှသာ နိုင်ငံရေးစားပွဲဝိုင်းထဲဝင်ဖို့ သင့်လျော်မှာဖြစ်သလို နိုင်ငံရေးစားပွဲဝိုင်းထဲဝင်ထိုင်ပြီးမှတော့ အပေးအယူ၊ အလျှော့အတင်းလုပ်နိုင်အောင် ကြိုးစားဖို့ပဲ ဖြစ်ပါတယ်" ဟု ပြောကြားထားသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် တစ်ကမ္ဘာလုံးကြုံတွေ့နေရသော ကပ်ရောဂါဆိုးကြီးကို ဖြေရှင်းနိုင်ရေးအတွက် မတူကွဲပြားသော ကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့လူမျိုးများအားလုံး ရန်သူ၊ မိတ်ဆွေ၊ ချစ်သူ၊ မုန်းသူ မခွဲခြားဘဲ အတူတကွ လက်တွဲဆောင်ရွက်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံးအရေးဖြစ်သည့် ကပ်ရောဂါဘေးအပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးကို မတူကွဲပြားမှုများ မခွဲခြားဘဲ အားလုံးလက်တွဲဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။ ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
ကြေးမုံ The Mirror Daily Established in 1957
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀۶۷-၃۶၁၂۶၊ စာတည်းအဖွဲ့ ၀۶۷-၃۶၁၂۶၊ ၀۶۷-၃۶၁၃၀၊ ဖက်စ် ၀۶۷-၃۶၁၃၃
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈۶၁၀۶၈၅၅ စီမံ/ဌေစာရင်း ၀၁-၂۹၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂۹၂၈၃၀၊ ကြော်ငြာ ၀၁-၃۹۷၃၃၀၊ ဖက်စ် ၀၁-၂۰၃၃၅

❒ **ရှေ့ဖုံးမှ**

ရပ်ဆိုင်းကာလကို ထပ်မံတိုးမြှင့် သတ်မှတ်သွားမည်ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ စောင့်ကြည့်လူနာနှင့် သံသယလူနာများ၏ သတင်းများ၊ အဆိုပါလူနာများ၏ ဓာတ်ခွဲအဖြေသတင်းများကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိရာ ၁၂-၃-၂၀၂၀ ရက်၊ ည(၁၀)နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိရသေးကြောင်း သိရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောက်လန့်အောင် မမှန်သတင်းဖြန့်ဝေနေသည့် ကောလာဟလများကို မယုံကြည်ကြရန်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန်နှင့် မိမိပတ်ဝန်းကျင်တွင် သံသယလူနာတွေ့ရှိပါက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့ အသိပေးဆောင်ရွက်သွားကြရန် အလေးအနက်ပန်ကြားအပ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းတော်ဝင်မင်းသမီးများဖြစ်ကြသည့် Princess Soamsawali Krom Muen Suddhanarinatha နှင့် Princess Bajrakitiyabha တို့နှင့် တွေ့ဆုံစဉ်။

✪ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စစ်ဆူဖတ်သရာ ဆီမိုင်း သရီဖိတပ်နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။

သီးသန့်တွေ့ဆုံ

အခမ်းအနားမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းတော်ဝင်မင်းသမီးများသည် အဆိုပါဟိုတယ်ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းတော်ဝင်မင်းသမီးများသည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား HIV ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေးဆိုင်ရာ အခမ်းအနားသို့တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိနှင့် မြန်မာပြည်သူများအနေဖြင့် အဆွေတော်မင်းသမီးများက UNAIDS ၏ Goodwill Ambassador များအဖြစ် အာရှပစိဖိတ်ဒေသအတွင်း အိပ်ရှိအိုင်ဗီ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် ဆောင်ရွက်နေမှုများကို လွန်စွာချီးကျူးဂုဏ်ယူပါကြောင်း။

ယနေ့ အခမ်းအနားသည် ယခင်နှစ် နိုဝင်ဘာလက ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီး အစည်းအဝေးကို သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့် နှစ်နိုင်ငံအကြား ရှိနှင့်နေသော အားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကို တော်ဝင်မင်းသမီးနှစ်ပါးက ကမ်းလှမ်းခဲ့ခြင်းမှ ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း။

UNAIDS အဖွဲ့ကိုလည်း အားလုံးမျှော်မှန်းထားသည့် HIV နှင့်ပတ်သက်၍ ရောဂါအသစ်ကူးစက်မှု လုံးဝမရှိရေး၊ ခွဲခြားနှိမ်ချဆက်ဆံမှု လုံးဝမရှိရေး၊ AIDS ကြောင့် သေဆုံးမှု လုံးဝမရှိရေးတို့ ရရှိရေးအတွက် ဦးဆောင်လှုံ့ဆော်ပေးရန်အတွက် ယနေ့ အစည်းအဝေးကို စီစဉ်ဆောင်ရွက်ပေးခြင်းကို ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့နိုင်ငံသည် HIV နှင့်ပတ်သက်လျှင် စိမ်းမနေဘဲ ကမ္ဘာပေါ်တွင် HIV ပိုးရှိ ရှင်သန်သူ ၃၇ ဒသမ ၉ သန်းခန့် ရှိသည့်အနက် ၃ ဒသမ ၈ သန်းသည် အရှေ့တောင်အာရှ နိုင်ငံများတွင် နေထိုင်လျက်ရှိပါကြောင်း။

လျှော့ချနိုင်ခဲ့

နိုင်ငံတော်၏ ဦးဆောင်ပံ့ပိုးမှုဖြင့် HIV ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် ရောဂါအသစ်ကူးစက်မှုကို ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပြီး သေဆုံးမှုကို ၃၅ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပါကြောင်း။

HIV ကူးစက်ဖြစ်ပွားမှုနှင့်ပတ်သက်၍ အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများတွင် အောင်မြင်မှုများကို စောစီးစွာ ရရှိခဲ့ကြောင်း၊ ယင်းကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် သက်သေပြနိုင်ခဲ့ပါကြောင်း။

ပိုမိုအားဖြည့်ဆောင်ရွက်

ART ဆေးကုသမှုလုပ်ငန်းဖြင့် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်သည့် အပြင် သက်တမ်းစေ့ အသက်ရှင်နေထိုင်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ သို့သော် ယခုထက် ပိုကောင်းအောင် ဆောင်ရွက်ရန် လိုအပ်နေသေးပါကြောင်း၊ အထူးသဖြင့် လူငယ်များနှင့် ဦးတည်အုပ်စုများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမီ ရရှိနိုင်စေရန်နှင့် ခွဲခြားနှိမ်ချဆက်ဆံခံရမှုမှ လျော့ကျစေရန် ပိုမိုအားဖြည့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်း အိပ်ရှိအိုင်ဗီ ကာကွယ်ကုသရေး လုပ်ငန်းများ ကျင်းပခဲ့သည့် အာဆီယံထိပ်သီး အစည်းအဝေးကို ကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းတော်ဝင်မင်းသမီးများ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများ၏ HIV ကာကွယ်ရေးဆောင်ရွက်ချက် မှတ်တမ်းပိုစတာပြခန်းအား လှည့်လည်ကြည့်ရှုစဉ်။

Track

Track နိုင်ငံတစ်ခုဖြစ်သည့်အလျောက် ၂၀၃၀ ပြည့်နှစ်တွင် အိပ်ရှိအိုင်ဗီ/အေအိုင်ဒီအက်စ်ကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ်မှ ကင်းစင်ပပျောက်အောင် ဆောင်ရွက်သွားရန်လည်း ရည်မှန်းထားပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ၉၀ ရာခိုင်နှုန်းသော အိပ်ရှိအိုင်ဗီပိုးရှိသူများက ၎င်းတို့၏ အခြေအနေကို သိရှိရန်၊ ၎င်းတို့၏ ၉၀ ရာခိုင်နှုန်းသည် အေအာရ်တီ ဆေးကုသမှုကို လက်လှမ်းမီရရှိပြီး ၎င်းတို့၏ ၉၀ ရာခိုင်နှုန်းသည် ပိုးကောင်ရေထိန်းချုပ်မှုရရှိရန် ရည်မှန်းပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

လျှော့နည်းကျဆင်းလာ

မြန်မာနိုင်ငံအနေဖြင့် သိသာထင်ရှားသော အိပ်ရှိအိုင်ဗီကာကွယ်တားဆီးရေးလုပ်ငန်း အောင်မြင်မှုများ အပေါ် အလွန်ပင်ကျေနပ်အားရမိပါကြောင်း၊ အေအာရ်တီ ဆေးကုသမှုကို တိုးချဲ့ဆောင်ရွက်နိုင်သည့်အတွက် သေဆုံးမှုမှာ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံခန့် လျော့နည်းကျဆင်းလာကြောင်း၊ ထို့ပြင် ပြည်သူလူထုအတွင်း အိပ်ရှိအိုင်ဗီ ဖြစ်ပွားမှုနှုန်းကို ၂၀၀၀ ပြည့်နှစ်တွင် သုည ဒသမ ၉၄ ရာခိုင်နှုန်းမှ ၂၀၁၇ ခုနှစ်တွင် သုည ဒသမ ၆ ရာခိုင်နှုန်း အောက်လျှော့ချနိုင်ခဲ့ပါကြောင်း၊ လက်ရှိအောင်မြင်မှုများနှင့် တင်းတိမ်မနေဘဲ ဆက်လက်ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ထို့ပြင် တော်ဝင်မင်းသမီးများက ထိုင်းနိုင်ငံအတွင်း Thai AIDS Research Center မှ အိပ်ရှိအိုင်ဗီ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မြန်မာနိုင်ငံနှင့် အတွေ့အကြုံဖလှယ်ရန် အဆင်သင့်ဖြစ်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှု (သို့မဟုတ်) သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုများအတွက်လည်း ဝမ်းသာကြိုဆိုပါကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အကျိုးရှိမည်ဟု ယူဆပါကြောင်း။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အိပ်ရှိအိုင်ဗီ ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုသည် နောင်ပေါ်ပေါက်လာနိုင်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တုံ့ပြန်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံသို့ လာရောက်ပြီး မင်းသမီး၏ အာရှပစိဖိတ်ဒေသ အတွင်း အိပ်ရှိအိုင်ဗီ ကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် နှစ်မြှုပ်ဆောင်ရွက်မှုများကို ဖလှယ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုတွေ့ဆုံမှုသည် အောင်မြင်မှုများရရှိရန် ဆုတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းတော်ဝင်မင်းသမီး Princess Soamsawali Krom Muen Suddhanarinatha ကိုယ်စား ထိုင်းတော်ဝင်မင်းသမီး Princess Bajrakitiyabha က ထိုင်းနိုင်ငံ၏ HIV ကာကွယ်ရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ပြန်လည်မျှဝေ

ယင်းနောက် UNAIDS အဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ဒါရိုက်တာ Mr. Eamonn Murphy က မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်မည့် မူးယစ်ဆေးသုံးစွဲသူများအကြားတွင် HIV ကာကွယ်ဆေး တိုက်ကျွေးခြင်း အစီအစဉ် (PrEP)သည် ဒေသတွင်းအတွက် ကောင်းမွန်သော သင်ခန်းစာဖြစ်လာမည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် COVID-19 ရောဂါ ရှာဖွေမှုနှင့်စပ်လျဉ်း၍ ဓာတ်ခွဲဆောင်ရွက်ရာတွင် အကူအညီပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်းနှင့် ထိုင်းနိုင်ငံတွင် မိခင်မှကလေးသို့ HIV ပိုးကူးစက်မှုကာကွယ်ရေး အောင်မြင်မှုအတွေ့အကြုံများကို ပြန်လည်မျှဝေပေးစေလိုကြောင်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ထိုင်းနိုင်ငံ ကြက်ခြေနီအသင်း ဂုဏ်ထူးဆောင်နာယက Dr. Praphan က ထိုင်းနိုင်ငံ ကြက်ခြေနီအသင်း၏ လူထုအခြေပြု HIV ကာကွယ်ရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းတော်ဝင်မင်းသမီးများသည် ပြည်သူလူထုအခြေပြု အဖွဲ့အစည်းများ၏ HIV ကာကွယ်ရေးဆောင်ရွက်ချက် မှတ်တမ်းပိုစတာပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ထိုင်းတော်ဝင်မင်းသမီးများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

သတင်းစဉ်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် မတ် ၁၃

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၄ ဦးရှိသည့်အနက် ၆၃၄ ဦး တက်ရောက်ပြီး ၂၀ ခွင့်တိုင်ကြားသည်။

ဆန္ဒမဲလက်မှတ်(၄)

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၂ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၄)နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကိုဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကဦးတီခွန်မြတ်က ညွှန်ကြားရေးမှူးချုပ်ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ၆၅၅ ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်သည့် ကိုယ်စားလှယ် ၆၃၄ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၂၁ စောင်ကို မိမိထံတွင် ထားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့(၄)ဖွဲ့တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံမှ လာရောက်ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်းအဖွဲ့(၄)ဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှုအင်အားအတိုင်း ခွဲဝေပေးသည်။

လွှတ်တော်ဝန်ထမ်းအဖွဲ့များ ဆန္ဒမဲလက်မှတ်များကို ရေတွက်ကြစဉ်။

ဆန္ဒမဲပေး

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆက်လက်၍ ဆန္ဒမဲပေးမှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာတာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် ဖွင့်လှစ်၍ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့်ဆန္ဒမဲ လက်မှတ်အရေအတွက် အခြေအနေကို စစ်ဆေးရေတွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသည့် ဆန္ဒမဲလက်မှတ် ၆၃၄ စောင်ဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည် ၆၃၄ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်းနှင့် ဆန္ဒမဲပေးမှု အထမြောက်ကြောင်း ကြေညာသည်။

ကြီးကြပ်စောင့်ကြည့်

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့(၈)ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်းရေတွက်ကြရာ နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်အဖွဲ့နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

ဆက်လက်၍ အဖွဲ့(၈)ဖွဲ့ခွဲ၍ အသေးစိတ်စိစစ်ရေတွက်မှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ ရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ်(၅)ဦးပါဝင်သည့် အဖွဲ့ကကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲအရေအတွက် ရာခိုင်နှုန်းတွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့လွှတ်တော်၏အဆုံးအဖြတ်ရယူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲ ရရှိမှုအရေအတွက် ၇၅ ရာခိုင်နှုန်းကျော် ရ၊ မရနှင့် လွှတ်တော်၏ဆုံးဖြတ် အတည်ပြုချက်တို့ကို ကြေညာရာတွင် ပုဒ်မ ၄၂၂ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၃ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၈ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၅ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၆ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း ကြေညာသည်။

မတ် ၁၆ ရက်တွင် ဆက်လက်ဆောင်ရွက်မည်

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ်(၄) အပါအဝင် ပြင်ဆင်ချက်များအားလုံးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ် ပြီးဆုံးပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့်ပုဒ်မ၊ ပုဒ်မခွဲများကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၁)နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက် တနလင်္ဂနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို မတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)
ဓာတ်ပုံ-ထန်းဖုန်

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးစဉ်။

ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် မတ် ၁၃

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၃၅၂ ဦး ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို တက်ရောက်လေ့လာကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၆၈၁၈၇ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက် ကြိုတင်ပေးပို့နိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တက္ကသိုလ်ပြတိုက်အတွက် သမိုင်းဝင်ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၃

ရန်ကုန်တက္ကသိုလ်ပြတိုက်ကော်မတီသည် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်ပွဲတော်၌ ရန်ကုန်တက္ကသိုလ်ပြတိုက် စတင်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော သမိုင်းဝင်ပစ္စည်းများဖြစ်သည့် စာရွက်စာတမ်းများ၊ စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများ၊ ဓာတ်ပုံများ၊ ပန်းချီကားများ၊ ရုပ်ရှင်များ၊ ဗွီစီဒီ/ဒီဗွီဒီများ၊ ဓာတ်ပြားများ၊ ဘွဲ့ဝတ်စုံများ၊ ဘွဲ့လက်မှတ်များနှင့် ဆုတံဆိပ်များ(ပညာရည်ချွန်/ အားကစား)စသည့် အထောက်အထားများကို ရှာဖွေစုဆောင်းလျက်ရှိသည်။

အဆိုပါ သမိုင်းဝင်အထောက်အထားများကို ခေတ္တငှားရမ်းခြင်းနှင့် အပြီးအပိုင် လှူဒါန်းခြင်းတို့ဖြင့် ဝိုင်းဝန်းကူညီပေးကြရန်နှင့် ထိုသို့ငှားရမ်းခြင်း၊ လှူဒါန်းခြင်းတို့ကို ဒေါ်ဆွေဆွေအောင် ဌာနမှူးစီမံ/ဘဏ္ဍာဌာန ရန်ကုန်တက္ကသိုလ် ဖုန်း ၀၁-၇၅၀၅၆၁၂ နှင့် ဒေါက်တာလှိုင်လှိုင်ကြီး ဌာနမှူး(စာကြည့်တိုက်) တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဖုန်း ၀၁-၇၅၃၅၈၄၇ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၁၃

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ (၅) ချက်နှင့်အညီ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲစက်ဝန်းတွင်ပါဝင်သော ကာလသုံးပါးဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောင်းပိုင်းကာလတို့တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များစွာရှိကြောင်း၊ ရွေးကောက်ပွဲအသိပညာပေး လုပ်ငန်းများဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထုအသိပညာပေးခြင်း (Civic Education)နှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်း (Voter Education) များ ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနက အဓိကကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲလက်မှတ်များ ရိုက်နှိပ်ရာတွင် အရည်အသွေးကောင်းမွန်စေရေးနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့်ပူးပေါင်း၍ သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ကို ပြန်လည်ပြင်ဆင်၊ ဖြည့်စွက်ပြီး မကြာမီကာလတွင် ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ ရွေးကောက်ပွဲနေ့ သတင်းရယူနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်ကူညီဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ဆိုရှယ်မီဒီယာ၌ သတင်းအမှားများနှင့် အမုန်းစကားများ ဖြန့်ဝေမှုများကို တားဆီးကာကွယ်ရန်အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ Facebook Team တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထုအသိပညာပေးခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် UEC Facebook Page ကို မကြာမီ ပြန်လည်အသုံးပြုသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထုတ်လွှင့်ဖော်ပြနိုင်ရေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများသိရှိစေရန်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံရခြင်း ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ လှုံ့ဆော်ရေး၊ ပညာပေးရေးနှင့် သတင်းထုတ်ပြန်ရေးများကို နိုင်ငံပိုင် သတင်းမီဒီယာများတွင် ထုတ်လွှင့်ဖော်ပြနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် သတင်းထုတ်ပြန်ရေး Center အဖြစ် အသုံးပြုပြီး မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

နိဂုံးချုပ် အမှာစကားပြောကြား

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တင်ပြသည့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ကော်မရှင်အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၃

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားပြီး ဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများကို တင်ပြရာ တက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆွေးနွေး

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၅) ကြိမ်မြောက် လုပ်ငန်းအစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာသည့် အမှုတွဲများကို စိစစ်ခြင်း၊ ဗဟိုကော်မတီ၏ (၃/၂၀၁၆) အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များ၊ ဗဟိုကော်မတီ၏ (၂၄/၂၀၂၀) အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြန်လည်စိစစ်တင်ပြရန်ကိစ္စရပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် ပြန်ကြားလာသည့် အမှုတွဲများ စိစစ်တင်ပြခြင်းများ၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာခြင်းကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများသည် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ) ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပြီး ပေးဆောင်ရမည့် မြေခွန်များကို ပေးဆောင်ရန်ပျက်ကွက်မှုကို ဥပဒေပုဒ်မ ၂၁ နှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် စီမံခန့်ခွဲရေးကော်မတီတို့မှ အထူးအဖွဲ့ အမည်စာရင်း အဆိုပြုတင်ပြလာသည့် ကိစ္စရပ်များ၊ ယခင်ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများကို ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာခြင်း ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာ တင်သွင်းခြင်းကို စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စရပ်များကို ဆွေးနွေးကြသည်။

လျှောက်ထားရယူရန် လိုအပ်

ထို့ပြင် ယခင်ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်နှင့် ဒေသအာဏာပိုင်ခွင့်ပြုချက်တို့ဖြင့် မြေရယူထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် ထိုစဉ်ကာလက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့သို့လည်းကောင်း၊ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း၌ အဆိုပါ ဥပဒေအရလည်းကောင်း၊ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်လျှောက်ထားရယူရမည် ဖြစ်သော်လည်း လျှောက်ထားရယူခဲ့ခြင်းမရှိပါက အဆိုပါမြေပေါ်တွင် မည်မျှပင် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိစေကာမူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစာရင်း၌ ရှိနေသေးသည်ဖြစ်၍ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်သူများ အနေဖြင့် လျှောက်ထားရယူရန် လိုအပ်ကြောင်း သိရသည်။

သတင်းစဉ်

ထိုင်းတော်ဝင်မင်းသမီး Soamsawali Krom Muen Suddhanarinatha နှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မတ် ၁၃

မြန်မာ–ထိုင်း နှစ်နိုင်ငံအကြား HIV ကာကွယ်ရေးအစီအစဉ် တိုးမြှင့်ရေးဆိုင်ရာ အဆင့်မြင့် အစည်းအဝေး တက်ရောက်ရန် ထိုင်းတော်ဝင်မင်းသမီး Princess Soamsawali Krom Muen Suddhanarinatha နှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၅၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံမှ နေပြည်တော်သို့ ရောက်ရှိကြသည်။

ထိုင်းတော်ဝင်မင်းသမီးနှင့် အဖွဲ့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ်ဆူဖတ်သရာ ဆီမိုင်းသရီ ဖိတပ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

ကိုယ့်နိုင်ငံထဲသူရောက်ခဲ့ရင်

စုဒွေးရှင် (ဆေး-၁)

ယခုကမ္ဘာတစ်ဝန်းမှာ ကူးစက်ပျံ့နှံ့နေတဲ့ တရုတ်နိုင်ငံ ဝူဟန်မြို့က အစပြုသိရှိခဲ့တဲ့ COVID-19 ကူးစက်ရောဂါဟာ ယနေ့အထိ နိုင်ငံပေါင်း ၁၀၀ ကျော်မှာ ရောဂါပိုးတွေ့ရှိသူပေါင်း တစ်သိန်းကျော်နဲ့ သေဆုံးသူ ၄၀၀၀ ကျော်သွားပြီဆိုတာ ပြည်သူအများစုတော့ သိရှိနေပြီ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ ဒီနေ့အထိ သံသယရှိလို့ စောင့်ကြည့်နေတဲ့ လူနာတွေထဲက ဓာတ်ခွဲစစ်ဆေးကြည့်တဲ့သူအားလုံးမှာ ကိုရိုနာဗိုင်းရပ်စ် COVID-19 ပိုး မတွေ့ဘူးဆိုတဲ့အဖြေ ထွက်ထားတဲ့အတွက် ဒီနိုင်ငံထဲကိုရောဂါပိုးရှိတဲ့လူနာမရှိသေးဘူးလို့ ယေဘုယျကောက်ချက်ချရတဲ့သဘောရှိပါတယ်။

ပြင်ဆင်တုံ့ပြန်

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကတည်းက တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားကာ ကူးစက်ပျံ့နှံ့ခဲ့တဲ့ ဒီကူးစက်ရောဂါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံဟာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလဆန်းကတည်းက ပြင်ဆင်တုံ့ပြန်မှုတွေ စတင်ဆောင်ရွက်ခဲ့တာဖြစ်လို့ အခုဆိုရင် ကျွန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ထမ်းတွေ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ရုန်းကန်တိုက်ပွဲဝင်နေတာ နှစ်လကျော် ရှိခဲ့ပြီဖြစ်ပါတယ်။

ကပ်ရောဂါလို့မြန်မာလိုဘာသာပြန်ကြတဲ့ Outbreak တွေဟာ ကျွန်မတို့နိုင်ငံမှာ ရိုက်ခတ်ခံစားခဲ့ကြဖူးပါတယ်။ အသက်ရှူလမ်းကြောင်းကိုထိခိုက်တဲ့ တုပ်ကွေးရောဂါတွေလည်း မကြာခဏ ကြုံတွေ့ကြရလို့ အဆန်းမဟုတ်တော့ပါဘူး။ ဒါပေမယ့်..... ဒါပေမယ့်ပေါ့လေ။

COVID-19 လို့ နာမည်ပေးထားတဲ့ ဒီဗိုင်းရပ်စ်ကောင်လေးကတော့ နည်းနည်းထူးခြားတယ်။ အရင်သူနဲ့ အုပ်စုတူတဲ့ ကိုရိုနာဗိုင်းရပ်စ်တွေထက် ပိုကူးစက်မြန်ပြီး ဖြစ်နှုန်းပိုများတော့ ကြောက်ဖို့လည်းကောင်းတယ်။ သေဆုံးတာကတော့ အသက်အရွယ်ကြီးရင့်သူတွေ အများစုဖြစ်တယ်လို့ လောလောဆယ်တွေ့ရပေမယ့် ပြောင်းလဲနိုင်သေးတာပါပဲ။ သူဟာ လူသားတွေရဲ့ ခန္ဓာကိုယ်ထဲကို ရောဂါဖြစ်စေအောင် ကူးစက်ဝင်ရောက်ပုံမှာ အသစ်အသစ်တွေ၊ ထူးဆန်းတာတွေ အများကြီးရှိပါတယ်။ ရိုးရိုးတုပ်ကွေးလို ကာကွယ်ဆေးလည်း မရှိသေးသလို မသိသေးတာတွေများနေတဲ့ သုတေသနတွေလည်း လုပ်ဆဲဗိုင်းရပ်စ်မို့ ကျွန်မတို့တစ်တွေ ယခင် ယခင်ထက် ပိုပြီးသတိထားကိုင်တွယ် ရင်ဆိုင်တွန်းလှန်ကြဖို့ လိုပါမယ်။

လက်ရှိအခြေအနေအရ ရောဂါစတင်ဖြစ်ပွားတဲ့ epicentre ဝူဟန်မှာ လူနာအသစ်တွေနည်းသွားပြီ။ အဲဒီဒေသက ပြည်သူလူထုကြားမှာ ရောဂါခုခံနိုင်စွမ်း Herd immunity တွေတက်လာပြီ၊ ဒီလို ကြားရတာ ဝမ်းသာရမှာပေမယ့် ဒါဟာ နောက်ကျပါတယ်၊ ကြာပါတယ်လို့ ကျွန်မကတွေးမိပါတယ် ။ သုံးလကျော်လောက် ဝူဟန်အပါအဝင် ဟူပေခရိုင်ကို မွေ့နှောက်သွားခဲ့လိုက်တာလူ တစ်သိန်းလောက်ရောဂါဖြစ်၊ ၃၀၀၀ ကျော်သေတဲ့ ကိန်းဂဏာန်းရဲ့နောက်ကွယ်မှာ ဆုံးရှုံးရင်းနှီးမှုတွေ အတိမ်အနက် အလွန့်အလွန်များပြားနက်ရှိုင်းပါတယ်။

သူတို့ဆီက ကျန်းမာရေးဝန်ကြီးဌာန ဗဟို၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေ၊ ရှေ့တန်းစစ်မျက်နှာမှာ လူနာတွေကိုကုသပြုစုရတဲ့ ဆရာဝန်၊ သူနာပြုနဲ့ ဆေးရုံဝန်ထမ်းတွေ၊ ဆေးနဲ့ဆေးပစ္စည်း၊ ဆေးရုံစီမံခန့်ခွဲရသူတွေ၊ ဒေသဆိုင်ရာအာဏာပိုင်တွေ၊ အထူးသဖြင့် လူနာနဲ့ လူနာရှင်တွေကိုယ်တိုင် ဘယ်လောက်တောင် ဆိုးရွားပြင်းထန်မှုတွေ၊ ပင်ပန်းဆင်းရဲမှုတွေ၊ လူအား၊ ငွေအား အဘက်ဘက်က ဘယ်လောက်တောင် ခံစားခဲ့ရ၊ ရိုက်ခတ်ခံခဲ့ရမလဲဆိုတာ လူသားချင်းစာနာစိတ်နဲ့ မှန်းဆကြည့်လို့ ရနိုင်ပါတယ်။ငွေကြေးတတ်နိုင်တဲ့၊ စီးပွားရေးကောင်းတဲ့ နိုင်ငံတွေဆိုတော့လည်း ပြန်လည်နာလန်ထူတာတော့ မြန်ပါလိမ့်မယ်။

အခုထက်ထိ ဆေးရုံတွေပေါ်မှာ ဆေးကုသပေးနေရတဲ့ အသည်းအသန်လူနာတွေရှိတုန်း၊ အဲဒီ အသည်းအသန် လူနာတွေထဲက နောက်ထပ်သေဆုံးမှုတွေ ထပ်ရှိလာနိုင်တုန်း အခြေအနေ ဖြစ်ပါတယ်။ ရောဂါဖြစ်တဲ့ အချိန်ကကြာသလို ဆေးရုံတက်ရတဲ့ကာလဟာ နှစ်ပတ်ကနေ သုံးပတ်အထိ ကြာတာတွေရှိခဲ့တာမို့ ဆေးရုံဝန်ထမ်း၊ ဆေးနှင့် ဆေးပစ္စည်း၊ ကာကွယ်ရေးပစ္စည်းတွေ လိုအပ်ချက် များပြားလှသလို ဒီကပ်ရောဂါစဖြစ်ပြီး ဖြစ်ပွားမှု ဟိုးထိပ် အမြင့်ဆုံးအထိ အများဆုံးရောက်ပြီး တဖြည်းဖြည်း ပြန်ကျချိန်ဟာ သုံးလကျော်လောက်ကြာမြင့်တဲ့ ကာလအတွင်းမှာ အတော်အထိနာခဲ့တယ်လို့ပြောရမယ့် ရောဂါပါပဲ။

ဒီ ဗိုင်းရပ်စ်ဟာ အစက တရုတ်အပြင် အခြားနိုင်ငံ ၂၀ ကျော်လောက်ကိုသာ ရောက်ရှိကူးစက်ခဲ့ရာကနေ ရက်သတ္တသုံးပတ်လောက်အတွင်းမှာ စုစုပေါင်း နိုင်ငံ ၁၀၀ ကျော်ကို ရောက်ရှိလာခဲ့တာမို့ တရုတ်မှာ မီးညွှန့်ကျိုးတဲ့အချိန်မှာ ကျန်တဲ့ကူးစက်ခံနိုင်ငံတွေကတော့ အခုမှ စပြီး မီးစလောင်တဲ့ သဘောဖြစ်လာတာပါ။ အခု ဖြစ်လာတဲ့ နိုင်ငံတွေကိုကြည့်ရင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေ စီးပွားရေးတောင့်တင်းခိုင်မာသလို ကျန်းမာရေးစနစ်လည်း အားကောင်းခိုင်မာတဲ့၊ ဆေးပစ္စည်းကိရိယာတွေ ပြည့်စုံလုတဲ့ နိုင်ငံကြီးတွေမှာလည်း စိုးရိမ်ပူပင်စွာရင်ဆိုင်ကြတာ၊ ပြည်သူတွေလည်း စိတ်ပူကြတာ တွေ့ရပါတယ်။ အီတလီနဲ့ အီရန်နိုင်ငံတို့မှာ သေနှုန်းအတော်များပြီး အမေရိကန်မှာလည်း ဒီဗိုင်းရပ်စ်ကို လျှော့တွက်ပြီး တုံ့ပြန်မှု နှေးကွေးလိုက်တာ လူနာ(case) တွေများပြီး ပြည်သူတွေ ဝေဖန်လာကြတာ တွေ့ရပါတယ်။

အစွန်းတရားတွေ

ကျွန်မတို့ တိုင်းပြည်က ပြည်သူတွေလည်း အလွန်စိုးရိမ်ကြ၊ ပူပင်ကြတာတွေ ရှိကြတာပေါ့။ တချို့လည်း မပူကြ၊ မကြောက်ကြပါဘူး၊ ဒီလို အစွန်းတရားတွေကလည်း ကျွန်မတို့အတွက် မဟုတ်သေးပါဘူး.. ။ အလွန်တရာ ကြောက်ရွံ့ခြင်း မဖြစ်သင့်ပေမယ့် သတိထားအလေးမူရမယ့် ပြည်သူတွေဟာ ဒီသတင်းတွေကို စိတ်ဝင်တစားစောင့်ဖတ်ကြတာ၊ ကျန်းမာရေးဝန်ထမ်းတွေရဲ့ လုပ်ငန်းတာဝန်ဝတ္တရားတွေကို ပိုနားလည်လာကြတာ ဝမ်းသာဖို့ကောင်းပါတယ်။ တကယ်တမ်းတော့ ဒီကူးစက်ရောဂါဖြစ်ပြီဆိုရင် အားလုံးသိရှိကြတဲ့အတိုင်း ပြည်သူ့ဆေးရုံတွေ၊ အဲဒီကမှ သတ်မှတ်ထားတဲ့ ကူးစက်ဆေးရုံတွေကို လိုအပ်သလို လွှဲပြောင်းကုသမှုခံယူကြရပါတယ်။ ဆင်းရဲ၊ ချမ်းသာ မဟူ၊ ကျေးလက်/မြို့နယ်မရွှေး နေထိုင်သူတွေအားလုံးဟာ ပုဂ္ဂလိကဆေးရုံတွေ၊ ပြည်ပနိုင်ငံတွေကို သွားရောက်ဆေးကုသလို့မဖြစ်နိုင်ဘဲ ပြည်သူ့ဆေးရုံတွေကိုသာ အားကိုးကြရမှာ ဖြစ်ပါတယ်။

ကျွန်မတို့လို ဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံငယ်တွေ၊ အရင်းအမြစ်(ကျန်းမာရေးဘဏ္ဍာငွေ၊ ဆေးပစ္စည်း၊ ကိရိယာ၊ ကျွမ်းကျင်ပညာရှင်) တွေ ကန့်သတ်ချက်ရှိတဲ့၊ အားနည်းတဲ့ နိုင်ငံအဖို့ မဖြစ်ခင်ကြိုတင်ကာကွယ်တာဟာ အကောင်းဆုံးမို့ ကာကွယ်ခြင်းနည်းလမ်းမျိုးစုံကို ဝိုင်းဝန်းစဉ်းစားအဖြေရှာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ သူများတကာဆီက ကူးစက်ဝင်ရောက်လာနိုင်မှာတွေကို ဘက်ပေါင်းစုံက ကာနိုင်သလောက် ကာဖို့လိုပါတယ်။ ဒါ့အပြင် အခြားနိုင်ငံတွေရဲ့ သုတေသနအရ ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိနေနိုင်တာဟာ လူ ၁၀၀ မှာ ၂၀ လောက်ရှိနိုင်တာမို့ ရောဂါပိုးရောက်ရှိနေနိုင်တယ်လို့ ယူဆပြီး ရောဂါကူးစက်နိုင်မယ့် အခွင့်အလမ်းတွေကို ရှောင်ရှားခြင်းသည်သာ အကောင်းဆုံးပါပဲ။

ပြည်သူလူထုရဲ့ နောက်တာဝန် တစ်ခုကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဟာ ဆေးရုံတွေမှာ လိုအပ်တဲ့ ဆေးဝါး/ဆေးပစ္စည်းတွေ ဖြည့်တင်းပြင်ဆင်တဲ့အလုပ်တွေ လုပ်နေပြီ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတွေ ကူညီကြတာတွေလည်း တွေ့ရပါတယ်။ ဒီကနေ့ကြေးတတ်နိုင်သူတွေ၊ လုပ်အားတတ်နိုင်တဲ့ ပညာရှင်တွေဟာ ဒီအချိန်မှာ ဝိုင်းဝန်းကူညီကြရတော့မှာပါ။ ဘယ်သူ့ကိုမဆို ဆင်းရဲ၊ ချမ်းသာမရွေး ကူးစက်ဖြစ်ပွားနိုင်တဲ့ ရောဂါအတွက် နိုင်ငံ့ကျန်းမာရေး၊ ပြည်သူအများရဲ့ ကျန်းမာရေးအတွက်လို့ ကျွန်မတို့အားလုံး ဝိုင်းဝန်းစဉ်းစားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်း လုပ်ကိုင်တဲ့သူတွေဟာလည်း ခုအချိန်မှာ ပြည်သူအများကြီးရဲ့ ကျန်းမာရေး၊ အသက်နဲ့ ငွေကြေးအကျိုးအမြတ်ကို ချိန်ထိုးစဉ်းစားဖို့လိုပါမယ်။ ဒါဟာလူ့ကျင့်ဝတ်နဲ့လည်း ညီပါတယ်။ အချို့ကိစ္စတွေဆို ငွေကြေးအကုန်အကျ သိပ်မများလှပါဘူး။ ဥပမာ ဈေးဝယ်စင်တာရဲ့ လှေကားလက်ရန်းတွေကို ပုံမှန်အရက်ပြန်နဲ့ သန့်စင်တာမျိုး၊ လူတွေ လက်သန့်စင်ဖို့ Hand Sanitizer ထားပေးတာမျိုး၊ ကျန်းမာရေးဌာနက ဖြန့်ဝေတဲ့ ပိုစတာ၊ လက်ကမ်းစာစောင်တွေကို ပြည်သူတွေကို တစ်ဆင့်ဖြန့်ဝေတာမျိုး၊ လုပ်ငန်းတွေရပ်တန့်ရမှာ၊ စီးပွားရေး ထိခိုက်တာမျိုးတွေ အတွက်လည်း အဓိကထား စိတ်မပူဘဲ ရောဂါကာကွယ်ရေးနဲ့ ဖြစ်လာရင် တစ်တပ်တစ်အား ကူညီဖို့စဉ်းစားသင့်ပါတယ်။ အခုအချိန်မှာ နည်းနည်းဆုံးရှုံးမှာစိုးရင် ဒီထက်ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်လာနိုင်တဲ့အတွက် ဆင်ခြင်ကြဖို့ လိုပါမယ်။ လုပ်ငန်းတွေ နှောင့်နှေးလို့ စားဝတ်နေရေး ထိခိုက်မယ့် အခြေခံလူတန်းစားတွေအတွက် ဘယ်လိုစီမံဆောင်ရွက်ပေးမလဲ ဆိုတာမျိုးတွေကို သက်ဆိုင်ရာအုပ်ချုပ်သူတွေနဲ့ ကြိုတင်ညှိနှိုင်း ပြင်ဆင်ထားတာမျိုးတွေလည်း လုပ်ထားသင့်ပါတယ်။

ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းကြီးတွေ၊ အစိုးရမဟုတ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ အဖွဲ့အစည်းတွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအပြင် ဆေးကုသမှု ဝန်ဆောင်မှုပေးနေတဲ့ အခြားဝန်ကြီးဌာနတွေရဲ့ အားကိုလည်း ဒီကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ဝိုင်းဝန်းစုပေါင်း ကူညီပံ့ပိုးပေးသင့်တယ်လို့ မြင်မိပါတယ်။

ဒီရောဂါကြီးဟာ ကမ္ဘာ့ကပ်ရောဂါလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ် ၁၁ ရက်က ကြေညာခဲ့ပြီး ကမ္ဘာ့တိုက်ကြီးတွေအနှံ့ ပျံ့နှံ့ဖြစ်ပွားနေတဲ့ အခုအချိန်မှာ နိုင်ငံအများရဲ့ စုပေါင်းအားနဲ့ ချိတ်ဆက်၊ သတင်းအချက် အလက်တွေ မျှဝေ၊ ဒေသတွင်းနိုင်ငံတွေ စည်းရုံးစွာဆောင်ရွက်၊ လိုအပ်တဲ့ နိုင်ငံဒေသကို တတ်နိုင်တဲ့နိုင်ငံက ဝိုင်းဝန်းဖြည့်ဆည်းပံ့ပိုးဆိုတဲ့ စုပေါင်းအားနဲ့ တွန်းလှန်ကြရမှာပါ။

ကျွန်မတို့ နိုင်ငံအနေနဲ့ကတော့ အစိုးရ၊ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပြည်သူလူထုတစ်ရပ်လုံး အားလုံးရဲ့ အင်အားနဲ့ စုပေါင်းညီညာ ဆောင်ရွက်မှ ဒီရောဂါပိုးကို တွန်းလှန်နိုင်မှာပါ။ လိုအပ်ချက်တွေ၊ ကွဲပြားခြားနားမှုတွေအတွက် အပြစ်တင်မနေကြဘဲ အားလုံးရဲ့ နောက်ဆုံးပန်းတိုင်ဟာ ကိုယ်ကိုယ်တိုင်၊ ကိုယ့်မိသားစု၊ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်နိုင်ငံထဲက ပြည်သူတွေ ရောဂါကူးစက်မခံရဖို့၊ ရောဂါကြောင့် သေဆုံးမှု အနည်းဆုံးဖြစ်စေဖို့ဆိုတာ တွေးကြစေချင်ပါတယ်။ ဖြစ်လာရင် နောက်ဆက်တွဲခံစားရမယ့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်က ဆိုးကျိုးအလွန်များနိုင်လို့ပါ။

ကျန်းမာရေးဌာနမှာလည်း အုပ်ချုပ်သူတွေ၊ ပြည်သူ့ကျန်းမာရေးဆရာဝန်တွေ၊ ကုသရေးပိုင်းက ဆရာဝန်တွေ၊ ဓာတ်ခွဲဆိုင်ရာပညာရှင်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ အားလုံးဟာ ဒီအချိန်မှာ သူ့ဌာန၊ ကိုယ့်ဌာနရယ်လို့ ဌာနစွဲ၊ သူ့အလုပ်၊ ကိုယ့်အလုပ် ဘာမှမခွဲခြားဘဲ တစ်ယောက်ရဲ့အလုပ်ကို တစ်ယောက်က စာနာနားလည်စိတ်နဲ့ ဖေးဖေးမမ အတူတူဖြည့်ဆည်းပြီး စည်းလုံးစွာ ဆောင်ရွက်ကြမှသာ ပိုပြီးထိရောက်အောင်မြင်နိုင်မယ်လို့ မြင်မိပါတယ်။ ပြည်သူ့အများထဲမှာလည်း အစွဲတွေကင်းပြီး မှန်ကန်တဲ့ အသိဉာဏ်တွေနဲ့ မိမိတို့ရဲ့တာဝန်တွေကို ကျေပွန်ဖို့ လိုပါတယ်။

ကျွန်မရဲ့ စာစုကတော့ စာရေးတတ်တဲ့ ပြည်သူတစ်ယောက်ရဲ့ အတွေးမျှသာပါပဲ။ ပညာရှင်တွေ ပိုပြီးသိရှိကြမှာပါ။

"ဒီကပ်ရောဂါကြီးလည်း အမြန်ဆုံး ထိန်းချုပ်နိုင်ပါစေ။

ကျွန်မတို့ တိုင်းပြည်လည်း ချမ်းသာရာရပါစေ။ ထိခိုက်မှု အနည်းဆုံး ဖြစ်ပါစေလို့"

(စည်းလုံးညီညာခြင်းဖြင့် ဝိုင်းဝန်းတွန်းလှန်ရာ၏။
အသိဉာဏ်ပညာဖြင့် ဆောင်ရွက်အောင်မြင်ရာ၏)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဟာ ဆေးရုံတွေမှာ လိုအပ်တဲ့ ဆေးဝါး/ဆေးပစ္စည်းတွေ ဖြည့်တင်းပြင်ဆင်တဲ့အလုပ်တွေ လုပ်နေပြီ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတွေ ကူညီကြတာတွေလည်း တွေ့ရပါတယ်။ ငွေကြေးတတ်နိုင်သူတွေ၊ လုပ်အားတတ်နိုင်တဲ့ ပညာရှင်တွေဟာ ဒီအချိန်မှာ ဝိုင်းဝန်းကူညီကြရတော့မှာပါ။ ဘယ်သူ့ကိုမဆို ဆင်းရဲ၊ ချမ်းသာမရွေး ကူးစက်ဖြစ်ပွားနိုင်တဲ့ ရောဂါအတွက် နိုင်ငံ့ကျန်းမာရေး၊ ပြည်သူအများရဲ့ ကျန်းမာရေးအတွက်လို့ ကျွန်မတို့အားလုံး ဝိုင်းဝန်းစဉ်းစား ဆောင်ရွက်ကြရမှာ ဖြစ်

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ရိုက်ခတ်မှုဆိုင်ရာ သုံးပွင့်ဆိုင်အစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၃

ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID-19) ရိုက်ခတ်မှုကြောင့် ရင်ဆိုင်နေရသည့် အခက်အခဲ အကျပ်အတည်းများအပေါ် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများဆွေးနွေးနိုင်ရေး သုံးပွင့်ဆိုင်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မျက်ခြည်မပြတ် စောင့်ကြည့်

အစည်းအဝေးတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေက ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID-19)နှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ရိုက်ခတ်မှုကြောင့် စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားနှင့် အလုပ်ရှင်များအပေါ် သက်ရောက်နိုင်မှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ အခြားနိုင်ငံများတွင် ဖြစ်ပေါ်နေသော အခြေအနေများကိုလေ့လာပြီး အလုပ်ရှင်၊ အလုပ်သမားများအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်စီမံမှုများ ပြုလုပ်နေပါကြောင်း၊ လက်ရှိအခြေအနေတွင် COVID-19 နှင့်ဆက်စပ်၍လည်းကောင်း၊ ကုန်ကြမ်းပြတ်တောက်မှုနှင့် အခြားအကြောင်းတစ်ခုကြောင့်လည်းကောင်း ဇန်နဝါရီလမှ မတ် ၁၀ ရက်အထိ အပြီးပိတ် ရုစ်ရုံ၊ ယာယီပိတ် ခြောက်ရုံနှင့် လုပ်သားအင်အားလျှော့ချမှု နှစ်ရုံရှိခဲ့ပြီး လုပ်သားအင်အား ၃၄၁၃ ဦးကို ငွေကြေးအကျိုးခံစားခွင့်များ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါကာလအတွင်း အထည်ချုပ်စက်ရုံ ၁၈ ရုံ၊ အိတ်ချုပ်စက်ရုံ ၁၁ ရုံ၊ ဖိနပ်စက်ရုံ လေးရုံနှင့် အခြားစက်ရုံ ၃၆ ရုံ စုစုပေါင်း ၆၉ ရုံ အသစ်ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် အလုပ်သမား ၁၁၅၁၁ ဦးကို အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

မတ် ၁၁ ရက်တွင် ကျင်းပခဲ့သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ညီလာခံ အစည်းအဝေးတွင် COVID-19 ရိုက်ခတ်မှုကြောင့် စက်ရုံ၊ အလုပ်ရုံများ၌ လုပ်သားအင်အားလျှော့ချမှု၊ ယာယီပိတ်သိမ်းမှု၊ အပြီးပိတ်သိမ်းမှု၊ အချိန်ပိုမလုပ်ကိုင်နိုင်၍ လုပ်ခလစာလျော့နည်းမှု၊ စက်ရုံအလုပ်ရုံများ၌ ပိတ်ဆို့ဆန္ဒပြမှု၊ လုပ်ငန်းရှင်များက လစာထုတ်ပေးရန် အခက်အခဲကြုံတွေ့မှုများကြောင့် မလိုလားအပ်သည့်ဖြစ်စဉ်များ မဖြစ်ပွားစေရေး အလုပ်သမား၊ အလုပ်ရှင်များ နှစ်ဦးနှစ်ဖက် အကျိုးမယုတ်စေရေး စဉ်းစားသုံးသပ်ဆောင်ရွက်ရန် မှာကြားခဲ့ပါကြောင်း။

ဆွေးနွေး

ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနအလိုက် လက်ရှိအလုပ်အကိုင်အခွင့်အလမ်းများ တည်တံ့ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ တိုးပွားလာရေး၊ ကိုရိုနာဗိုင်းရပ်စ်ရိုက်ခတ်မှုကြောင့် နောက်ဆက်တွဲ စီးပွားရေးကျဆင်းမှုကို ကုစားနိုင်ရေးနှင့် စက်ရုံ၊ အလုပ်ရုံများတွင် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများနှင့်စပ်လျဉ်း၍ အလုပ်သမားများ၊ အလုပ်ရှင်များ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရေး၊ Stay Home Leave နှင့်စပ်လျဉ်း၍ အကြံပြုချက်များပေးရေး၊ ဝန်ကြီးဌာနမှ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်၍မရနိုင်သောကိစ္စရပ်များကို အလုပ်သမား၊ အလုပ်ရှင် နှစ်ဦးနှစ်ဖက် မိသားစုစိတ်ဓာတ်ဖြင့် အပြန်အလှန်နားလည်ယုံကြည်မှုရှိစွာဖြင့် ဝန်ကြီးဌာနနှင့်အတူ ပူးပေါင်း၍ လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လက်ရှိဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ရိုက်ခတ်မှုကြောင့် ရင်ဆိုင်နေရသည့် အခက်အခဲ အကျပ်အတည်းများကို ဝိုင်းဝန်းပူးပေါင်းဖြေရှင်းရာတွင် ပကတိအခြေအနေအမှန်ကို မှန်မှန်ကန်ကန် စိစစ်သုံးသပ်၍ အလုပ်သမား၊ အလုပ်ရှင် နှစ်ဦးနှစ်ဖက် အပြုသဘောဆောင်သည့် စုပေါင်းဆွေးနွေးညှိနှိုင်း သဘောတူညီချက်များရယူပြီး အချိန်ကာလတစ်ခုအထိ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်ရှင် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက COVID-19 ရောဂါ ရိုက်ခတ်မှုကြောင့် ရင်ဆိုင်နေရသည့် အခက်အခဲအကျပ်အတည်းများအပေါ် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။ **သတင်းစဉ်**

သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ဗဟိုဘဏ်အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ်တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ (၁၂-၃-၂၀၂၀) ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၁/၂၀၂၀)ကို ထုတ်ပြန်ခဲ့ပါသည်။

ယခုအခါ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိရောက်မြန်ဆန်စွာ အကျိုးသက်ရောက်မှု ရရှိနိုင်စေရန်အတွက် ညွှန်ကြားချက်အမှတ် (၁/၂၀၂၀)၏ အကျိုးသက်ရောက်မည့်ရက်ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့အစား ၂၀၂၀ ပြည့်နှစ် ၊ မတ်လ ၁၆ ရက်နေ့အဖြစ် ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်

အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှု နှိုင်းယှဉ်ချက်

စဉ်	လအမည်	၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်			၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်		
		ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း	ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း
၁	အောက်တိုဘာ	၅၂၆၄၇	၂၁၀၀၅	၇၃၆၅၂	၉၁၈၃၆	၂၇၅၉၀	၁၁၉၄၂၆
၂	နိုဝင်ဘာလ	၇၇၄၉၈	၂၁၄၈၂	၉၈၉၈၀	၁၁၅၈၉၈	၂၇၄၈၈	၁၄၃၃၈၆
၃	ဒီဇင်ဘာလ	၈၂၄၇၄	၁၉၅၃၈	၁၀၂၀၁	၁၂၇၉၅၀	၂၄၉၆၇	၁၅၂၉၁
၄	ဇန်နဝါရီလ	၉၃၁၂၅	၁၈၆၈၉	၁၁၁၈၁၄	၁၂၃၆၂	၂၆၀၃၂	၁၄၉၆၅၄
၅	ဖေဖော်ဝါရီလ	၁၀၂၀၁၆	၂၄၆၁	၁၂၆၆၂၈	၄၆၈၇၉	၂၁၉၄၈	၆၈၈၂၇
	စုစုပေါင်း	၄၀၇၇၆၀	၁၀၅၃၂၆	၅၁၃၀၈၆	၅၀၆၁၈၅	၁၂၈၀၂၅	၆၃၄၂၀

အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှု နှိုင်းယှဉ်ချက်

စဉ်	အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ	၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ		၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ		မှတ်ချက်
		ကမ္ဘာလှည့်	လုပ်ငန်း	ကမ္ဘာလှည့်	လုပ်ငန်း	
၁	ရန်ကုန်လေဆိပ်/ရေဆိပ်	၆၃၇၇၅	၁၇၄၂၀	၃၅၂၃၁	၁၃၇၃၃	
၂	မန္တလေးလေဆိပ်	၂၆၃၉၉	၅၇၂၄	၅၇၃၅	၂၄၀၀	
၃	နေပြည်တော်လေဆိပ်	၃၈၅	၃၈၃	၁၇၂	၁၁၄	
၄	မြိတ်လေဆိပ်	၀	၀	၀	၀	
၅	တာချီလိတ်	၇၆၀၀	၃၃၁	၂၃၆၁	၁၁၄	
၆	မြဝတီ	၁၇၃၁	၆၃၆	၁၉၈၂	၅၄၄၁	
၇	ကော့သောင်း	၁၄၆၀	၇၄	၈၀၇	၆၀	
၈	ထီးခီး	၃၉၄	၂၂	၁၁၉	၂၃	
၉	တမူး	၂၆၄	၂၀	၄၆၂	၃၇	
၁၀	ရိခေါဒါရ်	၈	၂	၁၀	၂၆	
	စုစုပေါင်း	၁၀၂၀၁၆	၂၄၆၁၂	၄၆၈၇၉	၂၁၉၄၈	

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဧလ**

မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၃

မြန်မာ–တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

ဝိုင်းဝန်းအကြံပြုဆွေးနွေး

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နှစ်နိုင်ငံပူးတွဲညှိနှိုင်းရေးကော်မတီ၊ ပူးတွဲအကောင်အထည်ဖော်မှုကော်မတီ၊ ပူးတွဲအုပ်ချုပ်မှုကော်မတီများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်ရေးအတွက် ဆွေးနွေးအကြံပြုကြရန်၊ မူဆယ် – ရွှေလီ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်နှင့်ပတ်သက်သော မူဘောင်သဘောတူစာချုပ် ဆွေးနွေးမှုလုပ်ငန်းစဉ်များ လျင်မြန်တိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာပါ ဆွေးနွေးမှုလုပ်ငန်းစဉ်များ တိုးတက်စေရေးအတွက် လိုအပ်

သည်များ ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းသုံးခုဖြစ်သော မြစ်ကြီးနား စီးပွားရေးဇုန်၊ ဝိုင်းမော်မြို့မှ ၁၃ ကီလိုမီတာအကွာတွင် ဆောင်ရွက်မည့် ကုန်စည်ဖလှယ်ရေးဇုန်၊ ကန်ပိုက်တီ စီးပွားရေးဖွံ့ဖြိုးမှုဇုန်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဦးအောင်ထူးက ဇန်နဝါရီ ၁၈ ရက်တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော မြန်မာ–တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်ဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)အရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာ–တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက မြန်မာ–တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် နှစ်နိုင်ငံ သဘောတူညီချက်များအရ ဖွဲ့စည်းတာဝန်ပေးအပ်ရမည့် နှစ်နိုင်ငံပူးတွဲကော်မတီများတွင် မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်ရန် လျာထားမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ထားဝယ်ခရိုင်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၁၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် ယနေ့နံနက် ၈ နာရီတွင် ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ထားဝယ်တက္ကသိုလ်၊ ထားဝယ်နည်းပညာတက္ကသိုလ်၊ ထားဝယ်ကွန်ပျူတာတက္ကသိုလ်၊ ထားဝယ်ပညာရေးကောလိပ်နှင့် ထားဝယ်နည်းပညာအထက်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆရာ ဆရာမများနှင့် ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားနေမှသာ နိုင်ငံ၏ ပညာရေးအရည်အသွေးမြင့်မားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ အရည်အသွေးတိုးတက်ရေးကို စဉ်ဆက်မပြတ်

ကြိုးပမ်းဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ ထို့ပြင် ဒေသအကျိုးပြု သုတေသနလုပ်ငန်းနှင့် ဘွဲ့သင်တန်းများ ဖွင့်လှစ်လိုပါက စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လိုအပ်ချက်များကို နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေအရ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသားအရေအတွက် တိုးတက်လာမှုကြောင့် ဆရာလိုအပ်ချက်ဖြည့်ဆည်းရာတွင် ဒေသခံများထဲမှ ထူးချွန်သူများကို ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားရ၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ကမြောကင်း)၊ ထားဝယ်မြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ကလိန်အောင်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း(ဝဲပုံ)များ၌ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာ ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု တို့ကို ကြည့်ရှုအားပေးသည်။ **သတင်းစဉ်**

တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာနများအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဖြေဆိုသူပေါင်း ၉၀၉၂၂၂ ဦးရှိ

နေပြည်တော် မတ် ၁၃

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့အဖြစ် သင်္ချာဘာသာရပ်ကို ယနေ့တွင် ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ၁၅ ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၉၈၄ ခု၊ စာစစ်ဌာနစုစုပေါင်း ၁၉၉၉ ခုတွင် ဖြေဆိုသူပေါင်း ၉၀၉၂၂၂ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သင်္ချာဘာသာရပ်

တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၉၀၉၂၂၂ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၂၅ ဦး၊ အမြင်အာရုံမသန်စွမ်းဖြေဆိုသူ ၃၀၊ အကြားအာရုံမသန်စွမ်းဖြေဆိုသူ ၂၂ ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၇၀၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၁၈၉ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၂၅ ဦးရှိကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြုစာရင်း

ဘာသာရပ်- သင်္ချာ

ရက်စွဲ- ၁၃-၃-၂၀၂၀

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	စာစစ်ဌာန အရေအတွက်	စာရင်းရှိ			ဖြေဆို			မဖြေဆိုသည့် ရာခိုင်နှုန်း	ပျက်ကွက်			ပျက်ကွက် ရာခိုင်နှုန်း	မှတ်ချက်
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း		ကျား	မ	ပေါင်း		
၁	ကချင်	၇၆	၁၆၆၇	၂၂၈၃	၃၈၅၀	၁၅၂၀	၂၂၈၃	၃၈၀၃	၀.၆၅	၁၄၇	၁၁၆	၂၆၃	၆.ဝ၅	
၂	ကယား	၂၀	၀၂၁၃	၅၂၇	၈၄၀	၂၉၀	၅၁၀	၈၂၀	၀.ဝ၅	၃	၂	၅	၆.ဝ၅	
၃	ကရင်	၅၀	၈၃၉၃	၁၃၈၅	၂၂၂၇	၇၅၂	၁၄၀၂	၂၈၈၅	၆.ဝ	၈၆	၇၆	၁၆၃	၇.၃၃	
၄	ချင်း	၄၂	၆၁၅	၈၀၈	၁၄၁၃	၅၀၅	၇၀၃	၁၂၀၀	၈.ဝ	၁၀	၁၈	၃၈	၃.ဝ	
၅	စစ်ကိုင်း	၂၄၀	၅၄ဝ၆	၃ဝ၀၁	၁ဝ၀၆၆	၅ဝ၉၈	၃ဝ၅၂	၁၂၅၅	၉.ဝ	၃	၁	၄	၆.ဝ	
၆	တနင်္သာရီ	၄၈	၉ဝ၄	၁၆ဝ	၁၂ဝ	၈ဝ	၁	၈၁	၃.ဝ	၂	၁	၃	၆.ဝ	
၇	ပဲခူး	၀၇	၃ဝ၆	၆ဝ	၃	၃	၀	၃	၀.ဝ	၀	၀	၀	၀.ဝ	
၈	မကွေး	၂၈	၄,၂၄၅	၅,ဝ	၅,ဝ	၄,ဝ	၅	၄,ဝ	၀.ဝ	၀	၀	၀	၀.ဝ	
၉	ဧရာဝတီ	၂၀	၅,ဝ	၂,ဝ	၇,ဝ	၅,ဝ	၂,ဝ	၇,ဝ	၀.ဝ	၀	၀	၀	၀.ဝ	
၁၀	မွန်	၆၆	၁,ဝ	၁,ဝ	၂,ဝ	၁,ဝ	၁,ဝ	၂,ဝ	၀.ဝ	၀	၀	၀	၀.ဝ	
၁၁	ရခိုင်	၁,၂	၂,ဝ	၂,ဝ	၄,ဝ	၂,ဝ	၂,ဝ	၄,ဝ	၀.ဝ	၀	၀	၀	၀.ဝ	
၁၂	ရန်ကုန်	၂,၂	၆,ဝ	၇,ဝ	၁၃,ဝ	၅,ဝ	၆,ဝ	၁၂,ဝ	၇.ဝ	၁	၀	၁	၈.ဝ	
၁၃	ရှမ်း	၁,ဝ	၂,ဝ	၃,ဝ	၅,ဝ	၂,ဝ	၂,ဝ	၄,ဝ	၂۔	၀	၀	၀	၀.ဝ	
၁၄	ဧရာဝတီ	၂,ဝ	၅,ဝ	၅,ဝ	၁ဝ,ဝ	၅,ဝ	၅,ဝ	၁ဝ,ဝ	၀.ဝ	၀	၀	၀	၀.ဝ	
၁၅	နေပြည်တော်	၅	၁,ဝ	၁,ဝ	၂,ဝ	၁,ဝ	၁,ဝ	၂,ဝ	၀.ဝ	၀	၀	၀	၀.ဝ	
၁၆	နိုင်ငံခြားစာစစ်ဌာန	၁၅	၄	၉	၁၃	၄	၉	၁၃	၀.ဝ	၀	၀	၀	၀.ဝ	
	စုစုပေါင်း	၁၉၉၉	၄,၂၅၄,ဝ	၅,ဝ	၉,ဝ	၉,ဝ	၅,ဝ	၁,ဝ	၀.ဝ	၀	၀	၀	၀.ဝ	

အထူးအစီရင်ခံစာတင်သွင်းသူများအနေဖြင့် စိတ်ရင်းမှန်ဖြင့် ဘက်လိုက်မှုမရှိဘဲ ဓမ္မမိဌာန်ကျကျ ပြုမူဆောင်ရွက်ရန် လိုအပ်ကြောင်း မြန်မာအမြဲတမ်းကိုယ်စားလှယ် တိုက်ပြန်ပြောကြား

နေပြည်တော် မတ် ၁၃

ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် (၄၃)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းအဝေးကာလအတွင်း မတ် ၁၀ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့် အပြန်အလှန်ဆွေးနွေးမှု၌ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက သက်ဆိုင်ရာနိုင်ငံအနေဖြင့် တုံ့ပြန်ပြောကြားမှုများ ပြုလုပ်ခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ်က ပြောကြားရာ၌ ဒီမိုကရေစီခရီးလမ်းကြောင်းတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ဒဂ်ီးပြားတစ်ခု၏ မျက်နှာစာနှစ်ဖက်ကဲ့သို့ပင် မုချယှဉ်တွဲလျက်ရှိကြောင်း အလေးအနက်ပြောကြားကာ မြန်မာအစိုးရအနေဖြင့် ၂၀၁၆ ခုနှစ်စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက အကန့်အသတ်များကြားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန်ရှုံးတည်တံ့သည့် အလုံးစုံငြိမ်းချမ်းရေးရရှိရေး အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံ စုဝေးနေထိုင်လျက်ရှိကြောင်း သို့ဖြစ်ရာ မတူကွဲပြားသည့် အသိုက်အဝန်းအားလုံး၏ ယဉ်ကျေးမှုနောက်ခံနှင့် ထူးခြားသည့် သမိုင်းကြောင်းများကို နားလည်မှုမရှိဘဲ မိမိ၏သဘောထားအမြင် ဇာတ်ကြောင်း(narrative)ကို အခြေခံ၍ သုံးသပ်ကောက်ချက်ချခြင်းသည် အသိုက်အဝန်းများအကြား ပိုမိုအထင်လွဲမှားမှုများ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ကောင်းမွန်သည့်ရလဒ်များရရှိခဲ့မှုနှင့် ယခုနှစ် ပထမလေးလတာကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံစတုတ္ထအစည်းအဝေးကို ကျင်းပရန်လျာထားမှုတို့အား အသိပေးပြောကြားခဲ့သည်။

ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ကြိုးပမ်းမှုနှင့် စပ်လျဉ်း၍ မြန်မာအမြဲတမ်းကိုယ်စားလှယ်က UNDP နှင့် ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေး ဦးဆောင်ဦးရွက်ပြုဆောင်ရွက်မှု (Business and Human Right Initiatives) နှင့် OECD နှင့် Myanmar Centre for Responsible Business တို့နှင့်ပူးပေါင်း၍ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များကို မြှင့်တင်ရေးတို့အပါအဝင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုရပ်ဝန်းဖြစ်ရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေး အကာအကွယ်ပေးရေးတို့အကြား ဟန်ချက်ညီမှုရှိရေး အစိုးရ၏ဆောင်ရွက်နေမှုအချို့ကို မီးမောင်းထိုးပြသခဲ့သည်။

ဆက်လက်၍ အမြဲတမ်းကိုယ်စားလှယ်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကြမ်းအား လွှတ်တော်သို့ တင်ပြထားမှုအပါအဝင် နိုင်ငံတွင်း၌ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုအခြေအနေကို အသိပေးပြောကြားခဲ့သည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၅ ရက်ကတည်းက လွှတ်တော်တွင် ၂၀၁၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအဆိုအား အကြိတ်အနယ် ဆွေးနွေးလျက်ရှိကြောင်း၊ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ရည်မှန်းချက်ရရှိရေး၊ အကောင်အထည်ဖော်ရေးကို မိမိတို့အနေဖြင့် သန္နိဋ္ဌာန်ချထားကြောင်း၊ သို့ရာတွင် အချိန်အတိုင်းအတာလိုအပ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ် နောင်းပိုင်းတွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် online နှင့် offline တွင် သတင်းအမှားများနှင့် အမုန်းပွားဖွယ်စကားများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် သက်ဆိုင်ရာတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းအပါအဝင် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို အသိပေးပြောကြားခဲ့ပြီး အခွင့်အရေးနှင့် တာဝန်ခံမှု၊ တာဝန်ယူမှု၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုနှင့် အမုန်းစကားများ မပြန့်ပွားရေး အကြား ဟန်ချက်ညီမှုရှိရန် အရေးကြီးသည်ကို သတိပြုရမည်ဖြစ်ကြောင်း ထောက်ပြပြောကြားခဲ့သည်။

နေရပ်စွန့်ခွာသူများ ပြန်လည်လွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ အမြဲတမ်းကိုယ်စားလှယ်က ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၏ စိုးရိမ်ပူပန်မှုများကို နားလည်ကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လွှဲပြောင်းရေးလုပ်ငန်းစဉ် တရားဝင်စတင်ခြင်းမရှိသေးသော်လည်း မိမိဆန္ဒအလျောက် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ရခိုင်ပြည်နယ်သို့ နေရပ်ပြန်လာသည့်သူ ၃၀၀ ကျော်ရှိပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များအား အတိအကျလိုက်နာရေး ထပ်မံတောင်းဆိုခဲ့ကာ ရခိုင်ပြည်နယ်အတွင်း UNDP၊ UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အသိပေးပြောကြားခဲ့သည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က အထူးအစီရင်ခံစာတင်သွင်းသူများ အနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေတိုးတက်ရေး အကြံပြုရာတွင် စိတ်ရင်းမှန်ဖြင့် ဘက်လိုက်မှုမရှိဘဲ ဓမ္မမိဌာန်ကျကျပြုမူကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အထူးအစီရင်ခံစာတင်သွင်းသူများအနေဖြင့် လုပ်ငန်းကျင့်ဝတ်များကို တိကျစွာလိုက်နာစောင့်ထိန်းပြီး ပညာရှင်ဆန်ဆန် သက်ဆိုင်သူများအားလုံး၏ ပြောကြားချက်များကို နားထောင်ရန်မှာလည်း များစွာပဓာနကျကြောင်း ထောက်ပြပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအတွက် သမိုင်းတွင် နောက်ထပ်အဆင့်တစ်ခုကို အကောင်အထည်ဖော်ရေး ရှေ့ဆက်ဆောင်ရွက်နေစဉ်တွင် အပြုသဘောမဆောင်သည့် လုပ်ရပ်များ၊ အရေးယူဒဏ်ခတ်သည့် ဆောင်ရွက်မှုများ၊ မလိုမုန်းထားပြုမူမှုများသည် နိုင်ငံရှိ မတူကွဲပြားသည့် အသိုက်အဝန်းများ အကြား စည်းလုံးမှုပြိုကွဲစေရန်နှင့် ယုံကြည်မှုမရှိဖြစ်စေရန်ကိုသာ ဦးတည်နေသော အဟန့်အတားများဖြစ်ကြောင်းကို သတိပြုရန်အရေးကြီးကြောင်း အလေးအနက် ပြောကြားခဲ့သည်။ **သတင်းစဉ်**

COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများ ပိုမိုပါဝင်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၃

COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများ ပိုမိုပါဝင်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနခွဲ၌ ကျင်းပသည်။

စတင်၍လုပ်ဆောင်ခဲ့

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့ အစည်းအဝေးကို တက်ရောက်လာကြသော မြန်မာနိုင်ငံဆိုင်ရာ သံရုံးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် ဝန်ကြီးဌာန၏ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သိရှိနိုင်စေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာစေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါစတင်ဖြစ်ပွားမှုသတင်းများရရှိပြီးနောက် ဇန်နဝါရီ ၁ ရက်မှစတင်၍ လုပ်ဆောင်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က COVID-19 ရောဂါအား ကမ္ဘာ့လုံးဆိုင်ရာ အရေးပေါ်ပြည်သူ့ကျန်းမာရေးအခြေအနေ (Public health emergency of international concern) အဖြစ်သတ်မှတ်ကြေညာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ ဆောင်ရွက်ရန်အချက်များကို တိုက်တွန်းပြောကြားခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထိုသို့မကြေညာမီကတည်းက အဆိုပါအချက်များကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မိမိတို့နိုင်ငံအပါအဝင် ရောဂါကူးစက်ပျံ့နှံ့မှုမရှိသေးသော နိုင်ငံများအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို အကြံပြုထားချက်များသည် ဝန်ကြီးဌာနမှ ဆောက်ရွက်နေသည့် လုပ်ငန်းများနှင့် ကိုက်ညီပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုအထိ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာမတွေ့ရှိရသေးသော်လည်း လူနာတစ်ဦး ဝင်ရောက်လာပါက အခြားသူများထံ ကူးစက်ပြန့်ပွားကာ ရုတ်တရက်ရောဂါဖြစ်ပွားမှုများများပြားလာနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မိမိတို့၏ ပြည်သူတစ်ဦးတစ်ယောက်မျှ ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရန်နှင့် အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် ပြတ်သားစွာ ဆုံးဖြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများထံသို့ COVID-19 ရောဂါ သတင်းအချက်များကို ကွယ်ဝှက်ထားခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှ ဆိုင်ရာဌာန(ရန်ကုန်)တွင် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရန် စက်ပစ္စည်းကိရိယာများ ယခင်ကတည်းကရှိပြီးဖြစ်၍ ရောဂါပိုးသစ်ကို စစ်ဆေးရန် Primers, Probes နှင့် Reagents များကို ဂျပန်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများထံမှ ပုံပိုးမှုကို လက်ခံရရှိခဲ့ပြီးနောက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထိုသို့စစ်ဆေးရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းနှင့် အဖြေများကိုက်ညီတူညီခဲ့ပြီး ဖြစ်သဖြင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ပညာရှင်များက ကိုယ်တိုင်သီးခြားလွတ်လပ်စွာ ဓာတ်ခွဲစစ်ဆေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ ဆေးရုံပိုင်းဆိုင်ရာ ကုသရေးလုပ်ငန်း ကြိုတင်ပြင်ဆင်မှုများဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကိုလည်း မွမ်းမံပြုစုဖြန့်ဝေခဲ့ပါကြောင်း။

ရှုထောင့်ပေါင်းစုံမှ ဆွေးနွေးသုံးသပ်

ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ အစည်းအဝေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဗဟိုအဆင့်ညှိနှိုင်းအစည်းအဝေးနှင့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းမှုအစည်းအဝေးများ ပြုလုပ်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍လည်းကောင်း၊ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများ video conferencing များဖြင့် ချိတ်ဆက်၍လည်းကောင်း ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ရှုထောင့်ပေါင်းစုံမှ ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ဆောင်ရွက်နေပါကြောင်း။

ထို့အပြင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ထိရောက်မှုရှိစေရန်အတွက် ကပ်ရောဂါဗေဒ ရှုထောင့်သုံးသပ်ဆန်းစစ်မှုအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့၏ ဆေးရုံပိုင်းကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့၊ နိုင်ငံတကာဝင်၊ ထွက်ဂိတ်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်နေပြီးဖြစ်ကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားဆောင်ရွက်နေသည့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ကျေးဇူးတင်ရှိ အသိအမှတ်ပြုပြုကြောင်း၊ ပြည်သူ့ကျန်းမာရေး အတိုင်းအတာတစ်ခုအထိ ကျေနပ်မှုရှိပြီး ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများမှ ပံ့ပိုးဆောင်ရွက်မှုများ ပေးအပ်စေလိုပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးဝန်ကြီးများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ဆက်လက်လုပ်ဆောင်နေပါကြောင်း။

စနစ်တကျချိတ်ဆက်

ယခုကဲ့သို့ အရေးပေါ်ကျန်းမာရေးပြဿနာနှင့် ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ ကုသရေးပညာရှင်များနှင့် teleconference နှင့် video conference များ ပုံမှန်ပြုလုပ်၍ လုပ်ငန်းဦးတည်ချက်တူညီစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ လုပ်ဆောင်လျက်ရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းနှင့် အားဖြည့်ဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယခု COVID-19 ရောဂါ ကမ္ဘာတွင်ဖြစ်ပွားမှုဖြစ်စဉ်များ၊ မိမိတို့၏ ရောဂါကာကွယ် ထိန်းချုပ်မှုလုပ်ငန်းတွင် မျိုးဆက်သစ်ပညာရှင်များအတွက် လေ့လာနိုင်ရန် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း မှတ်တမ်း(document) များစနစ်တကျထားရှိခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တို့တွင် ပြန်လည်သင်ကြားဆွေးနွေးခြင်းတို့ လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

ယခုအစည်းအဝေးသို့ တက်ရောက်လာသူ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မိမိတို့နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေး အတွေ့အကြုံကောင်းများ မျှဝေပေးအပ်စေလိုပါကြောင်း၊ ဝန်ကြီးဌာနသည် နိုင်ငံတကာကျန်းမာရေးဝန်ကြီးဌာနများ၏ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအရာရှိများနှင့် သတင်းပေးပို့ချိတ်ဆက်မှုများဆောင်ရွက်ကာ ပြည်ပတွင် ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့ပြီး ပြည်တွင်းသို့ ဝင်ရောက်ခဲ့သူများအား ရှာဖွေ၍ အသွားအလာကန့်သတ်ခြင်း (quarantine)ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ထိရောက်စေရေး၊ ပြည်သူများ ရောဂါကာကွယ်ရေးနည်းလမ်းများ သိရှိစေရေးတို့အတွက် ကျန်းမာရေးအသိပညာပေး နှိုးဆော်ခြင်းလုပ်ငန်းများ မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပူးပေါင်းပါဝင်

ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းစွာဖြင့် အကြံပြုခြင်း၊ ဆွေးနွေးခြင်းများ လုပ်ဆောင်စေလိုပါကြောင်း၊ အဖွဲ့အစည်းများ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီသည့် ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမိုးခိုင်၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်စိုးထက်တို့က COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆေးရုံပိုင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ လှုပ္ပဒါန်းလက်ခံရရှိမှုနှင့် ရောဂါဖြစ်ပွားခြင်း ကာကွယ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တို့ကို သက်ဆိုင်ရာကဏ္ဍအလိုက်တင်ပြကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ ပထမအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးနှင့် ဗြိတိန်နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ Public Health England၊ အလှူရှင်အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ထောက်ပံ့ပေးမည့် အစီအစဉ်များကို အကြံပြုဆွေးနွေးကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် သတင်းထုတ်ပြန်ကြေညာချက်အမှတ်(၀၁/၂၀၂၀)

၂၀၂၀ခုနှစ်၊ မတ်လ (၁၃) ရက် ဆန်စပါးဈေးကွက်အခြေအနေထုတ်ပြန်ချက်

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အနေဖြင့် ကမ္ဘာ့နိုင်ငံအများစုတွင် ဖြစ်ပေါ်နေသည့် Coronavirus (COVID-19) အား ကမ္ဘာ့ကပ်ရောဂါ(pandemic)အဖြစ် သတ်မှတ်ကြေညာခဲ့သဖြင့် ပြည်သူလူထုအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ ကာကွယ်မှုများနှင့် စားနပ်ရိက္ခာအသုံးအဆောင်များ ဝယ်ယူစုဆောင်းမှုများကို ပြုလုပ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

၂။ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်အနေဖြင့် လတ်တလောအခြေအနေတွင် ပြည်တွင်းဆန်စပါးဈေးကွက်တည်ငြိမ်စေရေးအတွက် နိုင်ငံတော်အစိုးရဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဖြစ်သည့် ဆန်စပါးကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ဖြန့်ဖြူးရောင်းချသူများ၊ ကုန်စည်ဒိုင်များ၊ ပြည်ပတင်ပို့သည့် Exporters များနှင့်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းလျက်ရှိပြီး ပြည်တွင်းဈေးကွက်အခြေအနေ တည်ငြိမ်စေရန်နှင့် ဖူလုံမှုရှိစေရန် ဦးစားပေး၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားချိန်တွင် COVID-19 ၏ နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေမှုနှင့် ပြည်တွင်း/ပြည်ပဈေးကွက်များအပေါ် သက်ရောက်မှုကို အသင်းချုပ်အနေဖြင့် နေ့စဉ်လေ့လာသုံးသပ်ကာ တိုင်းဒေသကြီး/ပြည်နယ်ဒေသအသီးသီးရှိ ပုဂ္ဂလိကလုပ်ငန်းရှင် ကုန်သည်/စက်ပိုင်များ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း၍ ပြည်တွင်းဈေးကွက်တည်ငြိမ်စေရေးနှင့် ပြည်တွင်းစားဆန် ဖူလုံစေရေးအလို့ငှာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်ပတင်ပို့ရောင်းချမှုကိုလည်း Exporter များနှင့် ညှိနှိုင်းပြီး စနစ်တကျစီမံဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအားတင်ပြအကြံပြုသွားမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အစိုးရနှင့် အချို့သော အဖွဲ့အစည်းများတွင်လည်း အရန်ဆန်စီစဉ်ထားမှုရှိပါသည်။ လက်တလောအခြေအနေတွင် ပြည်တွင်းဖြန့်ဖြူးရောင်းချနေသည့် ကုန်သည်စက်ပိုင်များ၊ ကုမ္ဂဏီများအနေဖြင့်လည်း ပစ္စည်းမှန်၊ ဈေးနှုန်းမှန်စွာဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိသဖြင့် စိုးရိမ်ပူပန်ရမည့် အခြေအနေမဟုတ်ပါကြောင်းနှင့် ထူးခြားသော လိုအပ်မှု(သို့မဟုတ်) အခက်အခဲများရှိပါက နောက်ဆက်တွဲပါအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

နောက်ဆက်တွဲ

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်
သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၀၁/၂၀၂၀)
၂၀၂၀ ခုနှစ်၊ မတ်လ (၁၃)ရက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
ဖုန်း ၀၁-၂၃၀၁၁၅ ~ ၂၉၊ ၀၁ -၂၁၈၂၆၆ ~ ၆၈
အမှတ်(၂၉)၊ အခန်း (၉၀၁-၉၀၃)၊ UMFCCI (၉)လွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း
ဖုန်း ၀၉-၅၀၂၉၆၉၂၊ ၀၉-၅၁၂၄၄၁
အမှတ်(၁၀၀)၊ ဝါးတန်းလမ်း၊ ကွန်ကရစ်အမြန်လမ်းမကြီးဘေး၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း
ဖုန်း ၀၁-၂၁၆၆၅၈ ~ ၅၉
အမှတ်(၂၉)၊ အခန်း (၈၀၄)၊ UMFCCI၊ (၈)လွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဝါးတန်းကုန်စည်ဒိုင်
ဖုန်း ၀၉-၅၀၂၉၆၉၂၊ ၀၉-၅၁၂၄၄၁
အမှတ်(၁၀၀)၊ ဝါးတန်းလမ်း၊ ကွန်ကရစ်အမြန်လမ်းမကြီးဘေး၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

ဘုရင့်နောင်ကုန်စည်ဒိုင် ဖုန်း ၀၁-၆၈၆၁၄၇
၆(၁)၊ ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မန္တလေးကုန်စည်ဒိုင်
ဖုန်း ၀၉-၂၀၃၁၀၄၇
၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ရွှေဘိုကုန်စည်ဒိုင် ဖုန်း ၀၉-၂၀၁၄၈၇၉၊ ၀၉-၂၁၀၀၆၁၂
အမှတ်(၄)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၁၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာ (၁၁) ဦး ရှိခဲ့ပြီး သက်ဆိုင်ရာ ဆေးရုံများတွင် သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။ ၎င်းတို့ထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ပါသည်။ **(ဇယား -၁)**

ဇယား -၁

COVID-19 ရောဂါ စောင့်ကြည့်လူနာ/ သံသယလူနာများ၊ ဆေးရုံတွင်နေစဉ်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စဉ်	အသက်	လိင်	နေထိုင်ရာနေရာ	ဆေးရုံတက်ရောက်ကုသခံနေရသည့် ဆေးရုံ	ဆေးရုံတက်ရောက်ကုသခြင်းအတွက် ကိုယ်တိုင်လာရောက်ခဲ့သည့် ရက်စွဲ	ကိုယ်တွေ့ရောဂါလက္ခဏာ ပေါ်ပေါက်ခဲ့သည့် ရက်စွဲ	ကိုယ်တွေ့ရောဂါလက္ခဏာ ပေါ်ပေါက်ပြီး ဆေးရုံတက်ခဲ့ရသည့် ရက်စွဲ	COVID-19 ရောဂါကူးစက်ခံရသည့် ဆေးရုံ/ ရက်စွဲ	ကူးစက်ခံရသည့် အကြောင်းရင်း	ကူးစက်ခံရသည့် နေရာ	ယခုအခြေအနေ
၁	၄၃ နှစ်	လူကြီး	ရန်ကုန်မြို့	Kanagawa	၁၄-၃-၂၀၂၀	၁၄-၃-၂၀၂၀	ကျွန်တော်	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၂	၃၉ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၃	၂၄ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၄	၃၈ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၅	၃၁ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၆	၄၁ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၇	၃၁ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၈	၄၃ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၉	၃၈ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၀	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၁	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၂	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၃	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၄	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၅	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၆	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၇	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၈	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၁၉	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၂၀	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်
၂၁	၃၅ နှစ်	လူကြီး	ကန်တော်ကြီး ခရိုင်	ကျွန်တော်တို့ဆောင်ကြီး ချွေမိမိဆောင်ပေါ်ရှိပြီး	ကျောက်ဆိုင်ခရိုင်၊ ဘန်ကောတစ်	၁၆-၃-၂၀၂၀	ကပ်ရောဂါ ဝေးရာ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကျွန်တော်နေထိုင်ရာ ဆေးရုံ	ကောင်းမွန်

၃။ ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ (၁၃-၃-၂၀၂၀) ရက်နေ့၊ နံနက် (၇:၃၀) နာရီအချိန်တွင် ဆိုက်ရောက်လာသော မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) လေယာဉ်တွင် ပါရှိသည့် ခရီးသည် (၅၄) ဦးအနက် COVID-19 ကူးစက်ဖြစ်ပွားမှု ပြင်းထန်နေသည့် ဒေသများဖြစ်သည့် Daegu မြို့မှ (၁) ဦး၊ Gyeonju မြို့မှ (၃) ဦး၊ Jimju မြို့မှ (၁) ဦးနှင့် Gimhae မြို့မှ (၂) ဦး၊ စုစုပေါင်း မြန်မာနိုင်ငံသား (၇) ဦးတို့အား တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် Hospital Quarantine အဖြစ်ထားရှိ၍ လည်းကောင်း၊ အခြားဒေသများမှ လာရောက်သူ မြန်မာနိုင်ငံသား (၄၃) ဦးနှင့် နိုင်ငံခြားသား (၄) ဦး စုစုပေါင်း (၄၇) ဦးအား Home Quarantine နှင့် Hotel Quarantine အဖြစ်လည်းကောင်း (၁၄) ရက်ခွဲခြားထားရှိ၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၅။ (၁၃-၃-၂၀၂၀) ရက်နေ့တွင် ဆေးရုံများ၌ထားရှိ၍ အသွားအလာကန့်သတ်မှု (Hospital Quarantine) ပြုလုပ်ထားသော တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ မြန်မာနိုင်ငံသား (၇) ဦးနှင့် မန္တလေးတိုင်းဒေသကြီး၊ ကန်တော်နဒီဆေးရုံမှ နိုင်ငံခြားသား (၁) ဦး စုစုပေါင်း (၈) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၆။ ယနေ့ (၁၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ ဓာတ်ခွဲအဖြေ စောင့်ဆိုင်းဆဲ လူနာ (၆) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိပါသည်။

၇။ (၁၃-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာမတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၁၈) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဇယား -၂

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးပြီးမှုအခြေအနေ

(၁၃-၃-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

စဉ်	အသက်	လိင်	နေရပ်လိပ်စာ	ဆေးကုသနေဆဲပုံလွှာကိန်းသည့် ဆေးရုံ	ဆေးရုံ ဓာတ်ပုံရောက်သည့် ရက်စွဲ	COVID-19 ဓာတ်ခွဲ အဖြေ
၁	၆၅ နှစ်	လူကြီး	ရန်ကုန်တိုင်းဒေသကြီး ဃလာရုံမြို့နယ်	ပြောက်ဝဲဥဏ္ဍကောပြည်သူ့ဆေးရုံကြီး	၁၂-၃-၂၀၂၀	ဆေးတွေ့ခြင်း
၂	၄၉ နှစ်	လူကြီး	ကူးနန်ခရိုင်၊ Kanagawa	ဝေတောင်အရေးကူဆေးရုံ	၁၂-၃-၂၀၂၀	ဆေးတွေ့ခြင်း
၃	၂၄ နှစ်	မ	ဧရာဝတီတိုင်းဒေသကြီး၊ ကမ်းပြိုမြို့နယ်	ကြို့ဝပ်တိုက်နယ်ဆေးရုံ	၀၁-၃-၂၀၂၀	ဆေးတွေ့ခြင်း
၄	၃၁ နှစ်	လူကြီး	မန္တလေးတိုင်းဒေသကြီး၊ မဟာမြေမယ်ရပ်ကွက်၊ ကမ်းတော်နဒီ ဆေးရုံ	ကမ်းတော်နဒီ ဆေးရုံ	၁၂-၃-၂၀၂၀	ဆေးတွေ့ခြင်း
၅	၂၁ နှစ်	လူကြီး	မန္တလေးတိုင်းဒေသကြီး၊ မဟာမြေမယ်ရပ်ကွက်၊ ကမ်းတော်နဒီ ဆေးရုံ	ကမ်းတော်နဒီ ဆေးရုံ	၁၂-၃-၂၀၂၀	ဆေးတွေ့ခြင်း
၆	၂၂ နှစ်	လူကြီး	မန္တလေးတိုင်းဒေသကြီး၊ မဟာမြေမယ်ရပ်ကွက်၊ ကမ်းတော်နဒီ ဆေးရုံ	ကမ်းတော်နဒီ ဆေးရုံ	၁၂-၃-၂၀၂၀	ဆေးတွေ့ခြင်း
၇	၂၁ နှစ်	လူကြီး	ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့	လားရှိုးပြည်သူ့ဆေးရုံကြီး	၁၂-၃-၂၀၂၀	ဆေးတွေ့ခြင်း
၈	၆၈ နှစ်	လူကြီး	နေပြည်တော်မြို့နယ် ရွှမ်းပြည်နယ် (မြောက်ပိုင်း)	လားရှိုးပြည်သူ့ဆေးရုံကြီး	၁၀-၃-၂၀၂၀	ဆေးတွေ့ခြင်း
၉	၆၀ နှစ်	လူကြီး	မန္တလေးတိုင်းဒေသကြီး၊ ဆောင်မြေသာစံမြို့နယ်	ကမ်းတော်နဒီ ဆေးရုံ	၁၂-၃-၂၀၂၀	ဆေးတွေ့ခြင်း
၁၀	၂၆ နှစ်	လူကြီး	မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကုန်းမြို့နယ်	ကမ်းတော်နဒီ ဆေးရုံ	၁၂-၃-၂၀၂၀	ဆေးတွေ့ခြင်း
၁၁	၃၁ နှစ်	လူကြီး	မန္တလေးတိုင်းဒေသကြီး၊ ကမ်းတော်နဒီ ဆေးရုံ	ကမ်းတော်နဒီ ဆေးရုံ	၁၂-၃-၂၀၂၀	ဆေးတွေ့ခြင်း
၁၂	၄၈ နှစ်	လူကြီး	မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်	မုဆယ်ပြည်သူ့ဆေးရုံ	၁၀-၃-၂၀၂၀	ဆေးတွေ့ခြင်း

■ ဈေးကွက်အတွင်းမှ

ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် စိုးရိမ်စိတ်များဖြင့် စားသောက်ကုန်ပစ္စည်းများကို သူ့ထက်ငါဦးစွာ ဝယ်ယူမှုများရှိသည့်အနက် ဆန်စပါးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်က "မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် လတ်တလောအခြေအနေတွင် ပြည်တွင်း ဆန်စပါးဈေးကွက် တည်ငြိမ်စေဖို့ နိုင်ငံတော်အစိုးရဌာနတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေဖြစ်တဲ့ ဆန်စပါးကုန်သည်တွေ၊ ဆန်စက်လုပ်ငန်းရှင်တွေ၊ ဆန်ဖြန့်ဖြူးရောင်းချသူတွေ၊ ကုန်စည်ဒိုင်တွေ၊ ပြည်ပတင်ပို့တဲ့ Exporters တွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပြည်တွင်းဈေးကွက်အခြေအနေ တည်ငြိမ်စေဖို့နဲ့ ဖူလုံမှုရှိစေဖို့ ဦးစားပေးညှိနှိုင်းနေပါတယ်" ဟု ပြောကြားသည်။

"အခု လက်ရှိ ဆန်တစ်အိတ်ကို ငွေကျပ် ၅၀၀၀၀ ပေါက်တဲ့ ဆန်က ငွေကျပ် ၅၃၀၀၀ ကနေ ငွေကျပ် ၅၅၀၀၀ အထိ တင်ရောင်းတာတွေ ကျွန်တော်တို့ကြားရတယ်။ အခြေခံစားသုံးတဲ့ဆန်တွေဖြစ်တဲ့ ၃၀၀၀၀ ဆိုတဲ့ဟာတွေကလည်း ငွေကျပ် ၃၃၀၀၀၊ ငွေကျပ် ၃၂၀၀၀ တွေ ဈေးဖြစ်ကုန်တယ်လို့ပြန်ကြားနေရတယ်။ ရပ်ကွက်တွေမှာ ချက်ချင်းလက်ငင်း တစ်ရက်၊ နှစ်ရက်အတွင်း တင်ရောင်းကြတယ်။ ကျွန်တော်တို့ ကုန်သည်တွေအနေနဲ့ လက်ထဲမှာရှိတဲ့ ဆန်ကို တက်ရောင်းစရာအကြောင်းမရှိပါဘူး။ ခုချိန်မှာ ဝယ်မယ်ဆိုလည်း လွန်ခဲ့တဲ့ ငါးရက်က ဈေးအတိုင်းဝယ်လို့ရပါတယ်" ဟု ဦးစိုင်းကျော်က ပြောသည်။

လက်ရှိအခြေအနေတွင် ပြည်သူများ စိုးရိမ်ပူပန်စိတ်ဖြင့် အလုအယက် ဝယ်ယူမှုကြောင့် နေရာအချို့တွင် ဆန်ပြတ်လပ်မှုများ၊ ရောင်းချခြင်းကို ဆိုင်းငံ့ခြင်းများရှိနေသော်လည်း ကုန်စည်ဒိုင်များ၊ ဆန်စက်များနှင့် ဆန်ပွဲရုံကြီးများတွင် ဆန်အလုံအလောက်ရှိသဖြင့် အချိန်မီဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ သိရသည်။

ဇာနည်မောင်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ထုတ်ပြန်ကြေညာချက် ၇/၂၀၂၀

၂၀၂၀ ခုနှစ်၊ မတ်လ (၁၃)ရက်၊ သောကြာနေ့။

၁။ ယခုသီတင်းပတ်များအတွင်း COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်သည့် သတင်းမှားများ၊ လုပ်ကြံသတင်းများ၊ ဆိုရှယ်မီဒီယာနှင့် ဝက်ဘ်ဆိုက်များတွင် ထွက်ပေါ်လျက်ရှိပါသည်။ လူထုသတင်းမှန်ရရှိရေးနှင့် အထက်ပါ သတင်းမှားများ၊ လုပ်ကြံသတင်းများအား ရှင်းလင်းတို့ပြန်ရေးတွင် တာဝန်ခံမှုရှိသော တရားဝင်သတင်းမီဒီယာများအနေဖြင့် ဝိုင်းဝန်းပါဝင်လုပ်ဆောင်ကြရန် ဝတ္တရားရှိပါသည်။ သို့ရာတွင် အချို့သောသတင်းဌာနများက သတင်းဦးမှကိုသာ ဦးစားပေးပြီး သတင်းမီဒီယာကျင့်ဝတ်ပါ အချက်အလက်တိကျမှန်ကန်မှုကို လျစ်လျူရှုကာ COVID-19 နှင့်ပတ်သက်သည့် အတည်မပြုနိုင်သေးသော သတင်းများ ဖော်ပြခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

၂။ သတင်းမီဒီယာဥပဒေအခန်း(၄)၊ ပုဒ်မ ၉(က) တွင် "သတင်းတိုင်း အချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ခြင်း"ဟု ပြဋ္ဌာန်းထားသကဲ့သို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်ထားသော သတင်းမီဒီယာကျင့်ဝတ်လမ်းညွှန် ၁.၁ တွင် "မတိကျသော ၊ အနက်ကောက်လွဲစေသော၊ ပုံဖျက်ထားသော အချက်အလက်များကို ရေးသားထုတ်လွှင့်ခြင်း မပြုလုပ်ရပါ" ဟု ဖော်ပြထားပါသည်။

၃။ သို့သော် "ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရုပ်ရှင်ရုံနှင့် ကျောင်းများ ခြောက်ပတ်ပိတ်မည်ဟု သတင်းများထွက်ပေါ်နေသော်လည်း အတည်မပြုနိုင်သေးကြောင်း သိရသည်"ဟု အကုန်သိသတင်းဌာနမှလည်းကောင်း၊ "ကျောင်းများ ရုပ်ရှင်ရုံများအားလုံး ခြောက်ပတ်ပိတ်ရန်နှင့် တစ်နိုင်ငံလုံး သင်္ကြန်အပါအဝင် ပွဲများအားလုံး မကျင်းပရန် လွှတ်တော်က ဆုံးဖြတ်လိုက်ကြောင်း သိရပါတယ်" ဟု MANN Channel မှ လည်းကောင်း သတင်းရင်းမြစ်လည်းမပါ။ အတည်လည်း မပြုနိုင်သည့်သတင်းများကို ၁၂.၃.၂၀၂၀ တွင် အသီးသီး ရေးသားဖြန့်ချိခဲ့ကြသည်ကို တွေ့ရှိရသည်။

၄။ သို့ဖြစ်၍ အကုန်သိသတင်းဌာနနှင့် MANN Channel အပါအဝင် တရားဝင်သတင်းမီဒီယာများအနေဖြင့် အတည်မပြုနိုင်သေးသည့် သတင်းများ၊ အနက်ကောက်လွဲစေသည့်သတင်းများ ရေးသားထုတ်လွှင့်ခြင်းမပြုရန်နှင့် သတင်းမီဒီယာကျင့်ဝတ်များအား လေးစားလိုက်နာရန် သတိပေးတိုက်တွန်းပါသည်။

၅။ သတင်းဌာနများအနေဖြင့်လည်း မိမိတို့ဌာနမှ သတင်းထောက်များအား ကိုယ်ပိုင်ဆိုရှယ်မီဒီယာ အကောင့်များတွင် အများပြည်သူနှင့်သက်ဆိုင်သည့် သတင်းမှားများ၊ အနက်ကောက်လွဲစေသည့် သတင်းများအား မဖြန့်ချိစေရန်နှင့် ကျင့်ဝတ်နှင့်အညီ သတင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေး ကြပ်မတ်ပေးပါရန် တိုက်တွန်းပါသည်။

၆။ အကယ်၍ သတင်းမီဒီယာကျင့်ဝတ် ဖောက်ဖျက်မှုများရှိလာပါက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာနည်းဥပဒေ အပိုဒ် ၂၀ (ခ)အရ ခေါ်ယူသတိပေးခြင်းနှင့် ကျင့်ဝတ်ဖောက်ဖျက်မှုကို အများပြည်သူလူထုသိရှိနိုင်ရန် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီ
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၁၃-၃-၂၀၂၀ ရက်နေ့ထိ)

(၁၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၃-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၁၁၈) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၂၅,၀၄၈) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၄,၆၁၃) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၆) %
- **ကမ္ဘာပေါ်တွင် ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ -**

စဉ်	နိုင်ငံ	စဖြစ်သည်မှ ယခုအချိန်ထိ	
		ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း	သေဆုံးသူ စုစုပေါင်း
၁	အီတလီ	၁၂,၄၆၂	၈၂၇
၂	အီရန်	၉,၀၀၀	၃၅၄
၃	ကိုရီးယားသမ္မတနိုင်ငံ	၇,၈၆၉	၆၆
၄	ပြင်သစ်	၂,၂၆၉	၄၈
၅	စပိန်	၂,၁၄၀	၄၈
	(၅) နိုင်ငံ စုစုပေါင်း	၃၃,၇၄၀	၁,၃၄၃

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာပါကြောင်း တွေ့ရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၇၁) နိုင်ငံမှာ -

စဉ်	ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ	နိုင်ငံ
၁။	အနောက်ပစိဖိတ်ဒေသ	- ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား။ ဖီယက်နမ်၊ ဖိလစ်ပိုင်၊ နယူးဇီလန်၊ ကမ္ဘောဒီးယား၊ဘရူနိုင်း
၂။	ဥရောပဒေသ	- အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ဆွစ်ဇာလန်၊ အင်္ဂလန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဩစ္ट္ရီယား၊ နော်ဝေ၊ ဩစတြီးယား၊ ဂရိ၊ အိုက်စလန်၊ ဒိန်းမတ်၊ ဆန်မာရီနို၊ ချက်သမ္မတနိုင်ငံ၊ အစ္စရေး၊ ပေါ်တူဂီ၊ ဖင်လန်၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ ဆလိုဗေးနီးယား၊ ခရိုအေးရှား၊ ဟန်ဂေရီ၊ ဘယ်လာရုစ်၊ ဆလိုဗေးကီးယား၊ ဘောဂေစနီးယား နှင့်ဟာဇီဂိုဗီးနာ။ ဘူဂေးရီးယား၊ ပိုလန်၊ မြောက်မက်စီဒိုးနီးယား။ ဆားဗီးယား၊ အာဘေးနီးယား၊
၃။	အရှေ့တောင်အာရှဒေသ	- ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေရှ်
၄။	အရှေ့အလယ်ပိုင်းဒေသ	- အီရန်၊ကာတာ၊ ဘာရိန်း၊ကူဝိတ်၊ အီရတ်၊ အီဂျစ်၊ ယူအေအီး၊ လက်ဘနွန်၊ မော်ရိုကို၊ တူနီးရှား၊ ဆော်ဒီအာရေဗီးရား၊
၅။	အမေရိကဒေသ	- အမေရိကန်၊ ကနေဒါ၊ ဘရာဇီး၊ အီကွေဒေါ၊ ချီလီ၊ ကော်စတာရီကာ၊ ပီရူး၊ ပနားမား၊ ပါရာဂွေး
၆။	အာफရိကဒေသ	- အယ်လ်ဂျီးရီးယား၊ ကမ်မရွန်း
၇။	နယ်မြေဒေသ	- ပါလက်စတိုင်းနယ်မြေ

- ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၏ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ အခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၆၇.၆ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၈၇ %) ခန့်ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ လွန်ခဲ့သော (၂)ပတ်အတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာသော်လည်း အခြားကမ္ဘာ့နိုင်ငံများတွင် ရောဂါကူးစက်သူဦးရေ (၁၃) ဆ များပြားလာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံအရေအတွက်မှာလည်း (၃) ဆ များပြားလာခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၇၆) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ **မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၁၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီအချိန်ထိ**

	ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ			လူနာဦးရေ စုစုပေါင်း
	ပိုးတွေ့	ပိုးမတွေ့	ဓာတ်ခွဲရလဒ် စောင့်ဆိုင်းဆဲ	
စောင့်ကြည့်လူနာ	-	၁၀၇	၆	၁၁၃
သံသယလူနာ	-	၂	-	၂
စုစုပေါင်း	-	၁၀၉	၆	၁၁၅

၃။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၃-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှုအခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၄၅) ဦး၊ ရှမ်းပြည်နယ်တွင် (၂၁) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၁) ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် (၂၈) ဦး စုစုပေါင်း (၁၁၅) ဦးတို့ ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာ ရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့် ကုသမှုများပေးလျက်ရှိခြင်း၊

(ခ) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ် ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်)တို့အား ရောဂါစောင့်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် ဆက်လက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/ MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(c) ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ (Civil Society Organizations)နှင့် ပြည်သူလူထုအခြေပြုအသင်းအဖွဲ့များ (Community Based Organizations) တို့မှပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူစည်ကားသည့် နေရာများဖြစ်သည့် ကားဂိတ်များ၊ စျေးများ စသည့် နေရာများတွင် COVID-19 ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား Hand Held Loud Speaker များဖြင့် ပိုမိုဆောင်ရွက်စေခြင်း၊

(စ) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာ နိုးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၅။ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိသည့် နိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာ ရှိနေပါသည်။

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဖြစ်သော အဖျားရောဂါစောင့်ကြည့်ရှုခြင်း၊ နိုင်ငံတကာမှ ခရီးသည်များအား COVID–19 ရောဂါကင်းရှင်းကြောင်းလက်မှတ်နှင့် ကျန်းမာကြောင်း ဆေးထောက်ခံချက် (Medical Certificate) ပါရှိမှသာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် Health Declaration Card များ ဖြည့်စွက်ခြင်းအား အထူးကြပ်မတ်ခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။
- ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊ အဝေးပြေးဘတ်စ်ကားကဲ့သို့သော နေရာများတွင် ရောဂါကူးစက်မှုများပြားနိုင်ကြောင်း တွေ့ရှိရ၍ ပြည်သူလူထုများအနေဖြင့် သတိပြုရန် လိုအပ်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်၊

(ဂ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန်အမွှားများမှတစ်ဆင့် ရောဂါကူးစက်နိုင်သဖြင့် လက်ကိုမကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင် ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက်သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊

(ဃ) ပွဲလမ်းသဘင်များ မကျင်းပမီ COVID–19 ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား (၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(c) အကယ်၍ ထိုသို့ မလွဲမရှောင်သာကျင်းပရပါက တက်ရောက်သည့် လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေးအစီအမံများ တင်းကျပ်စွာပြုလုပ်ရန်၊

(စ) COVID–19 ရောဂါသည် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ၊ ကင်ဆာရောဂါအခံရှိသူများ၌ ပိုမိုပြင်းထန်စွာ ဖြစ်ပွားနိုင်ပါ၍ ၎င်းတို့အား လူစုလူဝေးမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ရန်နှင့် ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များအား စနစ်တကျလိုက်နာရန် လိုအပ်ပါသည်။

၇။ ကမ္ဘာ့ကပ်ရောဂါ (Pandemic) အနေဖြင့် ဖြစ်ပွားလျက်ရှိသော COVID–19 ရောဂါအား တုံ့ပြန်ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လွန်စွာ အရေးပါလှပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

❖ ကျောဖုံးမှ

ထိုသို့တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက COVID–19 ရောဂါ နောက်ဆုံးအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားလိုပါကြောင်း၊ မတ် ၁၁ ရက် ညပိုင်းတွင် WHO က COVID–19 ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ အဖြစ် ကြေညာခဲ့ပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး အရေးပေါ် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများကို သတင်းများထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးအစီအမံများ၊ ရေရှည်ကာလတွင် ဖြစ်လာနိုင်သည့် ဆိုးကျိုးများ၊ စီးပွားရေးအပါအဝင် ထိခိုက်နိုင်သည့် ကဏ္ဍများကို အားလုံးကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး ကြိုတင်ပြင်ဆင်သည့် အပိုင်းကို အဓိကထားဆောင်ရွက်နေပါကြောင်း။

ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်

WHO ၏ ထုတ်ပြန်ချက်အရ နိုင်ငံတော်တော်များများတွင် ကူးစက်မှုနှုန်း မြင့်မားလာနိုင်သည်ကို သတိပေးထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယနေ့ မွန်းလွဲ ၂ နာရီအထိ ရောဂါကူးစက်သူ တစ်ယောက်မျှမရှိသေးပါကြောင်း၊ သို့သော် COVID–19 ရောဂါသည် ယနေ့ကမ္ဘာတွင် ကူးစက်မှုနှုန်း မြင့်မားနေသည့်အတွက် မည်မျှကြာကြာ ဆက်လက်ကူးစက်နေဦးမည်ကို မသိရှိနိုင်သည့် အခြေအနေတွင် အစိုးရပိုင်းအနေဖြင့် ကြိုတင်ပြင်ဆင်သင့်သည်များကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်ရန် ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးကိုလည်း နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း။

တစ်ချိန်တည်းတွင် ပြည်သူလူထုနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးက ပြည်သူများသို့ ပန်ကြားချက် ထုတ်ပြန်ထားပါကြောင်း၊ အထူးသဖြင့် အလေးပေးပြောကြားလိုသည်မှာ COVID–19 ရောဂါနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရပိုင်းက ဆောင်ရွက်စရာရှိသည့်ကိစ္စရပ်အားလုံးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ပြည်သူများ သတိပြုရမည့် အချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ထုတ်ပြန်ချက်များအပေါ် လိုက်နာဆောင်ရွက်ရန်၊ အထူးသဖြင့် အစိုးရိမ်မကြီးကြရန် ပြောကြားလိုပါကြောင်း။

ကိုယ်ခံအားကောင်းမွန်နေရန်လို

WHO ၏အကဲဖြတ်ချက်တွင် Very High ဆိုပြီးပေးထားပါကြောင်း၊ WHO ၏ အကြံပြုချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားပါကြောင်း၊ အထူးသဖြင့် လူစုလူဝေးထူထပ်သည့်နေရာများမှတစ်ဆင့် ကူးစက်နိုင်သောကြောင့် လူစုလူဝေးများကို ရှောင်ရှားရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုကို အထူးဂရုစိုက်ကြရန်ဖြစ်ပါကြောင်း၊ ရောဂါကူးစက်ခံရသူများကို ပြန်ကြည့်ပါက အသေအပျောက် ထိခိုက်မှုရှိသူအများစုသည် သက်ကြီးရွယ်အို များပါကြောင်း၊ သက်ကြီးရွယ်အိုများအနေဖြင့် လူစုလူဝေးနေရာများသို့ မသွားရန်၊ အာဟာရပြည့်ဝစွာ စားသောက်ရန်နှင့် အိပ်ရေးဝအိပ်ရန်လိုပါကြောင်း၊ အထူးသဖြင့် ကိုယ်ခံအားကောင်းမွန်နေရန် လိုပါကြောင်း။

COVID–19 ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ယနေ့အထိ Negative ဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင် မေးခွန်းများရှိပါကြောင်း၊ ပြောလိုသည်မှာ အစိုးရအနေဖြင့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် သတင်းထုတ်ပြန်ပေးရာတွင် ထုတ်ပြန်ချက်များကို အမှန်အတိုင်းထုတ်ပြန်ပေးနေပါကြောင်း၊ တစ်ချိန်က ကမ္ဘာတစ်ဝန်းတွင် SARS ရောဂါကူးစက်ပြန့်ပွားမှုဖြစ်ပွားစဉ်ကလည်း မြန်မာနိုင်ငံတွင် မဖြစ်ခဲ့ပါကြောင်း၊ ပြန်သုံးသပ်ကြည့်ပါက မြန်မာလူမျိုးများ၏ နေထိုင်သွားလာ စားသောက်လှုပ်ရှားမှုပုံစံများသည် ယခုရောဂါနှင့်ပတ်သက်ပြီး ကောင်းကျိုးဖြစ်စေပါကြောင်း။

လူမှု လူကိုကူးစက်ခြင်း

အနောက်နိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအများစုသည် လူမှ လူကို ကူးစက်ခြင်းဖြစ်ပါကြောင်း၊ လက်ဆွဲနှုတ်ဆက်သည့် ဓလေ့သည် မြန်မာနိုင်ငံတွင် မရှိပါကြောင်း၊ နိုင်ငံတော်တော်များများတွင် တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်နှုတ်ဆက်ခြင်း၊ နမ်း၍ နှုတ်ဆက်ခြင်းတို့ ရှိပါကြောင်း၊ ယင်းပုံစံမျိုးသည် မြန်မာနိုင်ငံတွင် မရှိသလောက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပြည်သူအများစုသည် ငွေစက္ကူများကို အသုံးပြုပါကြောင်း၊ တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံများတွင် များသောအားဖြင့် Credit Card ဖြင့် ငွေပေးချေကြပါကြောင်း၊ Credit Card ဖြင့်ငွေပေးချေရာတွင် ငွေရင်းကောင်တာမှလူသည် တစ်နေ့ကို လူရာနှင့် ချီပြီး ဆက်ဆံနေရသည့် အတွက် ကူးစက်တတ်သည့် အလားအလာများရှိပါကြောင်း၊ ထိုသို့ ငွေပေးချေမှုမျိုး မြန်မာနိုင်ငံတွင် နည်းပါကြောင်း၊ မိမိတို့၏ ရေခံ၊ မြေခံသည် ရောဂါကူးစက်နိုင်မှုအလားအလာ နည်းသည့်အနေအထားရှိသည်ကိုလည်း တွေ့ရပါကြောင်း။

ပြင်းပြင်းထန်ထန် အရေးယူ

ယမန်နေ့ညက ရန်ကုန်တွင် စားစရာ၊သောက်စရာများ ဝယ်ယူစုဆောင်းကြခြင်းများ ဖြစ်သွားခဲ့ပါကြောင်း၊ ယခုကြုံတွေ့နေရသည်မှာ COVID–19 ရောဂါ၏ ဂယက်အပေါ်အသုံးချပြီး ရည်ရွယ်ချက်ရှိရှိ သို့မဟုတ် ရည်ရွယ်ချက်မရှိဘဲ ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်းက လူထုကို စိုးရိမ်ပူပန်မှုကြီးမားစေပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုသို့ ပန်ကြားချက်ကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားပါကြောင်း၊ စျေးရောင်းသည့် ကုန်သည်လုပ်ငန်းရှင်များကိုလည်း သတိပေးပြောကြားလိုသည်မှာ ယခုဖြစ်ပွားနေသည်မှာ ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါဖြစ်ပါကြောင်း၊ ယခုလိုကာလတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းက နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထုများ ကျရောကဏ္ဍကနေ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ရောဂါ၏ကျယ်ပြန့်မှုပမာဏသည် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့်ကြီးသည့်အတွက် ယခုအချိန်တွင် အကျိုးအမြတ်အတွက် ဝိသမလောဘစိတ်များဖြင့် မလုပ်ကြရန် မေတ္တာရပ်ခံပါကြောင်း၊ ပြည်သူလူထုကို မေတ္တာရပ်ခံလိုသည်မှာ မြန်မာနိုင်ငံသည် အထူးသဖြင့် ဆန်ကို အဓိကစားသုံးသည့် နိုင်ငံဖြစ်ပါကြောင်း၊ ဆန်ကိုလည်း ပြည်ပမှ တင်သွင်းဝယ်ယူရသည့် နိုင်ငံ မဟုတ်ပါကြောင်း၊ ပြည်တွင်းတွင် ဖူလုံသည့်အပြင် ပြည်ပသို့ တင်ပို့ရောင်းချနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ အစားအသောက်၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးထုတ်လုပ်ပြီး အိမ်နီးချင်းနိုင်ငံများကို တင်ပို့ရောင်းချနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးမှုသည် ဖူလုံမှုရှိပါကြောင်း၊ နိုင်ငံတော်အပိုင်းအနေဖြင့်လည်း အရန်ဆန် ဝယ်ယူစုဆောင်းထားပြီး တန်ချိန်တစ်သောင်းခွဲ လောလောဆယ်ရှိပါကြောင်း၊ နောက်ထပ်လည်း နိုင်ငံတော်အပိုင်းတွင်ရှိသည့် အရန်ဆန်နှင့် လုပ်ငန်းရှင်လက်ထဲတွင်ရှိသည့်ဆန် ယင်းပမာဏဖြင့် တစ်နိုင်ငံလုံး၏ စားသောက်နှုန်းကို တွက်ချက်ပြီး လိုအပ်သည့် အစီအမံများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်လျှင် ဆန်၊ စပါး တင်ပို့မှုများကိုလည်း ကန့်သတ်သင့်ပါက ကန့်သတ်သွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အခွင့်ကောင်းယူပြီး စျေးကစားသည့် အကျိုးအမြတ်ရှာသည့် လုပ်ငန်းရှင်များ၊ ရောင်းချသူများကို ယခုကတည်းက သတိပေးပါကြောင်း၊ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ပါကြောင်း၊ Social Media ပေါ်တွင် မဟုတ်မမှန်သတင်း ဖြန့်ဖြူးနေသူများ၊ ပြည်သူလူထုကြားတွင် အထိတ်တလန့် ဖြစ်အောင် လုပ်နေသူများကိုသိရှိပါက ဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းထား

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါကို ရင်ဆိုင်နေရချိန်တွင် ယနေ့အထိ မိမိတို့နိုင်ငံတွင် တစ်ဦးတစ်ယောက်မှ ကူးစက်ခံရခြင်း မရှိသေးပါကြောင်း၊ ပြည်သူလူထုအကြား အထိတ်တလန့်ဖြစ်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ အလန့်တကြားဖြစ်အောင် လုပ်ဆောင်လာသည့် မည်သူ့ကိုမဆို အရေးယူမည်ဖြစ်ပါကြောင်း၊ ယင်းကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ နယ်ပယ်အသီးသီးတွင် သက်ရောက်နိုင်သည့် အလားအလာများနှင့်ပတ်သက်ပြီး ကော်မတီများ ဖွဲ့ထားပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဒေါက်တာမြင့်ထွေးပူးတွဲဥက္ကဋ္ဌလုပ်သည့်ကော်မတီအပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး ကာကွယ်ထိန်းချုပ်ရေးအမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ စီးပွားရေးနယ်ပယ်တွင် သက်ရောက်မှုများဖြစ်လာပါက ကုစားနိုင်ရန် ကုစားရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပါကြောင်း။

မီဒီယာမှတစ်ဆင့် ပြည်သူလူထုကိုပြောလိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လိုအပ်သည့်အကြံပေးချက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်နေပါကြောင်း၊ ယင်းအချက်များကို ဂရုပြုပြီးလိုက်နာကြရန် တိုက်တွန်းပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများကိုလည်း လုပ်သင့်လုပ်ထိုက်သည်များကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ အဆင့်ဆင့်လည်း ညွှန်ကြားချက်များ ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုကိုလည်း ကောလာဟလများနှင့် ပတ်သက်၍ သတင်းမှားများကို သေချာစိစစ်ဖော်ထုတ်ပေးကြရန်၊ အလွယ်တကူ မယုံကြည်ကြရန် ပြောကြားလိုပါကြောင်း၊ သတင်းဌာနကြီး သုံးခုတွင် သတင်းကို ဖော်ပြပြီး ဆိုပါက ယုံကြည်လောက်သည့် အနေအထားရှိပါကြောင်း၊ အမည်ပေါင်းစုံဖြင့် သတင်းဌာနပေါင်းစုံအမည်ခံပြီး လုပ်ဆောင်နေသည့် သတင်းမှားများ ဖြန့်နေခြင်းကို အလွယ်တကူမယုံကြည်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်သူလူထုသို့ ပန်ကြားချက်ပါအတိုင်း လူထုက ပါဝင်ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်အပိုင်း၊ လူထုအပိုင်း၊ မီဒီယာအပိုင်း၊ ပုဂ္ဂလိကအပိုင်း အတူတကွ ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံအနေဖြင့် COVID –19 ရောဂါနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများကို အားရကျေနပ်ဖွယ်ရာ ရှိလိမ့်မည်ဖြစ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းမှာ အကောင်းဆုံးကာကွယ်မှုဖြစ်ကြောင်း ပြောကြားသည်။

ပြန်လည်ရှင်းလင်းဖြေကြား

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာသမားများက Coronavirus နှင့်ပတ်သက်ပြီး ထွက်ပေါ်လာသည့် သတင်းအမှား ကောလာဟလများကို စောင့်ကြည့်ဖော်ထုတ်အရေးယူနေမှု၊ Coronavirus နှင့်ပတ်သက်၍ ပြင်ဆင်ထားမှု၊ မြန်မာနိုင်ငံတွင် Coronavirus ကူးစက်ခံရမှု ရှိ၊ မရှိ၊ တရုတ်နိုင်ငံနှင့် ပတ်သက်သည့် လေကြောင်းလိုင်းများ ပိတ်ရန် အစီအစဉ် ရှိ၊ မရှိ၊ Coronavirus ကောလာဟလသတင်းများကြောင့် တက်လာမည့် ကုန်စျေးနှုန်းများကို ထိန်းချုပ်ဆောင်ရွက်နေမှု၊ ကွတ်ခိုင်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု နောက်ဆုံးအခြေအနေနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ Coronavirus နှင့်ပတ်သက်ပြီး ဖွဲ့စည်းထားသည့် ကော်မတီများ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရန်ပုံငွေ ထူထောင်ထားမှု၊ မြောက်ပိုင်းအဖွဲ့ လေးဖွဲ့နှင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး ဖြစ်စဉ် နောက်ဆုံးအခြေအနေ၊ "၀" ဒေသတွင် ရွေးကောက်ပွဲကျင်းပရေးအတွက် ထုတ်ပြန်လာမှုအပေါ် ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမှုအခြေအနေ၊ COVID–19 ရောဂါကြောင့် (၂၁) – ရာစုပင်လုံ ရွှေ့ဆိုင်းသွားရန်ရှိ၊ မရှိ၊ COVID–19 ရောဂါကြောင့် လူစုလူဝေး၊ ပွဲလမ်းသဘင်များ ကန့်သတ်ရာတွင် သတ်မှတ်ထားသည့် လူဦးရေသတ်မှတ်ချက်၊ COVID–19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်မှု အခြေအနေ၊ နှာခေါင်းစည်းများ ဝယ်မရဖြစ်နေပြီး စျေးကြီးနေမှု၊ အရေးကြီးပုဂ္ဂိုလ်များအတွက် Coronavirus မဖြစ်ပွားအောင် ကာကွယ်မှုပေးထားမှု၊ ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူများအား အရေးယူဆောင်ရွက်ထားမှုနှင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်ဆောင်ရွက်နေမှု၊ တရုတ်နိုင်ငံက လာရောက်သူများနှင့်ပတ်သက်၍ ဗီဇာကန့်သတ်ထားမှု၊ နယ်စပ်ဒေသများတွင် Coronavirus ဝင်ရောက်လာခြင်း မရှိအောင် ဆောင်ရွက်ထားမှု၊ သင်္ကြန်တွင် မဏ္ဍာပ်ကြီးများ ခွင့်ပြုခြင်းမရှိသည့် ကိစ္စ၊ Coronavirus နှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ထမ်းများအတွက် လုံလောက်သည့် အကာအကွယ်ပစ္စည်းများ ရှိ၊ မရှိ၊ ရုပ်ရှင်ရုံများ ယာယီပိတ်ထားရန် ရှိ၊ မရှိ စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အထောက်အထားအချက်အလက်များ

ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက တာဝန်ရှိသူများကို သက်ဆိုင်ရာဌာနက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် အညီ အရေးယူနေပါကြောင်း၊ အရေးယူပြီးစီးမှုအခြေအနေကို သမ္မတရုံးသို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ လောလောဆယ်တွင် အရေးယူဆဲဖြစ်ပြီး ပြန်လည်တင်ပြလာခြင်းမရှိသေးပါကြောင်း၊ အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိသည်နှင့် ပြန်လည်ရှင်းလင်းပြောကြားပေးသွားမည်ဖြစ်ပါကြောင်း၊ အမှုပေါ်ပေါက်ရေးအတွက် တရားရေးဆိုင်ရာ၊ သက်သေအထောက်အထားဆိုင်ရာများနှင့်ပတ်သက်ပြီး မည်မျှအထိ ခိုင်လုံသည်ဆိုသည့်အပေါ် မူတည်ပါကြောင်း၊ တရားစွဲအဖွဲ့အစည်းနှင့် ကာယကံရှင်မိသားစုတို့အပေါ် မူတည်ပါကြောင်း၊ ၎င်းတို့အပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့၏ သဘောဆန္ဒအပေါ်တွင် ရရှိထားသည့် အထောက်အထား အချက်အလက်များက တရားခံဟု ပြနိုင်သည့်အနေအထားရပါက တရားစွဲလိမ့်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ရုပ်ရှင်ရုံများနှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရုပ်ရှင်ရုံများ ပိတ်ခြင်း၊ မပိတ်ခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ညွှန်ကြားချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ ဝန်ကြီးဌာနများက ဆက်လက်လုပ်ဆောင်သွားရန်ဖြစ်ပါကြောင်း ဖြေကြားသည်။

သတင်းစဉ်

ပါရာဒီဆိုရုပ်ရှင်ရုံသစ်များ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ဖွင့်လှစ်

ရန်ကုန် မတ် ၁၃

မကွေးပါရာဒီဆိုရုပ်ရှင်ရုံဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ တောင်တွင်းကြီးလမ်းမကြီး အောင်စေတနာ(A)ရပ်ကွက်ရှိ ယင်းရုပ်ရှင်ရုံနေရာ၌ ကျင်းပရာ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြန်လည်ဖြေကြား

အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်က ကျေးဇူးတင်စကားပြောကြားကာ ရုပ်ရှင်ဇာတ်ကားနမူနာအားပြသခြင်း၊ တက်ရောက်လာသည့် ဧည့်ပရိသတ်များနှင့် စာနယ်ဇင်းများမှ သိလိုသည့် မေးမြန်းခြင်းများအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အောင်လံပါရာဒီဆိုရုပ်ရှင်ရုံဖွင့်ပွဲကို မွန်းတည့် ၁၂ နာရီတွင် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြည်လမ်း စမ်းချောင်းရပ်ကွက်ရှိ ယင်းရုပ်ရှင်ရုံနေရာ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အဖွင့်အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်က ကျေးဇူးတင်စကားပြောကြားခြင်းများ ဆောင်ရွက်ကြသည်။

အောင်လံပါရာဒီဆိုရုပ်ရှင်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

မကွေးတိုင်းဒေသကြီးတွင် ပါရာဒီဆိုရုပ်ရှင်ရုံအုပ်စုမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသသည့်ရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက်နှစ်ခုနှင့် အခြားရုပ်ရှင်ရုံနှင့်ပိတ်ကားအရေအတွက် ခြောက်ခုရှိသဖြင့် စုစုပေါင်း ရှစ်ခုအထိရှိလာပြီဖြစ်ကြောင်း၊ ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသသည့်ရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက် စုစုပေါင်းမှာ ၂၁၃ ခုအထိ တိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

ကျော်စွာသိန်း (FDC)

အိုလံပစ်ပွဲတော်ကျင်းပရေး ထရမ့်နှင့် အာဘေး တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

တိုကျို၊ မတ် ၁၃

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ယခုနှစ်နွေရာသီတွင် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အိုလံပစ်အားကစား ပြိုင်ပွဲ၊ မသန်စွမ်းအားကစားပြိုင်ပွဲများနှင့်ပတ်သက်၍ ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

အိုလံပစ်ပွဲတော်ကို ရွှေ့ဆိုင်းလိုက်လျှင် ပိုမိုကောင်းမွန်လိမ့်မည်ဟု ထရမ့်က အိမ်ဖြူတော်တွင် ပြောဆိုခဲ့ပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်တို့အကြား တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးစဉ် အာဘေးက ဂျပန်အစိုးရသည် ယခုနှစ်နွေရာသီတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသော အိုလံပစ်အားကစားပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆက်လက်လုပ်ဆောင်သွားရန် ရည်ရွယ်ထားသည်ဟု ဒေါ်နယ်ထရမ့်ကို ပြောကြားခဲ့သည်။

အိုလံပစ်အားကစားပွဲတော်အတွက် ဂျပန်အစိုးရ၏ ရပ်တည်ချက်ကို ပြောင်းလဲမည်မဟုတ်သလို ပွဲတော်ဖြစ်မြောက်ရေးအတွက် နိုင်ငံတကာအိုလံပစ်ကော်မတီ၊ ပွဲတော်စီစဉ်သူများနှင့် တိုကျို၊မြို့အစိုးရနှင့်အတူ မိမိတို့အနေဖြင့် အနီးကပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရ၏ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူ ယိုရှိဟီဒီဆူဂါက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် မြို့တော်မနီလာကို ခရီးသွားလာမှု ပိတ်ပင်

မနီလာ မတ် ၁၃

ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်ဟန့်တားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပြီး မြို့တော်မနီလာသို့ ခရီးသွားလာမှုများကို မတ် ၁၅ ရက်မှစပြီး တစ်လတိုင်တိုင် ပိတ်ပင်ထားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ယနေ့ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်သည် နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၂ ဦးခန့် မြင့်တက်လာပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

မြို့တော်မနီလာသို့ ခရီးသွားလာမှုများ ယာယီပိတ်ပင်မည့်အစီအစဉ်ကို ဖိလစ်ပိုင်သမ္မတ ဒူတာတေးက မတ် ၁၂ ရက်တွင် ကြေညာခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်းရှိ စာသင်ကျောင်းများ ယာယီပိတ်ထားရန်နှင့် လူစုလူဝေးခြင်းမှ ရှောင်ကြဉ်ကြရန် ဒူတာတေးက ပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။ ဆေးပညာရှင်များ၏ ဆေးဘက်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေခံကာ ယင်းသို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ဒူတာတေးက ဆက်လက်ပြောကြားခဲ့သည်။ `

မြို့တော်မနီလာသည် ခရီးသွားအများဆုံး လာရောက်ရာ အရှေ့တောင်အာရှမြို့တော်များအနက် တစ်ခုဖြစ်ပြီး လူဦးရေ ၁၃ သန်းခန့် အခြေချနေထိုင်ရာ မြို့တော်တစ်ခုလည်း ဖြစ်သည်။

သမ္မတ ဒူတာတေးသည် ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ဆေးစစ်ချက်ခံယူထားပြီး ဆေးစစ်ချက်အဖြေကို မတ် ၁၄ ရက်တွင် သိရှိရမည်ဖြစ်သည်။

ကိုးကား-အင်နန်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်း လျော့ကျလာ

ပေကျင်း မတ် ၁၃

တရုတ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်မှုသည် မတ် ၁၂ ရက်တွင် ရှစ်ဦးခန့်သာရှိခဲ့ကြောင်း တရုတ်ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ ကြေညာခဲ့သည်။

အဆိုပါ အရေအတွက်သည် ဧနေ့ဝါရီလကစပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ ဦးအောက် ပထမဆုံးအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအတွင်း လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၀၈၁၃ ဦးခန့်ရှိပြီး ၃၁၇၆ ဦးသေဆုံးခဲ့ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

မတ် ၁၂ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ရှစ်ဦးအနက် ငါးဦးသည် ဟူပေပြည်နယ် ဝူဟန်မြို့မှဖြစ်ပြီး အခြားသုံးယောက်သည် ရောဂါပိုးရှိသော အခြားဒေသများမှ တရုတ်နိုင်ငံအတွင်းသို့ ရောက်ရှိလာသူများဖြစ်သည်။

တရုတ်နိုင်ငံ ကျန်းမာရေးတာဝန်ရှိသူများသည် နိုင်ငံအတွင်းပျံ့နှံ့လျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ပိုးအား ထိန်းချုပ်နိုင်ပြီဖြစ်သည်ဟု အမျိုးသားကျန်းမာရေးကော်မရှင်က မတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အခြားနိုင်ငံများတွင် ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် တရုတ်ဆေးပညာရှင်များက သက်ဆိုင်ရာနိုင်ငံများမှ ဆေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဗိုင်းရပ်စ်ပိုးကူးစက်မှုဒဏ်ကို အများဆုံးခံစားရသည့် အီတလီနိုင်ငံသို့ တရုတ်ဆေးပညာရှင် ကိုးဦးပါဝင်သော အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ပြီး ဆေးဝါးထောက်ပံ့မှုများလည်း တရုတ်အစိုးရက ပေးခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းဖော်ပြကြသည်။ အီတလီနိုင်ငံအပြင် အီရန်နှင့် အီရတ်နိုင်ငံများသို့လည်း တရုတ်ဆေးပညာရှင်အဖွဲ့များကို စေလွှတ်ခဲ့ကြောင်း သိရသည်။

ကိုးကား-အင်နန်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

သြစတြေးလျ ပြည်ထဲရေးဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

ဆစ်ဒနီ မတ် ၁၃

သြစတြေးလျ ပြည်ထဲရေးဝန်ကြီး ပီတာဒပ်တန်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း ၎င်းက တွစ်တာ၌ ရေးသားခဲ့သည်။

“ဒီနေ့မနက် ကျွန်တော် အိပ်ရာကနိုးလာတဲ့အခါ ကိုယ်အပူချိန်မြင့်တက်နေပြီး လည်ချောင်းနာရောဂါခံစားခဲ့ရပါတယ်။ ကျွန်တော် ချက်ချင်းဆိုသလို ကွင်းစလန်းပြည်နယ် ကျန်းမာရေးဌာနကို ဆက်သွယ်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုခံယူခဲ့ပါတယ်။ စမ်းသပ်မှုရလဒ်အရ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရတယ်လို့ ကွင်းစလန်းပြည်နယ် ကျန်းမာရေးဌာနက ကျွန်တော့်ကို ပြောပါတယ်”ဟု ဝန်ကြီးက ရေးသားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူတိုင်း ဆေးရုံသို့ တင်ရမည်ဆိုသည်မှာ ကွင်းစလန်းပြည်နယ် ကျန်းမာရေးဌာန၏ မူဝါဒဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ၏ အကြံဉာဏ်အတိုင်း လိုက်နာ ဆောင်ရွက်ခဲ့ပါကြောင်း ပီတာက ဆိုသည်။ “ကျွန်တော် နေထိုင်ကောင်းတယ်လို့ ခံစားရပြီး အခြေအနေကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးမှာ ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

ကိုးကား-စီဂျီတီအင်နန်
ဘာသာပြန်-ကျော်ထိုက်စိုး

ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်းထရူးဒိုး၏ဇနီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

တိုရွန်တို မတ် ၁၃

ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်းထရူးဒိုး၏ ဇနီးဖြစ်သူ ဆိုဖီဂရီဂိုရီ ထရူးဒိုမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရပြီး ဝန်ကြီးချုပ်ကိုလည်း နှစ်ပတ်ကြာ သီးခြားထားရှိ၍ စောင့်ကြည့်သွားမည်ဟု ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

“ဆိုဖီဂရီဂိုရီထရူးဒိုဟာ ယနေ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရပါတယ်။ ဆေးဘက်ဆိုင်ရာ အကြံပြုချက်အရ သူ့ကို လောလောဆယ် သီးသန့်ထားရှိမှာဖြစ်ပါတယ်။ သူ့ရဲ့ ရောဂါလက္ခဏာတွေကတော့ မပြင်းထန်ပါဘူး” ဟု ထုတ်ပြန်ချက်တစ်ရပ်က ဖော်ပြခဲ့သည်။ ဇနီးဖြစ်သူ ဆိုဖီမှာ ဗြိတိန်နိုင်ငံ၌ ကျင်းပသည့် အခမ်းအနားတစ်ခု၌ မိန့်ခွန်းပြောကြားကာ ကနေဒါနိုင်ငံသို့ ပြန်လာပြီးနောက် ဖျားနာမှုလက္ခဏာများ ပြသလာခြင်းကြောင့် ဝန်ကြီးချုပ် ဂျပ်စတင်းထရူးဒိုက သီးသန့်ခွဲ၍ နေထိုင်ခဲ့သည်။ ဆိုဖီသည် မတ် ၁၁ ရက်က ရောဂါလက္ခဏာများပြသကာ အနည်းငယ် ဖျားနာမှုကြောင့် ချက်ချင်း ဆေးဘက်အကြံဉာဏ်များ ရယူခဲ့ကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်းထရူးဒိုး၏ဇနီး ဆိုဖီဂရီဂိုရီထရူးဒိုး

ဝန်ကြီးချုပ် ဂျပ်စတင်းထရူးဒိုတို့ ဇနီးမောင်နှံ၏ သားသမီးများက ကိုရိုနာဗိုင်းရပ်စ် ရောဂါလက္ခဏာ ပြသခြင်းမရှိသလို ၎င်းတို့ကို သီးခြားထားရှိ၍ စောင့်ကြည့်မည်မဟုတ်ပေ။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလနောင်းပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားပြီးနောက်ပိုင်း ကမ္ဘာ့နိုင်ငံ ၁၁၅ ခုတွင် ရောဂါကူးစက်မှု ၁၁၀၀၀၀ ကျော်ဖြစ်ပွားခဲ့ပြီး ၄၇၄၃ ဦး သေဆုံးခဲ့ပြီဖြစ်သည်။ ကနေဒါနိုင်ငံတွင် ပြည်နယ်ခြောက်ခု၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၁၅၀ နီးပါးတွေ့ရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့သည်။

ကိုးကား-စီဂျီတီအင်နန်
ဘာသာပြန်-ကျော်ထိုက်စိုး

ဧဝရက်တောင်အပါအဝင် အခြားတောင်များ တက်ရောက်ခွင့်ကို နီပေါအစိုးရ ပိတ်ပင်

ခတ္တမန္ဒူ မတ် ၁၃

နီပေါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှုန်း မြင့်တက်လာလျက်ရှိသည့်အတွက် ဧဝရက်တောင်အပါအဝင် နိုင်ငံအတွင်းရှိ အခြားတောင်များတက်ရောက်ခွင့်ကို အစိုးရက ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါကြေညာမှုကြောင့် နီပေါနိုင်ငံ၏ အခွန်ငွေ ဒေါ်လာသန်းပေါင်းဆယ်နှင့်ချီပြီး လျော့ကျသွားခဲ့ပြီး တောင်တက်ခရီးစဉ်များ စီစဉ်ရေးအဖွဲ့များက တိုင်းပြည်အတွက် ငွေကြေးပြဿနာ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် နွေဦးရာသီ တောင်တက်ခရီးစဉ်များကို ရပ်နားထားရန် ဆုံးဖြတ်ခဲ့ပြီး ယင်းဆုံးဖြတ်ချက်ကို လာမည့်လတွင် ကမ္ဘာလုံးဆိုင်ရာ ရောဂါဖြစ်ပွားမှုအခြေအနေပေါ်မူတည်ကာ ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ခရီးသွားဝန်ကြီး ရိုဂတ်ဘတာရိုင်က ပြောကြားခဲ့သည်။

ယခုအချိန်တွင် နိုင်ငံခြားသားများအား ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းကို နီပေါအစိုးရက ရပ်ဆိုင်းထားသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် ည ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မရပ်ကွက်အနီး မြို့ရှောင်လမ်း၌ မင်းမင်း(ခ)အောင်ဇော်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်ရှိ ဆာလာအိတ် နှစ်အိတ်အတွင်းမှ ဘိန်းဖြူ ၁၀ ဒသမ ၅၆ ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ(၁)ရှိ ထမင်းဆိုင်၌ ကိုဗိုက်(ခ)နိုင်လင်းအား ငွေကျပ် ၁၄၃ ဒသမ ၃ သိန်းဖြင့် လည်းကောင်း။

မင်းမင်း(ခ)အောင်ဇော်ထွန်း၊ ကိုဗိုက်(ခ)နိုင်လင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

မတ် ၁၁ ရက် ည ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ရှိ ရန်ကုန် – မန္တလေးကားလမ်းတွင် အမျိုးသားတစ်ဦး မောင်းနှင်ပြီး အမျိုးသမီး နှစ်ဦး လိုက်ပါလာသော ဆိုင်ကယ်ကိုစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ ဆိုင်ကယ်အား မောင်းနှင်ထွက်ပြေးသွားပြီး မနန်းစန်းစန်းဝင်း(ခ)စန္ဒာမှာ လက်ဆွဲအိတ်တစ်လုံးနှင့်အတူကျန်ခဲ့၍ စစ်ဆေးရာ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၈၀၊ စိတ်ကြွရူးသွပ်ဆေးအကြေ သုည ဒသမ ၃၅၂ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် တပ်မတော်မှ ရှမ်းပြည်နယ် လောက်ကိုင်မြို့နယ် ရှန်ကိုင်ကျေးရွာအနီး လောက်ကိုင်–ချင်းရွှေဟော် ကားလမ်းတွင် ချိန်စွမ်းချို မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မယ်ကရိုတောင် ဘုရားစေတီရှိ ဌာပနာပစ္စည်းများ ဖောက်ထွင်းခံရ

ကျိုက်မရော မတ် ၁၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မယ်ကရိုကျေးရွာရှိ ဘုရားစေတီ၏ ဌာပနာပစ္စည်းများ ယမန်နေ့ညက ဖောက်ထွင်းခိုးယူခံရကြောင်း သိရသည်။

ဌာပနာအတွင်းရှိပစ္စည်းများအနက် ရွှေနားကပ်မျိုးစုံ ၁၅ ရန်၊ ရွှေလက်စွပ်မျိုးစုံ ၁၅ ကွင်း၊ ရွှေဘီး ခြောက်ခု၊ ရွှေဆွဲသီး ခုနစ်ခု(စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၂၀၀ ခန့်) ဖောက်ထွင်းခိုးယူခံရကြောင်း ဂေါပကအဖွဲ့ဝင်များ၏ ပြောပြချက်အရ သိရသည်။

အဆိုပါစေတီအား အလှူရှင်များက တပေါင်းလပြည့်နေ့တွင် ထီးတော်နှင့် ဌာပနာပစ္စည်းများ ထည့်သွင်းလှူဒါန်းထားခြင်းဖြစ်ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

ကသာခရိုင်၌ နှစ်လအတွင်း မူးယစ်ဖမ်းဆီးရမိမှု ၂၆၄ မှုရှိ

ကသာ မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်သောင်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကသာခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ နှစ်လအတွင်း ဖမ်းဆီးရမိခဲ့သော မူးယစ်အမှုပေါင်း ၂၆၄ မှု ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက်မှ မတ် ၅ ရက်အထိ ကသာမြို့နယ်တွင် ၅၃ မှု၊ ထီးချိုင့်မြို့နယ်တွင် ၂၆ မှု၊ အင်းတော်မြို့နယ်တွင် ၄၃ မှု၊ ဗန်းမောက်မြို့နယ်တွင် ၄၂ မှု၊ ဝန်းသိုမြို့နယ်တွင် ၃၄ မှု၊ ကောလင်းမြို့နယ်တွင် ၃၁ မှု၊ ပင်လည်ဘူးမြို့နယ်တွင် ၃၅ မှု စုစုပေါင်း ၂၆၄ မှု၊ ဘိန်းဖြူ ၉၀၃၇ ဒသမ ၇၆၁ ဂရမ်၊ ဘိန်းမည်း ၆၀၁၉ ဒသမ ၂၉ ဂရမ်၊ ဆေးပြား ၁၂၀၄၉၀၊ ခတ်ပုံ ၃၇၂ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ အမျိုးသား ၃၆၆ ဦး၊ အမျိုးသမီး ၃၀ တို့ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

လားရှိုးမြို့နယ်၌ အိမ်တစ်လုံးမီးလောင်ပြီး နှစ်ဦးသေဆုံး

လားရှိုး မတ် ၁၃

လားရှိုးမြို့နယ် ခါးသျှိကျေးရွာ၌ မတ် ၁၂ ရက်က နေအိမ်တစ်လုံးမီးလောင်ပြီး ကလေးနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် လားရှိုး–တန့်ယန်းသွားကားလမ်း ခါးသျှိကျေးရွာနေ ဦးဧီဆူးသည် မတ် ၁၂ ရက် ည ၈ နာရီခန့်က တခြားနေအိမ်သို့ သွားရောက်စဉ် အိမ်တွင်ကျန်ခဲ့သည့် ၎င်း၏သမီး မန္တယ်နီဝင်းနှင့် မဆုဆုခိုင်တို့ ခေါက်ဆွဲခြောက် ပြုတ်စားရာမှ မီးလောင်ခဲ့ခြင်းဖြစ်ပြီး နှစ်ဦးလုံး သေဆုံးခဲ့ကြောင်း သိရသည်။

ဟန်ဌေး(လားရှိုး)

ဂန့်ဂေါ - ကလေး ကားလမ်းဘေးတွင် လူသေအလောင်းတွေ့ရှိ

ဂန့်ဂေါ မတ် ၁၃

ဂန့်ဂေါ– ကလေး ကားလမ်း မိုင်တိုင်အမှတ် ၁၄/၁ နှင့် ၁၄/၂ ကြား လမ်းဘေးချောက်ထဲတွင် မီးလောင်ကျွမ်းထားသည့် လူသေအလောင်းကို ယမန်နေ့က တွေ့ရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာနှင့် ကိုက် ၃၀၀ ခန့်အကွာရှိ ယာစောင့်တဲပိုင်ရှင် ဦးဇော်ဝင်းသည် မတ် ၁၂ ရက် ညနေပိုင်းတွင် ခွေးအဆက်မပြတ်ဟောင်သဖြင့် သွားကြည့်ရာ မီးလောင်ထားသည့် အမျိုးသားတစ်ဦး၏ အလောင်းကိုတွေ့ရှိရကြောင်း၊ ကန်ကျေးရွာအုပ်ချုပ်ရေးမှူးထံ သွားရောက်သတင်းပို့ခဲ့ရာ ၎င်းမှတစ်ဆင့် ကန်နယ်မြေရဲစခန်းသို့ ဆက်လက်သတင်းပေးပို့ခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကန်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

စိန်ကျော်

လက်ပံပျားကျေးရွာဈေးဆိုင်တန်းတွင် လူတစ်ဦး ဓာတ်လိုက်သေဆုံး

ကျောက်ပန်းတောင်း မတ် ၁၃

ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာတွင် ယနေ့ မွန်းတည့် ၁၂ နာရီခန့်က ဆိုင်ခန်းမျက်နှာကြက်အား လျှပ်စစ်ဝရိန်ဆော်စက်ဖြင့် ပြုပြင်ရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ တင်လင်းအောင်ဖြစ်ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် သေမှု သေခင်းဖွင့်လှစ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်

နေပြည်တော် မတ် ၁၃

ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတွင် ယနေ့နံနက်ပိုင်းက ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်ကျွမ်းခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့ ထံမှ သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး၏ မိုင်တိုင်

အမှတ် ၃၀/၈ နှင့် ၃၁/၀ အကြားရှိ ယာဉ်မောင်း ဦးစိုင်းအောင်ထွေး တောင်ကြီးမြို့နေသူ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်သည် ယနေ့နံနက် ၅ နာရီတွင် လေအိတ်ပေါက်ပြီး ကားကိုယ်ထည်နှင့် ဘီးပွတ်တိုက်ကာ မီးလောင်ကျွမ်းခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အပါအဝင် ခရီးသည် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၃၂ ဦးမှာ ဘေးကင်းခဲ့သော်လည်း ကားမှာ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)
ဓာတ်ပုံ – အမြန်လမ်းရဲတပ်ဖွဲ့

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့က တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၁၇၆ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၂၄၅ သန်း) စုစုပေါင်း တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၄၂၁ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၇/၅) စံလောင်းကျေးရွာဆေးရုံအနီး လမ်းဘေးချုံပုတ်အတွင်း၌ မိုးကာဖြင့် ဖုံးအုပ်ထားသော တရားမဝင် တမလန်း ဓားရွှေ ၅၂ တုံး (သုည ဒသမ ၂၆၂၂ တန်)၊ ပိတောက်ဓားရွှေ ၂၃ တုံး(သုည ဒသမ ၄၃၀၀ တန်)စုစုပေါင်းအလေးချိန် သုည ဒသမ ၆၉၂၂ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၁၇၆ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၃

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေပြည်အေး – နတ်နန်းသွားလမ်း နတ်နန်းချောင်းတောင်ဘက် သုံးမိုင်ခန့်အကွာနှင့် တုံစီကျေးရွာ၏ အနောက်တောင်ဘက် ခြောက်မိုင်ခန့်အကွာ နေရာတို့မှ တရားမဝင် အင်သစ် ၇၈ လုံး (၁၇ ဒသမ ၆၂၆၀ တန်)အားလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် သမင်ကတုတ်ကျေးရွာ အနောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် တရားမဝင် အင်ခွဲသား ၁၈၉ ချောင်း(၂ ဒသမ ၈၈၉၀ တန်) အားလည်းကောင်း(**ဝဝုံ**)၊ ထီးလင်းမြို့နယ် ထီးလင်း–ကျောက်ထုသွား ကားလမ်း၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၇၅ ချောင်း (၈ ဒသမ ၂၀၅၈ တန်) အား လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သောသူများအား စုံစမ်းရှာဖွေ ဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဆိပ်ဖြူမြို့နယ် ရေထွက်ကျေးရွာ၏ အရှေ့မြောက်ဘက် နှစ်ဖာလုံခန့်အကွာတွင် တရားမဝင် သစ်စက်ဆက်စပ်ပစ္စည်းများ၊ သစ်မျိုးစုံ တစ်တန်ခန့်နှင့်အတူ သစ်စက်ပိုင်ရှင် တစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး သီးခြားပိုင်ရှင်များအား(စိစစ်ဆဲ) စုံစမ်းရှာဖွေဖော်ထုတ်ခြင်းနှင့် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရှေ့နေနှင့် အစီရင်ခံစာ

ဦးဟန်ညွှန့် (ဥပဒေ)

နိဒါန်း

"ဆရာ"
"ဗျာ"
" ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"
" ရှေ့နေနှင့် အစီရင်ခံစာ" ပါတဲ့ ။
"ဘာကိုဆိုလိုပါသလဲဆရာ"
" ဖတ်ကြည့်ကြစို့"

အစီရင်ခံစာ

ဘာအစီရင်ခံစာလဲ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ (၂၀၁၉) ဖြစ်ပါသည်။

အခန်း (၅)ခန်း

အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ၂၀၁၉ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်ချမှတ်ခြင်းကဏ္ဍများ ပါဝင်သော အခန်း (၅) ခန်းပါရှိသည်။ စာမျက်နှာပေါင်း (၁၃၇) ဖြစ်သည်။ မှတ်တမ်းဓာတ်ပုံ၊ ဇယားစုံသည်။ လိုတိုရှင်း ရေးသည်။ သမားရိုးကျ ပုံသေကားချပ် အစီရင်ခံစာပုံစံမျိုးမဟုတ်။ အလုပ်လုပ်တာပေါ်အောင် အနှစ်သာရ တင်ပြသည့် အသွင်သစ် အစီရင်ခံစာ ဖြစ်သည်။ ၂၀၁၈ အစီရင်ခံစာနှင့် ၂၀၁၉ အစီရင်ခံစာ နှိုင်းယှဉ်ဖတ်လျှင် ပို၍သိမည်။ ပို၍တိုးတက်သလား။ ကျဆင်းသလား။

နိုင်ငံတော်အကြီးအကဲများ

နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ကော်မရှင်ဥက္ကဋ္ဌတို့၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တွန်းအားပေးသည့် စေတနာဆန္ဒများက ထိပ်ဆုံးကဖော်ပြထားသည်။ ကဏ္ဍအလိုက် ဆက်ရေးသည်။

ရပ်ကွက်နှင့်ကျေးရွာ

ရပ်ကွက်နှင့် ကျေးရွာအဆင့်အထိ အဂတိလိုက်စားမှုလျော့နည်းရေးကတော့ အပြောသက်သက် လက်တွေ့မထိရောက်သေးဟု ဝေဖန်သူများရှိသည်။ ရပ်ကွက်ကျေးရွာအထိမလုပ်နိုင်တာ ကိစ္စမရှိသေး။ ပြည်ထောင်စုအဆင့်၊ ဗဟိုအဆင့်ကို ဦးစွာ နိုင်အောင်ကိုင်ပါဦးဟု မချင့်မရဲဖြစ်သူများက ဝေဖန်ထောက်ပြသံကို လေးစားစွာကြားနေရသည်။ ထို့ကြောင့် လာမည့်နှစ်အတွက် CPU များကို အားကိုးပါကြောင်း အစီရင်ခံစာမှာဖော်ပြသည်။ (စာ–၂၀)

အသိပညာပေးခြင်း

အသိပညာပေးခြင်းက ဘာပဲလုပ်လုပ် အဓိကကျသည်။ တချို့က အသိပညာပေးမနေပါနှင့် "လာဘ်စားရင် စားတဲ့သူကို သေဒဏ်ပေးလိုက်၊ လူထုကဝိုင်းပြီး လက်ခုပ်တီး၊ ပြီးတာပဲ" ဟု ကရုဏာ ဒေါသော ပြောသည်။ ဩော် . . . ။

> **နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီသို့ မြန်မာအဖွဲ့ဝင်ဖြစ်ခဲ့ပြီ။ နည်းပညာအကူအညီတွေလည်းရသည်။ အညွှန်းကိန်းအတက်အကျကြည့်ပြီး မြန်မာကော်မရှင်ကို မလေးစား၍မရ။ တကယ် အလုပ်လုပ်၊ မလုပ် သူတို့သိပြီ။ မြန်မာကော်မရှင်ကို လာလေ့လာ...**

ဤအစီရင်ခံစာတွင် ဖော်ပြချက်အရ ကချင်၊ ကရင်၊ မွန်၊ ချင်း၊ ရခိုင်၊ ရှမ်း၊ စစ်ကိုင်း၊ မကွေး၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေး၊ တနင်္သာရီများတွင် အခမ်းအနားကျင်းပခဲ့သည်။ ပြည်နယ်တိုင်း အလွှာစုံ လူထုနှင့်တွေ့၊ ဆွေးနွေး၊ တင်ပြချက်၊ အကြံပြုချက်လေးစားစွာခံယူခဲ့သည်။ (စာ–၂၇ မှ ၃၃)

ဝန်ကြီးဌာနများနှင့် တက္ကသိုလ်များတွင် ဟောပြောပွဲများ ကျင်းပသည်။ သင်တန်းဖွင့်၊ ဆွေးနွေးပွဲလုပ်၊ ချို့ယွင်းအားနည်းချက်များ နာခံ၊ လက်ခံ။ အပြန်အလှန် လူထုအသံ။

လူငယ်

လူငယ်တွေကိုအထင်ကြီး၊လေးစားသည်။သူတို့က တကယ်အလုပ်လုပ်တာ။ တကယ် တက်ကြွတာ။ လူကြီးတွေကိုပင်အားမရ။ နှေးကွေးသည်ဟု ဝေဖန်ကြသည်။ အနာဂတ်ပိုင်သော လူငယ်တို့၏အားမာန်ကို ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး လူငယ်စခန်းတွေမှာ ထင်ထင်ရှားရှားမြင်ခဲ့၊ ကြားခဲ့ရသည်။ (စာ–၃၉ မှ ၄၈)

သတင်းထုတ်ပြန်မှု

လူထုကို အသိပေး။ ဝှက်မထားနှင့်။ ပွင့်လင်းမြင်သာရှိပါစေ။ ဤစေတနာဖြင့် သတင်းမှန်ထုတ်သည်။ ကောလာဟလ မယုံကြနှင့်။ ကော်မရှင်က တရားဝင် သတင်းထုတ်ပြန်မှုကိုသာ ယုံကြည်စေချင်သည်။ (စာ–၄၉–၅၄)

ဥပဒေမူဘောင်

ဥပဒေသာ အဓိက။ စာအုပ်ကြီးအတိုင်း လုပ်ပြန်ပြီဟု ဝေဖန်သော်ငြားအမှန်တရားကဖြင့် ဥပဒေသည်သာ အဓိက။ ပေးထားသည့်တာဝန်ကျေပွန်ဖို့မှာ ဥပဒေပြဋ္ဌာန်းချက်အတိုင်း လိုက်နာမှသာ မှန်မည်။ ကိုယ်ထင်ရာ ကိုယ်လုပ်၍ မရ။ အများသဘောကျလျှင်ပြီးရောဟု ဥပဒေကမဆို။ ၄–၁၂–၂၀၁၉ ရက်တွင် နည်းဥပဒေသစ် (မူကြမ်း) ရေး၍ သမိုင်းမော်ကွန်းသစ်တင်နိုင်ခဲ့ပါပြီ။ (စာ–၆၁)

အမိန့်ကြော်ငြာစာ ၁၄/၂၀၁၈

၁၄/၂၀၁၈ ဖြင့် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ဖို့၊ ကျင့်ဝတ်များ ရေးသားလိုက်နာဖို့ ပူးပေါင်းခဲ့သည်။ ဝိုင်းလုပ်ကြပါ။ ပြည်သူ စောင့်ကြည့်နေပါသည်။

CPU

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) များ အကြောင်းပါ။ အားရစရာကောင်းသည်။ ဝန်ထမ်းမပါ၍မဖြစ်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်။ သူတို့ ဆန္ဒ၊ သူတို့ဘဝ၊ သူတို့ စေတနာ၊ တကယ်ပူးပေါင်းမှ တကယ်အောင်မြင်မည်ဟု ကော်မရှင်ကယုံသည်။ ယခုပူးပေါင်းဆောင်ရွက်ကြပြီ။ ဝန်ဆောင်မှုရယူသူနှင့် တကယ့်သဘောထားကို သိချင်သည်။ မလိမ်မည်ကြေး။ ထိုအခါ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တကယ်အောင်ပြီ။ ကြွေးကြော်မည်။ (စာ–၈၄)

စုံစမ်းစစ်ဆေးခြင်း

တိုင်စာစုစုပေါင်း (၉၃၉၄)စောင် ဖြစ်ပါသည်။

တိုင်စာတိုင်း အရေးယူသလား။ မယူ။ ဘာကြောင့်လဲ။ ဥပဒေနှင့်မညီလျှင် အရေးမယူ။

ဘက်လိုက်၍ မဖြစ်။ တာဝန်ယူရမည်။ တာဝန်ခံရမည်။ သမိုင်းတရားခံ အဖြစ်မခံနိုင်။ သတိကြီးစွာထား။ အမှားမလုပ်နှင့်ဟု ဥက္ကဋ္ဌက မကြာခဏ သတိပေး။ တာဝန်ယူခဲ့သမျှ၊ အရေးယူခဲ့သမျှ၊ ဘာကြောင့်ဆိုသော အကြောင်းအရင်းကို ရှင်းရှင်းလင်းလင်း မှတ်တမ်းတင်သည်။ EC ဆုံးဖြတ်ချက် လေးနက်စွာ ရေးသည်။ မပျောက်မပျက်ရအောင် ဒုတိယသက်တမ်းအဖွဲ့ဝင် ၁၂ ဦးတို့က နောက်ဆက်ခံသူများသို့ လက်ဆင့်ကမ်းခဲ့ပါမည်။ (စာ–၈၇ မှ ၉၈)

နိုင်ငံတကာ

နိုင်ငံတကာက မြန်မာကို အထင်သေးခဲ့ဖူးသည်။ ဒီအလုပ်လုပ်နိုင်ပါ့မလား။ We can do it. ဟု ရဲရဲကြီး ပြောနိုင်ပါပြီ။ လက်တွေ့ဘဝသူတို့မြင်ကြပြီ မဟုတ်လား။

နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီသို့ မြန်မာအဖွဲ့ဝင်ဖြစ်ခဲ့ပြီ။ နည်းပညာအကူအညီတွေလည်း မြန်မာရသည်။ အညွှန်းကိန်းအတက်အကျကြည့်ပြီး မြန်မာကော်မရှင်ကို မလေးစား၍မရ။ တကယ်

အလုပ်လုပ်၊ မလုပ် သူတို့သိပြီ။ သံအမတ်ကြီးများ၊ နိုင်ငံခြားပညာရှင်များက လေးစားစွာ အမြင်ဖလှယ်ကြ၊ အကြံပြုကြ၊ သင်တန်းတွေလာပို့ချ၊ မြန်မာကော်မရှင်ကို လာလေ့လာကြ။ အားရဖွယ်၊ ကျေးဇူးတင်ဖွယ် .....။

ရန်ကုန်နှင့် မန္တလေး

ရန်ကုန်နှင့် မန္တလေးမှာ ရုံးခွဲတွေ ဖွင့်ပြီးပြီ။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကလည်းမျှော်။ လုပ်ခွင့်၊ ဘဏ္ဍာငွေအခြေအနေအရ ဆက်လုပ်ကြမည်ပါ။ အတုအယောင်လိမ်လည်သူတချို့က တရားဝင်ရုံးဖြစ်သယောင်၊ အဖွဲ့ဖြစ်သယောင် လူပုဂ္ဂိုလ်အယောင်ဆောင် ဖန်တီးကြသေးသည်။ လူထုမယုံပါ။ အစစ်အတု သတိပြု၍ အားပေးကြစေချင်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသစ်ကြီး (နေပြည်တော်) ကိုလည်း နေပြည်တော် ဥတ္တရသီရိမြို့နယ် ဧယျဌာနီလမ်း အနောက်ဘက်မှာ ၁၂–၂–၂၀၁၉ ရက်က ပန္နက်တင်ခဲ့ပြီးပြီမို့ မဟာသင်္ကြန်မှာ ရုံးသစ်တက်နိုင်မည် မျှော်လင့်သည်။ နိုင်ငံအကျိုး၊ လူထုအကျိုး ပို၍ အလုပ်လုပ်ကြရဦးမည်။ လူထုစောင့်ကြည့်နေပါသည်။ (စာ–၁၀၀)

ဝန်ထမ်းအင်အား

မလောက်မင ဝန်ထမ်းအင်အားနှင့် အခြေချခဲ့ရသည်မို့ ယခုအခါ ဝန်ထမ်းအင်အားတိုးချဲ့နိုင်ပါပြီ။ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်ဖို့ ကြိုးပမ်းရတာ ကလည်း အဓိကကျသည်။

"ကျွန်တော်တို့ အချိန်တန်ရင် အနားယူကြမှာ။ ဝန်ထမ်းတွေက ကျန်ခဲ့မှာ။ သမိုင်းပေးတာဝန်ကို ဆက်လုပ်ကြဖို့၊ ကျွမ်းကျင်ကြဖို့ (၁) ဘာလုပ်နေတာလဲ (၂) ဘယ်လိုလုပ်မှာလဲ (၃) ဘာကြောင့်လုပ်နေရတာလဲ သိဖို့၊ တတ်ဖို့၊ ခံယူဖို့၊ ကျင့်ဝတ်မြဲဖို့" ဥက္ကဋ္ဌကြီး ဦးအောင်ကြည်က နှစ်ပတ်လည်အစည်းအဝေးမှာ အသံဖမ်းစက်သွင်းစေပြီး ဝန်ထမ်းများအား သံယောဇဉ်ကြီးစွာ မှာကြားနေသံကို ကျွန်တော်ကြားယောင်နေသည်။ နောက်ဆက်ခံမည့် အဖွဲ့ဝင်များကိုလည်း သမိုင်းပေးတာဝန်လွှဲပေး၍ ကျွန်တော်တို့ထက် ပို၍ပို၍ အလုပ်လုပ်ကြမည်ဟု မျှော်လင့်ချက်ကြီးစွာ ယုံသည်။ မျှော်သည်။

အမြဲမပြတ်စောင့်ကြည့်

မိမိကိုယ်မိမိလည်း ပြန်ကြည့်၊ ပြန်ဝေဖန်၊ လူထုကလည်း အမြဲမပြတ်စောင့်ကြည့်၊ အပြစ်နည်းအောင်၊ အကျိုးများအောင် စွမ်းဆောင်နိုင်ရမည် ခံယူသည်။ ရှေ့ခရီးဆက်ရဦးမည်။

အစီရင်ခံစာကို ဖတ်ရှု၊ ဝေဖန်သော ပြည်သူ့အသံ လေးစားစွာ နားထောင်ရဦးမည်။

- ပြည်သူများ၏အမြင်မှာ ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ကောင်းမွန်ကြောင်း ယူဆကြသည်။ (စာ–၁၃၀) ဟု စစ်တမ်းကထောက်ပြသည်။
- မျက်စိပိတ်ထားခြင်းမရှိ။
- နားပိတ်ထားခြင်းမရှိ။ ပြည်သူ့အသံကို အစဉ်နားဆင်လျက် ဥပဒေနှင့်အညီ တာဝန်ကျေအောင် စိစစ်ကြိုးပမ်းနေသည့်ကြားက စေတနာအမှားရှိခဲ့ငြားလျှင် သဘာဝကျကျ ပိုင်းခြားသုံးသပ်ကြမည်၊ ပြင်ဆင်ကြမည်ဟု ခံယူမျှော်လင့်လျက် အစီရင်ခံစာ တင်ပြအပ်ပါသည်။

နိဂုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် တည်ငြိမ်စွာဖြင့် ရှေ့သို့ခရီးဆက်နေလေသည်။ ။

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(၈) ပုဒ်မ ၃၄၂ ပါပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေဘဲ အောက်ပါကိစ္စတစ်ရပ်ရပ်တွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်-

(၁) ဤပုဒ်မအရ ဆင့်ဆိုခြင်းခံရသည့်အခါ တစ်ဦးတစ်ယောက်သည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ တရားရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်ခြင်း၊

(၂) ဤပုဒ်မအရ ဆင့်ဆိုခြင်းခံရသည့်အခါ တစ်စုံတစ်ဦးသည် တရားရုံးရှေ့သို့ လာရောက်ခြင်းမှ ရှောင်ရှားရန်အလို့ငှာ ထွက်ပြေးတိမ်းရှောင်ကြောင်း သို့မဟုတ် ထွက်ပြေးတိမ်းရှောင်တော့မည်ဖြစ်ကြောင်း ယုံကြည်ရန် ခိုင်လုံသော အကြောင်းများရှိခြင်း။

(ဃ) ပုဒ်မခွဲ(ဂ)တွင်ဖော်ပြထားသူကို တရားရုံးရှေ့သို့ ခေါ်ဆောင်လာရန်နှင့် ထိုသူ၏ လက်ဝယ်ရှိပစ္စည်းတစ်ရပ်ရပ်ကို ရုံးရှေ့သို့ တင်ပြရန် အလို့ငှာ အောက်ပါ အရေးယူဆောင်ရွက်ချက်များ လုပ်ဆောင်ရန်အတွက် တရားရုံးသည် ဝရမ်းထုတ်ဆင့်၍ ရဲအရာရှိ သို့မဟုတ် တရားရုံးအရာရှိအား အတည်ပြုဆောင်ရွက်စေနိုင်သည် -

(၁) ထိုသူအား ဖမ်းဆီးခြင်း၊

(၂) ထိုသူ၏လက်ဝယ်တွင်ရှိသော စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများ၊ ငွေကြေး သို့မဟုတ် ကုန်ပစ္စည်းတစ်ရပ်ရပ်ကို သိမ်းဆည်းစေခြင်း။

(၈) ပုဒ်မခွဲ(ဃ)အရ ထုတ်ဆင့်သောဝရမ်းဖြင့် ဖမ်းဆီးထားသော တစ်ဦးတစ်ယောက်အား အချုပ်တွင် ထားရှိစေရန်အပြင် ဝရမ်းအရ သိမ်းဆည်းထားခဲ့သော ပစ္စည်းတစ်ရပ်ရပ်ကို ထိုဝရမ်းအရ တရားရုံးရှေ့သို့ ထိုပုဂ္ဂိုလ်အား ခေါ်ယူတင်ပို့လာချိန်ထိဖြစ်စေ၊ တရားရုံးက အမိန့်တွင် ဖော်ပြသတ်မှတ်သည့် အချိန်ကာလအထိ ဖြစ်စေ ထိန်းသိမ်းထားရှိစေရန် ရဲအရာရှိ သို့မဟုတ် တရားရုံးအရာရှိအား ညွှန်ကြားနိုင်သည်။

ပုဒ်မ ၃၄၄ အရ တရားရုံးက အတည်ပြုဆောင်ရွက်ရန်အာဏာ

၃၄၅။ (က) ပုဒ်မ ၃၄၄ သို့မဟုတ် ဤပုဒ်မအရ တင်ပြလာသော သက်သေခံချက်တစ်ရပ်ရပ်ကို စဉ်းစားသုံးသပ်ရာ၌ လူမွဲပိုင်ပစ္စည်းတွင်ပါဝင်သော ပစ္စည်းတစ်ရပ်ရပ်သည် တစ်ဦးတစ်ယောက်၏ လက်ဝယ်တွင်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ထိုပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူက တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ သတ်မှတ်သည့်အချိန်နှင့် နည်းလမ်းအတိုင်း လက်ရောက်ပေးအပ်စေရန် စည်းကမ်းချက်များ သတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၃၄၄ သို့မဟုတ် ဤပုဒ်မအရ တင်ပြလာသော သက်သေခံချက်တစ်ရပ်ရပ်ကို စဉ်းစားသုံးသပ်ရာ၌ တစ်ဦးတစ်ယောက်က လူမွဲထံသို့ ကြွေးမြီပေးဆပ်ရန်ရှိကြောင်း ပေါ်ပေါက်လျှင် ထိုတရားရုံးသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ထိုကြွေးမြီအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူမှ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ သတ်မှတ်သည့်အချိန်နှင့် နည်းလမ်းများအတိုင်း လက်ရောက်ပေးအပ်စေရန် စည်းကမ်းချက်များသတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်။

(ဂ) ဆင့်ဆိုသောတရားရုံး၏စီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်း ရှိနေခဲ့လျှင် ပုဒ်မ ၃၄၄ အရ တရားရုံးရှေ့သို့ လာရောက်ရန် ဆင့်ဆိုခြင်းခံရမည်ဖြစ်သော တစ်ဦးတစ်ယောက်သည် နိုင်ငံတော်အတွင်း၌ဖြစ်စေ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ ရှိနေစေကာမူ ၎င်းအား နိုင်ငံတော်အတွင်း တစ်နေရာရာ၌ စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၃၄၄ သို့မဟုတ် ဤပုဒ်မအရ တရားရုံးရှေ့သို့ လာရောက်သည့် သို့မဟုတ် တင်ပို့ခြင်းခံရသည့် တစ်ဦးတစ်ယောက်အား လူမွဲနှင့် ပတ်သက်၍ သို့မဟုတ် ၎င်း၏ ဆက်သွယ်ဆောင်ရွက်မှုများ သို့မဟုတ် လုပ်ငန်းကိစ္စများ သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ မေးမြန်းသော မေးခွန်းများကို ကျမ်းသစ္စာပြုစေ၍ စစ်ဆေးနိုင်သည်။

ယာယီပစ္စည်းထိန်း ခန့်အပ်ခြင်း

၃၄၆။ လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်သည့်အခါ အောက်ပါအချက်များသည် သက်ဆိုင်သကဲ့သို့ ပုဒ်မ ၂၇၂ အရ ယာယီပစ္စည်းထိန်းအား ခန့်အပ်ရာတွင် ပုဒ်မ ၃၄၄ နှင့် ၃၄၅ တို့သည်လည်း သက်ဆိုင်စေရမည် -

(က) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူဆိုသော စကားရပ်များတွင် ယာယီပစ္စည်းထိန်းဆိုသောစကားရပ်လည်း ပါဝင်သည်ဟု မှတ်ယူရမည်၊

(ခ) လူမွဲနှင့် လူမွဲပိုင်ပစ္စည်းဆိုသော စကားရပ်များတွင် မြီစားနှင့် ၎င်းပိုင်ပစ္စည်းများလည်း ပါဝင်သည်ဟု မှတ်ယူရမည်။

အထူးမန်နေဂျာ ခန့်အပ်ပိုင်ခွင့်

၃၄၇။ (က) အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် တရားရုံးသည် တစ်ဦးတစ်ယောက်အား အထူးမန်နေဂျာအဖြစ် ခန့်အပ်နိုင်သည်-

(၁) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့်ကိစ္စ၊

(၂) လူမွဲဖြစ်မှုရပ်စဲခြင်းမရှိသေးသောသူ၏ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ကိစ္စ၊

(၃) တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၇၂ အရ ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်ရာတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ကိစ္စ။

(ခ) လူမွဲပိုင်ပစ္စည်းများ သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် စီးပွားရေးလုပ်ငန်း၏ သဘာဝအရဖြစ်စေ၊ မြီရှင်များ၏ အကျိုးစီးပွားအတွက်ဖြစ်စေ ယင်းတို့ကို စီမံခန့်ခွဲစေရန်အတွက် အခြားသူတစ်ဦးအားခန့်အပ်ရန် လိုအပ်နေကြောင်း တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ထင်မြင်ယူဆသည့်အခါ ထိုသို့ခန့်ထားပေးရန် လျှောက်ထားနိုင်သည်။

(ဂ) အထူးမန်နေဂျာတစ်ဦးက ကျင့်သုံးဆောင်ရွက်ရန်အတွက် လုပ်ပိုင်ခွင့်အာဏာများကို တရားရုံးက အပ်နှင်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ တရားရုံးက အထူးမန်နေဂျာတစ်ဦးအား လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းရာတွင် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယာယီပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူတို့ကဲ့သို့ တူညီသောလုပ်ပိုင်ခွင့်ရှိပြီး ၎င်း၏ လုပ်ရပ်များသည်လည်း တူညီသော သက်ရောက်မှုရှိစေရမည်ဖြစ်ကြောင်း ထည့်သွင်းညွှန်ကြားနိုင်သည်။

(၄) ဤပုဒ်မအရခန့်အပ်သော အထူးမန်နေဂျာသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-

(၁) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ အာမခံတင်သွင်းစေခြင်း၊

(၂) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ငွေစာရင်းများကိုပြုစု၍ ထိန်းသိမ်းစေခြင်း။

လူမွဲ၏ စာပေးစာယူများကို ပြန်လည်ပေးပို့ခြင်း

၃၄၈။ (က) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ လူမွဲမှဖြစ်စေ၊ ၎င်းထံသို့ဖြစ်စေ ပေးပို့သည့် သို့မဟုတ် ရယူသည့် စာပေးစာယူဆက်သွယ်မှုများနှင့်စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်းထံသို့ဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ၊ အခြားနည်းဖြင့် ညွှန်ကြားသည့်နေရာသို့ဖြစ်စေ ပေးပို့စေရန် တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်ရာတွင် ထည့်သွင်းချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရချမှတ်သောအမိန့်၏ အကျိုးသက်ရောက်မှုရှိသည့်ကာလကို သတ်မှတ်နိုင်သော်လည်း ယင်းသတ်မှတ်ကာလသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ သုံးလထက် ကျော်လွန်ခြင်းမရှိစေရ။

ကာလစည်းကမ်းသတ်

၃၄၉။ ဤအပိုင်းအရဖြစ်စေ၊ နည်းဥပဒေများအရဖြစ်စေ အရေးယူဆောင်ရွက်ချက်တစ်စုံတစ်ရာကို ဆောင်ရွက်ရန် စည်းကမ်းသတ်ကာလ သတ်မှတ်ထားသည့်ကိစ္စတွင် ထိုကာလအတွင်းဖြစ်စေ၊ ကုန်ဆုံးပြီးနောက်မှဖြစ်စေ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း ယင်းစည်းကမ်းသတ်ကာလကို တိုးချဲ့သတ်မှတ်ပေးနိုင်သည်။

နည်းလမ်းမကျမှုများ

၃၅၀။ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် အထူးမန်နေဂျာ သို့မဟုတ် မြီရှင်များ ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ရာတွင်လည်းကောင်း၊ ၎င်းတို့၏ အရည်အချင်းနှင့်စပ်လျဉ်း၍လည်းကောင်း နည်းလမ်းမကျမှုများ သို့မဟုတ် ချို့ယွင်းမှုများ ရှိခဲ့စေကာမူ ၎င်းတို့၏ ပြုလုပ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

တံဆိပ်ခေါင်းခွန် ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်

၃၅၁။ လူမွဲကဖြစ်စေ၊ လူမွဲအတွက်ဖြစ်စေ၊ လူမွဲ၏အကျိုးငှာဖြစ်စေ၊ ချုပ်ဆိုသော စာချုပ်တစ်ရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ လူမွဲက တံဆိပ်ခေါင်းခွန်ကျခံရန် တာဝန်ရှိသည့် စာချုပ်စာတမ်းတစ်ရပ်ရပ်အပေါ် တံဆိပ်ခေါင်းခွန် ထိုက်သင့်ခြင်းမရှိစေရ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် လူမွဲအဖြစ် ရပ်စဲပြီးနောက် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

အပိုင်း (၉)
ရာထူးလက်ရှိဖြစ်သူနှင့် ယခင်ကဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စရပ်များ သက်ဆိုင်ခြင်း
အခန်း (၁)
ပြန်လည်ထူထောင်ရေးမန်နေဂျာ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိစသည်တို့မှ စီမံခန့်ခွဲခြင်း

နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကို ခန့်ထားခြင်း

၃၅၂။ ပုဒ်မ ၇ တွင် ရည်ညွှန်းဖော်ပြထားသည့် ရာထူးတစ်ရပ်ရပ်အတွက် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကို ခန့်ထားခဲ့လျှင် ၎င်းတို့ကို ခန့်အပ်ကြောင်း ဆုံးဖြတ်ချက် သို့မဟုတ် သဘောတူညီချက် သို့မဟုတ် တရားရုံး၏အမိန့်ဖြင့် အခြားနည်း ညွှန်ကြားထားချက် မှတစ်ပါး ထိုရာထူးတစ်ရပ်ရပ်အတွက် တာဝန်ထမ်းဆောင်သူ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ၎င်းတို့အနက်မှ တစ်ဦးဦးကဖြစ်စေ သို့မဟုတ် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများက ပူးတွဲ၍ဖြစ်စေ ဆောင်ရွက်နိုင်သည် သို့မဟုတ် ကျင့်သုံးနိုင်သည်။

ကုမ္ပဏီ၏ပစ္စည်းများနှင့် စပ်လျဉ်းသည့်တာဝန်

၃၅၃။ (က) ဤအခန်းတွင် ကုမ္ပဏီတစ်ခု၏ ရာထူးလက်ရှိဖြစ်သူဆိုသည့် ရည်ညွှန်းဖော်ပြချက်သည် ထိုကုမ္ပဏီအတွက် ခန့်ထားသော ပြန်လည်ထူထောင်ရေး မန်နေဂျာ၊ ပြန်လည်ထူထောင်ရေး အကြံပေး၊ အစီအစဉ်ကြီးကြပ်သူ၊ ပစ္စည်းထိန်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုဆိုလိုပြီး ကုမ္ပဏီသည် အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်လျှင် ဤပုဒ်မနှင့်သက်ဆိုင်စေရမည် -

(၁) ကုမ္ပဏီတစ်ခုသည် ဤဥပဒေ၏ အပိုင်း(၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆောင်ရွက်နေခြင်း သို့မဟုတ်

(၂) ပစ္စည်းထိန်းခန့်ထားခြင်း၊

(၃) ကုမ္ပဏီတစ်ခုသည် စာရင်းရှင်းလင်းဖျက်သိမ်းမှုပြုလုပ်နေခြင်း၊

(၄) ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်ထားခြင်း။

(ခ) ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်ဟန်လက္ခဏာရှိသည့် ပစ္စည်းတစ်ရပ်ရပ်၊ စာအုပ်စာတမ်းများ သို့မဟုတ် မှတ်တမ်းများသည် တစ်ဦးတစ်ယောက်၏ လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ရှိသည့်အခါ ထိုပစ္စည်း၊ စာအုပ်စာတမ်းများ သို့မဟုတ် မှတ်တမ်းများကို ရာထူးလက်ရှိဖြစ်သူထံသို့ ပေးအပ်ရန်၊ လက်ရောက်ပေးရန်၊ သယ်ယူပို့ဆောင်ပေးရန်၊ စွန့်လွှတ်ပေးအပ်ရန် သို့မဟုတ် လွှဲပြောင်းပေးအပ်ရန် ထိုသူအား တရားရုံးက အမိန့်ချမှတ်နိုင်သည်။

(ဂ) ရာထူးလက်ရှိဖြစ်သူသည်-

(၁) ကုမ္ပဏီပိုင်မဟုတ်သည့်ပစ္စည်းတစ်ခုခုကို သိမ်းယူခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုလုပ်သည့်အခါတွင် ယင်းသို့ပြုပိုင်ခွင့်ရှိကြောင်း ၎င်းမှ ယုံကြည်ရန်နှင့် ယုံကြည်ရန် သင့်လျော်သည့် အကြောင်းရှိပါက ၎င်း၏ ကိုယ်တိုင်ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုများနှင့်စပ်လျဉ်း၍မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာမှု တစ်ရပ်ရပ်အတွက် ၎င်းအပေါ်တွင် တာဝန်မရှိစေရ၊

(၂) ထိုသို့သိမ်းယူခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်အတွက် အဆိုပါပစ္စည်းကို သို့မဟုတ် ပစ္စည်းကို ရောင်းချရငွေကို အာမခံအဖြစ် လက်ဝယ်ထားခွင့် (lien) ရှိစေရမည်။

ရာထူးလက်ရှိဖြစ်သူနှင့် ပူးပေါင်းဆောင်ရွက်ရန်တာဝန်

၃၅၄။ (က) ပုဒ်မခွဲ (ခ) ပါ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာဆက်သွယ်ဆောင်ရွက်သည့် ကိစ္စရပ်များ၊ လုပ်ငန်းကိစ္စရပ်များ သို့မဟုတ် ပစ္စည်းများကို ရာထူးလက်ရှိဖြစ်သူက သင့်လျော်သည့်အချိန်တွင် ကျိုးကြောင်းဆီလျော်စွာ တောင်းခံလာသည့်အခါ ပေးအပ်ခြင်း၊

(၂) ရာထူးလက်ရှိဖြစ်သူက ပူးပေါင်းဆောင်ရွက်ရန် ကျိုးကြောင်းဆီလျော်စွာ တောင်းဆိုသည့်အချိန်တွင် လာရောက်ခြင်း။

(ခ) ပုဒ်မခွဲ(က) ပါပုဂ္ဂိုလ်ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-

(၁) ကုမ္ပဏီအရာရှိများ သို့မဟုတ် ယခင်က ကုမ္ပဏီအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူများ၊

(ဆက်လက်ဖော်ပြပါမည်)

အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်းပွဲ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်

ပုသိမ် မတ် ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပုသိမ်)၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁) ဆင်းပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က "နယ်စပ်ဒေသနဲ့ ကျေးလက်တွေမှာ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၆ ကျောင်း ဖွင့်လှစ်ပြီး အမျိုးသမီးငယ်လေးများကို သက်မွေးပညာရပ်များ သင်ကြားပေးလျက်ရှိကြောင်း၊ သက်မွေးပညာကို ကောင်းစွာအသုံးချနိုင်ပြီဆိုရင် တစ်ဦးချင်းဝင်ငွေများစေမှာဖြစ်သလို မိသားစုတွေရဲ့ လူနေမှုအဆင့်အတန်းကိုလည်း မြှင့်တင်နိုင်မှာဖြစ်ကြောင်းပြောကြားပြီး ထူးချွန်ဆုရသင်တန်းသူအားဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက သင်တန်းဆင်းကျောင်းသူများ၏ လက်ရာများ ကိုကြည့်ရှုအားပေးခဲ့သည်။

အဆိုပါသင်တန်းတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၈ပတ် ကြာမြင့်ခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)
ဓာတ်ပုံ-လှမင်းထွန်း(ပြန်/ဆက်)

အေးချမ်းသာယာ ပြည်သူ့အိမ်ရာများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တွေ့ဆုံဆွေးနွေး

ပဲခူး မတ် ၁၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မတ် ၁၃ ရက် နံနက် ၉ နာရီခွဲက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့ အေးချမ်းသာယာ ပြည်သူ့အိမ်ရာများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး Myanmar Top Business Group (MTBG) Co., Ltd ဌက္ကဋ္ဌ ဦးသိန်းဟန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးညွန့်ရွှေက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ အခြေခံလိုအပ်ချက်များကို လည်းကောင်း၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းက တိုင်းဒေသကြီး၏ စီးပွားရေးဆိုင်ရာ မဟာဗျူဟာကောင်းများ၊ မွေးမြူရေးကိုအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့် အခွင့်အလမ်းများနှင့် အသက်မွေးပညာသင်တန်းကျောင်းများ တည်ထောင်နိုင်ရေးတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် Myanmar Top Business Group (MTBG) Co., Ltd ဌက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီး အဝင်တွင် အများပြည်သူ အပန်းဖြေဥယျာဉ်တစ်ခု၊ စက်မှုဇုန်နှင့် အေးချမ်းသာယာပြည်သူ့အိမ်ရာ အကောင်အထည် ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၁၃

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် သင်တန်းဆင်းပွဲတက်ရောက်

ဘားအံ မတ် ၁၃

ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁)နှင့် ရိုးရာဂျပ်ခုတ်သင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲကို မတ် ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါ သင်တန်းကျောင်းတွင် ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရရှိသူသင်တန်းသူတစ်ဦးအား အပ်ချုပ်စက်တစ်စုံကို လည်းကောင်း၊ ရိုးရာဂျပ်ခုတ်သင်တန်းတွင် ထူးချွန်ဆုရရှိသူသင်တန်းသူတစ်ဦးအား ငွေသားဆုကိုလည်းကောင်း ဆုများချီးမြှင့်ပေးခဲ့ပြီး ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာသင်တန်းကျောင်းကျောင်းအုပ်ဒေါ်သန်းသန်းက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် သင်တန်းဆင်းသူများ၏ လက်ရာများ ခင်းကျင်းပြသထားမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ကြည့်ရှုအားပေးခဲ့ကြသည်။

နေမျိုးလွင်(ပြန်/ဆက်)

မြန်မာနိုင်ငံ၏ ပထမဆုံးအရုပ်စာကြည့်တိုက် ဖွင့်လှစ်

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ၏ ပထမဆုံးအရုပ်စာကြည့်တိုက်ဖြစ်သည့် စိတ်အာဟာရအမည်ရှိ Book & Toy Library ကို ရန်ကုန်မြို့ သဃ်နိုးကျွန်းမြို့နယ်ရှိ ဆ/ကရပ်ကွက်၌ မတ် ၁၂ ရက် နံနက်ပိုင်းက ဖွင့်ပွဲအခမ်းအနားကို ယင်းစာကြည့်တိုက်၌ ကျင်းပသည်။

အရုပ်စာကြည့်တိုက် ဖွင့်လှစ်ရခြင်းသည် ကလေးငယ်များ စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ကာ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ ခေတ်မီနည်းပညာများကို အမီလိုက်နိုင်စေရန်နှင့် လူမှုပတ်ဝန်းကျင်တွင် အတိုင်းအတာတစ်ခုအထိ ပြီးပြည့်စုံသည့် ကလေးများဖြစ်လာစေရန် ရည်ရွယ်ကြောင်း စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဦးစည်သူအောင်က ပြောကြားသည်။

အဆိုပါစာကြည့်တိုက်၏ အကျယ်အဝန်းမှာ အနံ ၁၂ပေ၊ အလျား ၄၅ ပေရှိပြီး စာအုပ်စာပေပေါင်း ၂၀၀၀ကျော်နှင့် ကလေးများအတွက် ကစားစရာ အရုပ်မျိုးစုံနှင့် ဆော့ကစားနိုင်သည့်အပြင် ပန်းချီသင်တန်း၊ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင်သင်တန်း၊ ဘာသာစကားသင်တန်းစသည့် သင်တန်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စိတ်အာဟာရစာကြည့်တိုက်ကို ၁၉၉၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၂၉နှစ်ရှိပြီဖြစ်ကြောင်း၊ ယခင်က စာအုပ်စာပေ ၄ားရမ်းမှုများရှိခဲ့သော်လည်း စာဖတ်အား တဖြည်းဖြည်း ကျဆင်းလာမှုကြောင့် ယခုအခါတွင် Book & Toy Library မြန်မာနိုင်ငံ၏ ပထမဆုံး အရုပ်စာကြည့်တိုက်အဖြစ် အသစ်ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အေးမင်းသူ

အိမ်တွင်းမှုစက်ချုပ် သင်တန်းဆင်းပွဲ ကျင်းပ

မြိုင် မတ် ၁၃

မြိုင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။

မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးလွဲမွန်ဦးက ထူးချွန်ဆုပေးအပ်ပြီး အိမ်တွင်းမှု သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းတွင် သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ၎င်းလကြာမြင့်ခဲ့သည်။

ဇော်ဇော်(မြို့သစ်)

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

ဒါရိုက်တာမောင်ခင်ဇော် (ကေသီပန်)နှင့် ရုပ်ရှင်စကားဝိုင်း

ဒီတစ်ပတ် ရုပ်ရှင်စကားဝိုင်းကို ကျွန်တော်နဲ့အတူ ဆွေးနွေးမယ့်ပုဂ္ဂိုလ်ကတော့ ခင်ဇော် (ကေသီပန်) ဆိုပြီးတော့ နာမည်ရှိတဲ့သူပါပဲ။ အခုကတော့ ဆရာဦးခင်ဇော်လို့ ကျွန်တော်တို့ ခေါ်ဆိုပါတယ်။ ဆရာဦးခင်ဇော်ဟာ နာမည်ကျော် လူငယ်ဒါရိုက်တာ မိုက်တီးရဲ့ဖခင်ဖြစ်သလိုပဲ သရုပ်ဆောင် ချစ်ချစ်ဇော်တို့၊ လင်းဇာနည်ဇော်တို့ရဲ့ ဖခင်လည်း ဖြစ်ပါတယ်။ ဆရာ့ရဲ့ ဖြတ်သန်းလာရတဲ့ ဘဝက ကျွန်တော်တို့ မမွေးခင်ကတည်းက ရုပ်ရှင်လောကကို ဝင်ရောက်ပြီးတော့ ရုပ်ရှင်လုပ်ငန်းတွေလည်း လုပ်လာတယ်။ လုပ်လာပြီးတဲ့နောက်မှာ ဆရာက ရုပ်ရှင်လောကသားတွေရဲ့ အကျိုးကိုလည်း တစ်ပိုင်းကနေဆောင်ရွက်ပေးခဲ့တာ ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။

(၈.၃.၂၀၂၀ ရက်နေ့မှ အဆက်)

ကြည်စိုးထွန်း။ ။ သြော် ဦးအောင်မြင့်မြတ် ဟုတ်တယ်ဆရာ။ အဲဒီတုန်းက လှုပ်ရှားကြတာပေါ့။ နောက်ဆရာ ချစ်ချစ်ဇော်တို့လည်း စာတမ်းတွေ ဖတ်တယ်ထင်တယ်။

ဦးခင်ဇော်။ ။ စာတမ်း တွေက ကျွန်တော် တို့က ဟိုဘက်မှာ။

ကြည်စိုးထွန်း။ ။ ပဒုမ္မာကွင်း စမ်းချောင်းမှာ။ စာတမ်း ၁၀ စောင်လားမသိဘူး တော်တော်များများ ဖတ်ကြတယ်။

ဦးခင်ဇော်။ ။ စာတမ်းငယ် ဆိုပြီး တော့။

ကြည်စိုးထွန်း။ ။ အဲဒါလည်း စာအုပ်ထွက်တယ် ဆရာ။ ကောင်းပါတယ်။ နောက်တစ်ခုက ဒီဘက်ကနေပြီးတော့ ကျွန်တော်တို့အုပ်စုတွေကတော့ ပြဇာတ်တွေ ကကြတာပေါ့။ ကျွန်တော်က ရုပ်ရှင်ခရီးသည်ဆိုတဲ့ ပြဇာတ်ကလေး အဲဒီတုန်းက ကျွန်တော် ကသေးတယ်။ ဘာပဲဖြစ်ဖြစ် စိန်ရတုမှာ ကျွန်တော် အကျိုးရှိဆုံးဟာကတော့ စုဆောင်းမိတာပဲထင်တယ်။ ဆိုပါတော့ ဆရာ ရုပ်ရှင်ကြော်ငြာတွေ စုမိတယ်။ နောက်ရုပ်ရှင်ကားထုပ်တွေ စုတယ်။ နောက်တစ်နိုင်ငံလုံးကနေ ဒါကိုစိတ်ဝင်စားတယ် ဆရာ။ စိတ်ဝင်စားပြီးတော့ ရုပ်ရှင်အစည်းအရုံးနဲ့ ရုပ်ရှင်လုပ်ငန်းကို ပိုစတာ

ဦးအေဝမ်းသိန်းထွဋ်

ဦးအောင်မြင့်မြတ်

ချစ်ချစ်ဇော်

ရှိတယ်ထင်တယ်။ အဲဒီပြတိုက်မှာလည်း ဆရာတို့လည်း တာဝန်ယူရတာပဲ။ ဆရာတို့လည်း ရုပ်ရှင်ပြတိုက်ကော်မတီမှာ ပါဝင်လှုပ်ရှားပြီးတော့ တာဝန်ယူခဲ့ရတာပဲ။ စာကြည့်တိုက်ဖြစ်လာတယ်။ ပြတိုက်ဖြစ်လာတယ်။ တန်ဖိုးအရှိဆုံးပါပဲ ဆရာ။

ဦးခင်ဇော်။ ။ ဒါပေမယ့် ခက်တာက စာကြည့်တိုက်က အမြဲတမ်း လှုပ်ရှားနေမှ ကောင်းတယ်။ ငြိမ်သွားလိုက်တာနဲ့ တစ်ခါတည်း လေယာဉ်ပျံကြီးလိုပဲ လေယာဉ်ပျံကောင်းကင်မှာ ပျံနေတယ်။ စက်နဲ့ တဝီဝီတော့သွားနေတာပဲ။ စက်ရပ်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း ထိုးကျသွားတာပဲ။ အခု အဲဒီစာကြည့်တိုက်ဆိုတဲ့ဟာက စာအုပ်တွေ အစုံထားပေမယ့်လို့ လာမကြည့်ကြဘူး။

တွေ၊ ကြော်ငြာတွေ တော်တော်များများ ပို့တာဆရာ။ အဲဒီပို့တာက နေပြီးတော့ တကယ့်ကို ကျွန်တော်တို့ရဲ့ အမွေအနှစ်ဖြစ်တဲ့ ရုပ်ရှင်ပြတိုက်ကြီးဆရာ အဲဒါပြီးမှ ဖြစ်တာမဟုတ်လား။ စိန်ရတုပြီးမှ ရုပ်ရှင်ပြတိုက်ကြီးဖြစ်သွားတာ ဒါကတော့ တော်တော့်ကို ကျွန်တော်တို့ဂုဏ်လည်း ယူစရာကောင်းတယ်။ အကျိုးကျေးဇူးလည်း

ကြည်စိုးထွန်း။ ။ စာအုပ်တွေက တော်တော်များများရှိတယ်။ သိပ်တော့မလာကြဘူးပေါ့။ ပြတိုက်မှာလည်း အဝတ်အစားနဲ့ပတ်သက်ပြီး အများကြီးရှိတယ် ဆရာ။ တကယ်လည်း ဗဟုသုတရစရာတွေ အများကြီးပါပဲ။ အခုတော့ ရုံးပိတ်ရက်တိုင်း ပြတိုက်ကတော့ ဖွင့်ဖွင့်ပေးနေပြီးတော့ လာလည်းလာကြပါတယ်။ ကျောင်းသား ကျောင်းသူလေးတွေလည်း လာကြည့်ကြတယ်။ ဒါကတော့ ကျွန်တော်ထင်တယ် ပုဂ္ဂလိကထဲမှာ အထင်ရှားဆုံးပြတိုက် ပြပါဆိုရင် ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံး ပြတိုက်ပဲ ထင်ပါတယ်။ အဆောက်အဦကြီးကလည်း ကျွန်တော်ထင်တယ်။ နှစ်ပေါင်း ၈၀၊ ၉၀ လောက် ရှိပြီထင်တယ်။ အဲဒီအဆောက်အဦကြီးကလည်း တော်တော်လေး Antique ပေါ့ ဆရာ။ အဲဒီမှာထိုင်တဲ့ ပုဂ္ဂိုလ်တွေကလည်း Antique တွေ ဆရာ။ ၈၀ ကျော်တွေချည်းပဲ။ ဦးတင်ယုလည်း အဲဒီမှာ ထိုင်တယ်ဆိုတော့ အဲဒါလေးကတော့လည်း စိန်ရတုရဲ့ တကယ့်ကို အမွေအနှစ်ကလေးက ကျေးဇူးရှိပါတယ် ဆရာ။

ဦးခင်ဇော်။ ။ စိန်ရတုရဲ့ အမွေအနှစ်က အဲဒီလို ရသလို ရှေရတုတုန်းကလည်း ရတဲ့ငွေနဲ့ ခန်းမကြီး ဆောက်ပစ်လိုက်တယ်။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့ဆရာ။ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံး ဝင်ဝင်ချင်းခန်းမကြီးပေါ့ဆရာ။ အခုအထိလည်း သုံးနေတာပေါ့ ဆရာ။

ဦးခင်ဇော်။ ။ အဲဒီဟာရဲ့ ပထမကျေးဇူး တင်ရမှာက ရုပ်ရှင်နဲ့ ပြဇာတ်အစည်းအရုံး၊ ရုပ်ရှင်နဲ့ ပြဇာတ်အစည်းအရုံးဟာ ငွေရတုတုန်းက သူက ကျဆုံးတဲ့ ခေါင်းဆောင်ကြီးတွေရဲ့ စာပနကို ရိုက်ပြတယ်။ ပြလိုက်တဲ့ အခါကျတော့ ကြည့်တဲ့သူက များတယ်။ ဝင်ငွေကလည်း တော်တော်ကြီးရတယ်။ ဝင်ငွေကလည်း တော်တော်လေးရတော့ အောက်ကမြေကွက်ကို ဝယ်နိုင်တဲ့အထိ ဖြစ်သွားတယ်။

ကြည်စိုးထွန်း။ ။ သြော်အခု ရုပ်ရှင်အစည်းအရုံးအောက်က မြေကွက်ကြီးကို။

ဦးခင်ဇော်။ ။ မြေကွက်ကြီးက ပထမ အကျယ်ကြီး ဒီထောင့်တွေပါ တစ်ခါတည်းပါတာ။ အခုကျတော့ တဖြည်းဖြည်း။

ကြည်စိုးထွန်း။ ။ နည်းနည်း ကျဉ်းလာတာပေါ့လေ။ ရန်ပုံငွေ လိုတော့လည်း ဖ့ဖ့ရောင်းရင်းနဲ့ထင်ပါရဲ့။ နည်းနည်းကျဉ်းလာတယ် ထင်ပါတယ် ဟုတ်လား ဆရာ။

ဦးခင်ဇော်။ ။ ငွေလိုတယ်ဆိုတာလည်း အစည်းအရုံးမယ် မရှိပါဘူး။ ကျွန်တော်ကတော့ ဒီလိုမထင်ဘူး။ အရာဝတ္ထုတစ်ခု၊ အသီးအနှံတစ်ခု၊ နေပူထဲ ချထားရင် တဖြည်းဖြည်း ကျုံ့ကျုံ့သွားသလိုပေါ့။

ကြည်စိုးထွန်း။ ။ ဟုတ်ပါပြီဆရာ။ ငွေရတုရဲ့ အသီးအပွင့်က ဘာလဲဆိုတော့ အခုမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နေရာကြီးကို ငွေရတုကနေပြီးတော့ အမွေပေးသွားတယ်။ နောက်တစ်ခါ ရွှေရတုကျတော့ ဒီရုပ်ရှင်အစည်းအရုံးထဲမှာ အကြီးဆုံးပေါ့နော်။ အကြီးဆုံးခန်းမကြီးတစ်ခုကို ဆောက်နိုင်ခဲ့တာပေါ့ ဆရာ။ နောက်တစ်ခါ စိန်ရတုကျတော့ ကျွန်တော်တို့က တကယ့်တန်ဖိုးရှိတဲ့ ပြတိုက်ကြီးဖြစ်အောင် အမွေပေးလာတယ်ပေါ့ ဆရာ။ ဘာလိုလိုနဲ့ ဆရာရေ နောင် ၁၀ နှစ်၊ ၁၁ နှစ်နေရင် ရုပ်ရှင်က နှစ် ၁၀၀ ပြည့်တော့မယ် ဆရာ။ အဲဒီကျရင်တော့ ကျွန်တော်တို့က ဘာတွေများထပ်ပြီးတော့ အမွေပေးနိုင်ဦးမယ် ဆိုတာ မျှော်မှန်းကြည့်ရရင်တော့နော် ဆရာ နော်။ ပေးချင်ပါတယ် ဆရာရယ်။ တကယ် တန်ဖိုးရှိတဲ့ဟာ တစ်ခုပေါ့။ ပြောပါဦး ဆရာ။ အဲဒီတော့ စိန်ရတုရဲ့ အတွေ့အကြုံတွေကို။

ဦးခင်ဇော်။ ။ စိန်ရတုရဲ့ အတွေ့အကြုံ ကတော့ ကျွန်တော် ကတော့ ကျွန်တော့်အခန်းကနေ ဘယ်မှ မသွားဘူး။

ကြည်စိုးထွန်း။ ။ ဟုတ်ကဲ့ ဆရာ။

တွေ့ဆုံမေးမြန်း
ဒါရိုက်တာ ကြည်စိုးထွန်း

တပ်မတော် ခန်းမက ပြခန်းမှာပဲ။

ဦးခင်ဇော်။ ။ ပြခန်းမှာပဲ ကျွန်တော် နေပေး နေရတော့ ကျန်တဲ့ဟာတွေ ကျွန်တော် သိပ်မသိဘူး။

ကြည်စိုးထွန်း။ ။ ဧည့်သည် တွေလည်း လာတယ်နော်။ ကြည့်တဲ့သူတွေကလည်း ဆရာရေ ဆရာနဲ့ ကျွန်တော်နဲ့ ငွေရတုကို ဖြတ်သန်းလိုက်၊ ရွှေရတုကို ဖြတ်သန်းလိုက်၊ စိန်ရတုကို ဖြတ်သန်းလိုက်၊ နောင်ရာပြည့်ကိုလည်း လှမ်းမျှော်ကြည့်လိုက်နဲ့ ရုပ်ရှင်လောကမှာ ကျင်လည်ခဲ့ကြတဲ့အထဲမှာ ဆရာ့အနေနဲ့ ရုပ်ရှင်ခေတ် တစ်လျှောက်မှာ ကြော်ငြာပုံအမျိုးမျိုးရှိတာပေါ့ ဆရာရယ်။ တစ်ခါတည်း ခေတ်ဟောင်းတုန်းကဆိုရင်

လည်း ကားတွေနဲ့ ကြော်ငြာတာတို့၊ တစ်ခါတည်း လူပေါ်မှာ ၃ဖ ကောင် အရုပ်ရေးပြီး ကြော်ငြာတာတို့ ဆရာတို့ ပဲရော့ကပဲ အဲဒီလို ကြော်ငြာတယ်။

ကြည်စိုးထွန်း။ ။ ကြော်ငြာ တာတွေ အမျိုးမျိုး ရှိတယ်။ နောက်ကျတော့ ကြော်ငြာစာရွက်မှာပဲ သူတို့က ကဗျာလေးတွေနဲ့၊ လက်ီာလေးတွေနဲ့ ရေးပြီးတော့ ကြော်ငြာတာတွေ အများကြီးရှိပါတယ်။ အဲဒီအထဲက ဆရာမှတ်သားခဲ့တာလေးတွေ၊ စိတ်ထဲမှာ စွဲလမ်းခဲ့မိတာလေးတွေ ပြောပါဦး ဆရာ။

ဦးခင်ဇော်။ ။ အဲကျွန်တော် ရေးလာခဲ့တာလေး တချို့တော့ ရှိတာပေါ့။ အဲဒီဟာလေး ကျွန်တော်ပြောပြမယ်။ ၁၉၂၈ ခုနှစ် နယ်ချဲ့လက်ထက်က မြန်မာသူပုန်ကို ကမ္ဘာတုန်အောင် အာရုံစိုက်ခဲ့သော တောပုန်းကြီးစံဖဲ။

ကြည်စိုးထွန်း။ ။ သြော် တောပုန်းကြီး စံဖဲ ရွှေဘာ။

ဦးခင်ဇော်။ ။ နာမည်ကြီးတိုင်းလည်း ကြောက်မနေ ကြပါနဲ့။ ဂုဏ်ယူလောက်တဲ့ အာဇာနည် မြန်မာပြည်မက ကမ္ဘာ့သတင်းစာကြီးများကပင် နယ်ချဲ့အစိုးရနှင့် ကမ္ဘာသိအောင် သတိပေးစကားစိုးရိမ်မကင်းရေးသားကြလို့ ကမ္ဘာကျော်သွားရတဲ့ တောပုန်းကြီး စံဖဲ ဒီဇာတ်ကားကို ရုပ်ရှင်စစ်ဆေးရေးအရာရှိကြီးများ စုံရာ ရှေ့မှာ အစစ်ဆေးခံရာ တစ်နိုင်ငံလုံး စံဖဲကြီး ဖြစ်ကုန်မှာ စိုးရသည့် ၁၉၂၈ ခုနှစ် အဖြစ် အပျက်ဟု ထိပ်စီးစာကြီးကြီး ထည့်သွင်းသည်မှပြစေဟု အမိန့်ရ၍..တောပုန်းကြီး စံဖဲ..

(ဆက်လက်ဖော်ပြပါမည်)

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ် ထူးခြားသောကျန်းမာရေး အခြေအနေများရှိခဲ့လျှင် စောင့်ရှောက်ပေးနိုင်ရန် စီစဉ်

မန္တလေး မတ် ၁၃

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ်အတွင်း ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ အားလုံး ထူးခြားသောကျန်းမာရေးအခြေအနေများရှိခဲ့လျှင် လိုအပ်သောစောင့်ရှောက်မှုများပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

"ဆယ်တန်းစာမေးပွဲဖြေနေစဉ်ကာလမှာ ကျောင်းသား ကျောင်းသူတွေရော၊ ဆရာ ဆရာမတွေရော၊ ပညာရေးဝန်ထမ်း တွေအားလုံးကို ရောဂါလက္ခဏာနဲ့ပတ်သက်တဲ့ ထောက်လှမ်း တဲ့လုပ်ငန်းတွေ လုပ်ကိုင်ပေးဖို့ ထူးခြားတဲ့ကျန်းမာရေးအခြေ အနေရှိခဲ့ရင်လည်း ချက်ချင်းလိုအပ်တဲ့ ဆောင်ရွက်မှုတွေ ဥပမာ – ကျောင်းသားသီးသန့်ခွဲပြီး ဖြေဆိုတာမျိုးတွေ ဆောင်ရွက်နိုင်ဖို့ ဒီအစည်းအဝေးကနေ ဆုံးဖြတ်ထားပါ တယ်" ဟု မတ် ၁၂ ရက် မွန်းလွဲ ၂နာရီက ကျင်းပခဲ့သော COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့်ပတ်သက်၍ စောင့်ကြည့်စစ်ဆေးကုသရေး တိုင်း ဒေသကြီး ကြီးကြပ်မှုကော်မတီညှိနှိုင်းအစည်းအဝေးပွဲအပြီး တွင် မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးဇာနည်အောင်က ပြောကြားသည်။

"ကလေးတွေမှာ နာစေး၊ ချောင်းဆိုးတို့၊ ကိုယ်ပူတာမျိုးတို့ ဖြစ်တယ်ဆိုရင် ချက်ချင်းသတင်းပို့ပြီး သူတို့လိုအပ်ရင် နာခေါင်း စည်းတွေတပ်ပြီးဖြေဆိုဖို့ ညွှန်ကြားထားတာရှိပါတယ်။ ကျောင်းသားတွေထဲမှ မဟုတ်ဘူး။ ဆရာ ဆရာမတွေထဲက၊ လက်ထောက်ကြီးကြပ်ရေးမှူးတွေထဲက ဒီလိုမျိုးကျန်းမာရေး နဲ့ပတ်သက်ပြီး သံသယဖြစ်စရာရှိတယ်ဆိုရင် တခြားသူနဲ့ အစားထိုးပြီး ဆောင်ရွက်ဖို့လည်း ညွှန်ကြားချက်တွေရှိပါတယ်။ လက်ရှိကူးစက်ရောဂါနဲ့ပတ်သက်ပြီးတော့ ကြိုတင်ကာကွယ် ရမယ့် နည်းလမ်းတွေအားလုံးကို ကြေညာထားပြီး စာစစ်ဌာန တွေမှာဆောင်ရွက်ရမယ့်လုပ်ငန်းတွေကိုလည်း လမ်းညွှန်ထား ပြီးသားဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဦးစိုးလွင်က ပြောကြား သည်။

ထိပ်ထားနိုင်

လူနာစောင့်များအား COVID-19 ရောဂါ အသိပညာပေး

ရန်ကုန် မတ် ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူ လျက်ရှိသော လူနာများနှင့်အတူ လိုက်ပါလာကြသည့် လူနာစောင့်များအား မတ် ၁၃ ရက် နံနက် ၉ နာရီတွင် ဆေးရုံဝင်းအတွင်းရှိ နားနေဆောင်ခန်းမ၌ COVID-19 ရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ သည်။

ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က COVID -19 ရောဂါ နှင့်ပတ်သက်၍ ကောလာဟလများကို မယုံကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နေ့စဉ်အတည်ပြု ထုတ်ပြန်ပေးလျက်ရှိသည့် သတင်းအချက်အလက်များကို လိုက်နာရန်၊ လူနာစောင့်များဖြစ်၍ တစ်ကိုယ်ရေသန့်ရှင်း ရေး၊ အသုံးပြုပြီးတိုင်း လက်များကိုစင်ကြယ်စွာဆေးကြော ရေး၊ နာခေါင်းစည်းများ စနစ်တကျတပ်ဆင်အသုံးပြုပုံနှင့် ဆောင်ရန် ရှောင်ရန်များကို အသေးစိတ်ရှင်းလင်းဆွေးနွေး သည်။

ထို့နောက် ဆေးရုံကြီးကြပ်ရေးကော်မတီဝင် ဦးတင်ဝင်း က လူနာစောင့်များ သက်သောင့်သက်သာ နေထိုင်နိုင်ရေး စီစဉ်ထားရှိမှုနှင့် စည်းကမ်းရှိစွာအသုံးပြုရေး ထပ်ဆင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

သတင်းစုံကဏ္ဍ

ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဂုဏ်ပြု

ရန်ကုန်

ဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒမုခ၊ သာသနဇေဓမ္မာစရိယ၊ ဝိနယဝိဒူ BA,MA,Ph.D တွဲဖက်ပါမောက္ခ အပြည်ပြည် ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၀ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၇) ရပ်ကွက်ရှိ သီရိမင်္ဂလာစိတ္တသုခကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရ သည်။ **ကိုကျော် (သုံးခွ)**

ဇလုံတောင်ဘုရားလမ်း ကွန်ကရစ်ခင်း

ဗန်းမောက်

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဇလုံတောင်ဘုရားသွားလမ်းကို တိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွန်ကရစ်လမ်းခင်းလျက်ရှိသည်။

ဇလုံတောင်ဘုရားသွားလမ်းကို အရှည်ပေ ၇၂၆၀၊အကျယ် ၁၈ ပေ၊ ဒု ရှစ် လက်မ ကွန်ကရစ်လမ်းဆောင်ရွက်ခြင်းလုပ်ငန်း ၃၀ ရာခိုင်နှုန်းဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ လမ်းများဆောင်ရွက်ပြီးစီးပါက ဘုရားဖူးခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။ **မွေးကြူဇင်**

လူမှုရေးပင်စင်ထောက်ပံ့ငွေများ သွားရောက်ပေးအပ်

ဒီးမော့ဆို

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၈၁ ဦး၊ အဘွား ၁၁၈ ဦးအား (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်) သုံးလအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေများကို မတ် ၁၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်လျက်ရှိသည်။

မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အုပ်စုစာရေးဝန်ထမ်းများက အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်လျက်ရှိကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

ဘောဂလီ

အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား နိုင်ငံတော်မှ လူမှုရေး ပင်စင် ထောက်ပံ့လျက်ရှိရာ မတ် ၁၂ ရက် နံနက် ၈ နာရီခွဲက ဘောဂလီမြို့ အမှတ် (၃) ရပ်ကွက်အတွင်း တာဝန်ရှိသူများက ကွင်းဆင်းထောက်ပံ့ပေးခဲ့ကြသည်။

လူမှုရေးပင်စင် တစ်လလျှင် ကျပ်တစ်သောင်းဖြင့် သုံးလတစ်ကြိမ် ကျပ်သုံး သောင်းကို သွားလာနိုင်ခြင်းမရှိသော ဘိုးဘွားများအား အိမ်အရောက် ကွင်းဆင်းပေးအပ်ခဲ့ပြီး သွားလာနိုင်သောဘိုးဘွားများအား နီးစပ်ရာ ဘုရား ရှိခိုးကျောင်းတွင်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နီလာအေး (ပြန်/ဆက်)

စည်းကမ်းမဲ့ ဆိုင်ကယ်စီးနင်းသူများကို အရေးယူ

မူဆယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို သည့်ကာလအတွင်း အများပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေသည့် ပါဝါအိတ်ဇောတပ်ဆင်သည့် ဆိုင်ကယ်များ၊ အိတ်ဇောပေါက်ဆိုင်ကယ်များနှင့် အိတ်ဇောဖြုတ်သည့် ဆိုင်ကယ်စီးနင်းသူများကို မတ် ၁၀ ရက်မှစတင်၍ အရေးယူဆောင်ရွက်ခဲ့သည်။

ကျောင်းသား ကျောင်းသူတွေ စာမေးပွဲဖြေဆိုချိန် စိတ်အနှောင့်အယှက် မဖြစ်စေရန်အတွက် မတ် ၂၃ ရက်အထိ ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်က ပြောကြား သည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

မှုခင်းကျဆင်းရေး အသိပညာပေး

ရန်ကုန်

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေသည် ထိန်စွန်ကျေးရွာ ဘုန်းကြီးကျောင်း၌ မတ် ၁၀ ရက် ညနေ ၄ နာရီတွင် မှုခင်း ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက် လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ဟန်စိုး

ကျောင်းသားကျောင်းသူများအတွက်စာရေးကိရိယာလှူဒါန်း

စလင်း

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စာရေး ကိရိယာများကို အခမဲ့သုံးစွဲနိုင်ရန် စလင်းမြို့ အမှတ်(၁)အထက်တန်း ကျောင်းရှေ့ ၌ မတ် ၁၂ ရက်က စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း မိသားစုများက ထားရှိပေးထားကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

ဒေသတွင်းမိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး

ချောက် မတ် ၁၃

Good Agricultural Practices နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၁ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနခန်းမ၌ ကျင်းပ သည်။

Network Activities Group မှ စီမံကိန်းမန်နေဂျာ ဦးဇော်ဌေးဦး၊ တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ တိုင်းဒေသကြီး တောင်သူတာဝန်ခံ ဦးဟန်ညွှန့်၊ World Vision International Myanmar စီမံကိန်းမန်နေဂျာ ဒေါ်ခိုင်ခိုင်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်မြတ်သင်းနှင့် ဝန်ထမ်းများ၊ စီမံလန်းစိုပြည်အညာမြေအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝမ်းနှင့် အဖွဲ့ဝင်များနှင့် တောင်သူများက GAP သီးနှံများတိုးချဲ့စိုက်ပျိုး ၍ စျေးကွက်အကောင်အထည်ဖော်ဆောင်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

မတ် ၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဇျမ်းအထက်တန်းကျောင်းဝင်းအတွင်း ဇျမ်းစခန်းမှူး ရဲအုပ်စိုလှနှင့် တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်း သန့်ရှင်းရေး ဆောင်ရွက်ကြ စဉ်။

ခင်ဇာမွန်မြင့်(ဥပဒေ)

လက်စတာစီးတီးနောက်ခံလူ ရီကာဒိုပါရဲရာ ရာသီကုန်အထိ အနားယူရမည်

လက်စတာစီးတီးအသင်းမှ ဗဟိုနောက်တန်းကစားသမား ရီကာဒိုပါရဲရာဟာ ဒူးအရွက်ဒဏ်ရာရရှိခဲ့တာကြောင့် အခုနှစ် ဘောလုံးရာသီကုန်အထိ အနားယူရမယ်လို့ သိရပါတယ်။

နောက်တန်းကစားသမား ရီကာဒိုပါရဲရာဟာ လက်စတာစီးတီးအသင်းက အက်စတွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့တဲ့ ပရီမီယာလီဂ်ပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး အသက် ၂၆ နှစ်အရွယ် ရီကာဒိုပါရဲရာဟာ ရရှိထားတဲ့ဒဏ်ရာကြောင့် ယူရို ၂၀၂၀ ပြိုင်ပွဲမှာလည်း လွဲချော်မှာဖြစ်ပါတယ်။

နောက်တန်းကစားသမား ရီကာဒိုပါရဲရာဟာ အခုနှစ်ဘောလုံးရာသီမှာ လက်စတာစီးတီးအသင်းအတွက် လိဂ်ပွဲစဉ် ၂၈ ပွဲအထိ ပါဝင်ကစားပေးထားတာဖြစ်ပြီး လက်စတာစီးတီးအသင်းမှာ ရီကာဒိုပါရဲရာအပြင် ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်လည်း ခြေသလုံးဒဏ်ရာရရှိနေတယ်လို့ အသင်းနည်းပြ ဘာရန်ဒန်ရော့ဂျာက ပြောကြားခဲ့ပါတယ်။

ငွေကြယ် – ရေးသားသည်

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ဖြစ်ပွားမှုကြောင့် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်အပါအဝင် ယူအီးအက်ဖ်အေပြိုင်ပွဲအားလုံး ရွှေ့ဆိုင်း

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ဖြစ်ပွားမှုကြောင့် လာမယ့်တစ်ပတ်အတွင်းကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေအပါအဝင် ယူအီးအက်ဖ်အေက ကိုင်တွယ်တဲ့ ပြိုင်ပွဲအားလုံးကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်တွေဖြစ်တဲ့ ပရီမီယာလီဂ်ကလပ် မန်စီးတီးအသင်းနဲ့ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်၊ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနဲ့ ပြင်သစ်ပထမတန်းကလပ်လိုင်ယွန်အသင်းတို့ပွဲစဉ်၊ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနဲ့ အီတလီစီးရီးအေကလပ် နာပိုလီအသင်းတို့ပွဲစဉ်၊ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနဲ့ ပရီမီယာလီဂ်ကလပ် ချယ်လ်ဆီးအသင်းတို့ ပွဲစဉ်တွေကိုလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရွှေ့ဆိုင်းခဲ့ပါတယ်။

ဒါ့အပြင် မန်ယူအသင်း၊ ဝုလ်ဗက်စ်အသင်းနဲ့ ရိန်းဂျာအသင်းတို့ရဲ့ ယူရိုပါလိဂ်ပွဲစဉ်တွေကိုလည်း ရွှေ့ဆိုင်းခဲ့တယ်လို့ သိရပါတယ်။ ယူရိုပါလိဂ် လူယ်လိဂ်ဘောလုံးပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်အားလုံးကို မတ် ၁၇ ရက်နဲ့ ၁၈ ရက်တို့မှာ ကျင်းပဖို့ ရည်ရွယ်ခဲ့ပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရွှေ့ဆိုင်းခဲ့တယ်လို့ သိရပါတယ်။

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို တုံ့ပြန်ရေးဆွေးနွေးမှုတစ်ရပ်ပြုလုပ်ရန် အဖွဲ့ဝင်နိုင်ငံ ၅၅ နိုင်ငံစလုံးကို ဖိတ်ကြားထားတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူအရေအတွက် ၁၂၅၀၀၀ ကျော်ရှိခဲ့တဲ့အပြင် သေဆုံးသူအရေအတွက်ဟာလည်း ၄၆၀၀ ကျော်သွားပြီဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားထားပါတယ်။ အဲဒါကြောင့် ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပတဲ့ ပြိုင်ပွဲအားလုံးကို ရွှေ့ဆိုင်းထားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

❍ COVID-19 ရောဂါမှ

ပထမအကျော့လက်ကျန်ပွဲများကို ယခုလအတွင်း အပြီးကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁၀) ကို မတ် ၂၃၊ ၂၄၊ ၂၅ ရက်၊ ပွဲစဉ် (၁၁) ကို မတ် ၂၉၊ ၃၀၊ ၃၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ကာ ပွဲစဉ်အားလုံးကို ညနေ ၄ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လီဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနေရှင်နယ်လီဂ်ကလပ်အသင်းများ၊ လီဂ်ကော်မတီဝင်များနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အတိုင်း ဧပြီ ၃၀ ရက်အထိ ပြည်တွင်းပွဲများကို ပရိသတ်မပါဘဲ ကွင်းပိတ်ကစားရန်၊ လူစုလူဝေးဖြင့် ကျင်းပရမည့် ဘောလုံးလှုပ်ရှားမှုများအားလုံး ခေတ္တရပ်ဆိုင်းထားရန် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လီဂ်ကော်မတီ အမှူဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် ပြိုင်ပွဲကျင်းပရေးမှ တာဝန်ရှိသူများသည် မတ် ၁၃ ရက် ညနေပိုင်းတွင် MNL ကလပ်အသင်းများနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀)နှင့် (၁၁)ကို ပရိသတ်မပါဘဲ ကွင်းပိတ်ကစားရန်၊ ပွဲစဉ်အားလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏနှင့် YUSC ကွင်းသို့ ပြောင်းလဲကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ နယ်မြို့များတွင် အိမ်ကွင်းကစားနေသည့် အသင်းများမှာ ယင်းနှစ်ပွဲကို ရန်ကုန်မြို့၌ကစားရမည်ဖြစ်ပြီး ကလပ်အသင်းများအကြား မျှတမှုရှိစေရန် ကစားရမည့်ရက်နှင့် ကွင်းတို့ကို မဲနှိုက်ရေးဆွဲခဲ့သည်။ ပရိသတ်မပါဘဲ ကွင်းပိတ်ကစားမည်ဖြစ်သလို ပွဲမစမီလက်ဆွဲနှုတ်ဆက်မည့်အစီအစဉ်ကိုလည်း ဖျက်သိမ်းခဲ့ကြောင်း သိရသည်။ လူငယ်လိဂ်နှင့် ပထမတန်းပြိုင်ပွဲများကိုမူ မူလသတ်မှတ်ထားသည့်ရက်များအတိုင်း ဆက်လက်ကျင်းပမည်ဖြစ်သော်လည်း ပရိသတ်ကြည့်ရှုခွင့်မပြုဘဲ ကွင်းပိတ်ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ် (၁၀) အဖြစ် မတ် ၂၃ ရက်တွင် YUSC ကွင်း၌ စစ်ကိုင်းအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ဖွဲကပင်အသင်း၊ မတ် ၂၄ ရက်တွင် YUSC ကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ မတ် ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာသီပွံအသင်း၊ YUSC ကွင်း၌ ဧရာဝတီအသင်းနှင့် ရခိုင်အသင်း၊ ပွဲစဉ် (၁၁) အဖြစ် မတ် ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်း၊ မတ် ၃၀ ရက်တွင် သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဖွဲကပင်အသင်း၊ YUSC ကွင်း၌ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ မတ် ၃၁ ရက်တွင် YUSC ကွင်း၌ Southern အသင်းနှင့် အား/ကာသီပွံအသင်း၊ သုဝဏ္ဏကွင်း၌ စစ်ကိုင်းအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်

အနုပညာ

ဗွီရဲ့ ဇာတ်ဝင်တေးသီချင်းသစ် ထွက်ရှိ

ကေပေါ့ပ်တေးသံရှင် ဗွီဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာ သူ့ရဲ့ ဇာတ်ဝင်တေးသီချင်းသစ် တစ်ပုဒ်ဖြစ်တဲ့ Sweet Night ကို စတင်ထုတ်လွှင့်ခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဗွီဟာ လတ်တလော ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Itaewon Class မှာ ဇာတ်ဝင်တေးသီချင်း Sweet Night ကို သီဆိုပေးထားတာ ဖြစ်ပါတယ်။ မတ် ၁၂ ရက်မှာ အဆိုပါ တေးသီချင်းကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး တေးသီချင်းတစ်ပုဒ်လုံးကို အင်္ဂလိပ်လို သီဆိုထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

လာမယ့်လအတွင်း တေးသီချင်းသစ် ထုတ်လွှင့်သွားမယ့် April

တောင်ကိုရီးယား အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ April ဟာ လာမယ့်လအတွင်း တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာဖို့ရာ စီစဉ်ထားကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၃ ရက်မှာ အဆိုပါတေးဂီတအဖွဲ့အနေနဲ့ လာမယ့်လအတွင်း တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမှာဖြစ်ကြောင်း တေးဂီတအသိုင်းအဝိုင်းမှ သတင်းတွေပေါ်ထွက်လာခဲ့တာပါ။ အေဂျင်စီကလည်း အဆိုပါ သတင်းတွေ မှန်ကန်ကြောင်းနဲ့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး ထုတ်လုပ်ရေးလုပ်ငန်းတွေ ပြီးဆုံးပါက တရားဝင်ထုတ်လွှင့်သွားမယ့်ရက်ကို ထုတ်ပြန်ပေးသွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် ပြင်ဆင်နေတဲ့ ချန်းမင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TVXQ ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းမင်းဟာ သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော် တေးအယ်လ်ဘမ်အတွက် ပြင်ဆင်နေကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီသတင်းဟာ မတ် ၁၃ ရက်မှာ ပေါ်ထွက်လာတာဖြစ်ပြီး အေဂျင်စီကလည်း အတည်ပြုပေးခဲ့ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်ကို လာမယ့်လအတွင်းမှာ စတင်ထုတ်လွှင့်ဖို့ရာ ရည်ရွယ်ထားပြီး ယင်းတေးအယ်လ်ဘမ်ဟာ ဂီတသက်တမ်း ၁၆ နှစ်ကျော်ကာလအတွင်း ပထမဆုံးထုတ်လွှင့်တဲ့ ချန်းမင်းရဲ့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်လည်းဖြစ်ကြောင်း သိရပါတယ်။

ကိုယ်အလေးချိန်တက်လာကြောင်း ဝန်ခံလိုက်တဲ့ ယိုဆန်းဟို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ယိုဆန်းဟိုဟာ လတ်တလောမှာ ကိုယ်အလေးချိန်တက်လာကြောင်း ပရိသတ်တွေရဲ့ ဝေဖန်မှုအပေါ် မှန်ကန်ကြောင်း ပြောကြားခဲ့တယ်လို့ ဟန်စင်းနီးမားဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သူ့ရဲ့ နောက်ဆုံးရိုက်ကူးထားတဲ့ ရုပ်သံဇာတ်လမ်းတွဲ Memorist ရဲ့ ပထမဆုံးသော အပိုင်းကို စတင်ပြသစဉ်မှာပင် ပရိသတ်တွေက မင်းသားဟာ ယခင်ကထက် အတော်လေးဝနေကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ မှတ်ချက်ပြုဖော်ပြခဲ့ကြပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး မင်းသားကလည်း သူ့အနေနဲ့ ကိုယ်အလေးချိန်တက်လာတာကို ဝန်ခံပါကြောင်း ပရိသတ်တွေကို တုံ့ပြန်ခဲ့တယ်လို့ သိရပါတယ်။

ပရိသတ်တွေက ယိုဆန်းဟိုအနေနဲ့ ကိုယ်အလေးချိန်တက်လာပေမယ့် ကျန်းမာတဲ့ပုံစံမျိုး ပိုမိုပေါ်လွန်စေတာကြောင့် အကောင်းဘက်က ဝေဖန်မှုတွေလည်း ရှိခဲ့ပါတယ်။ လတ်တလော ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲမှာ ယိုဆန်းဟိုဟာ ရဲအရာရှိတစ်ဦးအဖြစ် ပါဝင်ထားပြီး ဒီဇာတ်လမ်းတွဲမှာ သူဟာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားတာလည်း ဖြစ်ပါတယ်။

အေးပြည့် – ရေးသားသည်

ကလေးအလုပ်သမား လျော့နည်းပပျောက်ရေး ကရင်ပြည်နယ်အတွင်း ကလေးလုပ်သားစစ်တမ်းကောက်ယူမည်

ဘားအံ မတ် ၁၃

ကလေးအလုပ်သမားလျော့နည်းပပျောက်စေရေးအတွက် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တွင် ကလေးလုပ်သားစစ်တမ်း (၂၀၁၉-၂၀၂၀) ကို တစ်ပြိုင်နက်တည်းကောက်ယူသွားမည်ဖြစ်ကြောင်း မတ် ၁၂ ရက် နံနက် ၁၀ နာရီက ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကြီးကြပ်ရေးမှူးများနှင့် စာရင်းကောက်များအတွက် ဖွင့်လှစ်သည့်သင်တန်းမှ သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဦးမင်းကိုခိုင်က တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ကရင်ပြည်နယ်စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်လတ်လတ်မျိုးက စစ်တမ်းကောက်ယူမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြီးကြပ်ရေးမှူးများနှင့် စာရင်းကောက်များကို မတ် ၁၂ ရက်မှ ၁၃ ရက်ထိ နှစ်ရက်ကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်ပြီး မတ် ၂၃ ရက်တွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ တစ်ပြိုင်တည်းစာရင်းကောက်ယူမည်ဖြစ်သည်။ ပြည်နယ်အတွင်းရှိ အစားအစာထုတ်လုပ်ခြင်းနှင့် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း ၂၂၅ ခု၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်းကဏ္ဍများရှိ လုပ်ငန်းပေါင်း ၅ဖြဏ္ဍ ခု စုစုပေါင်း လုပ်ငန်း ၇၉၄ ခုတွင် လက်တွေ့ကွင်းဆင်း၍ စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

ကလေးလုပ်သားစစ်တမ်းကောက်ယူခြင်းကို မြို့နယ်ခုနစ်မြို့နယ်တွင်ရှိသည့် ဗဟိုစာရင်းအင်းဝန်ထမ်းများက ကြီးကြပ်ရေးမှူးများအဖြစ် တာဝန်ယူ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက စာရင်းကောက်အဖြစ် တာဝန်ယူကောက်ခံသွားမည်ဖြစ်သည်။

ကလေးလုပ်သားစစ်တမ်းကောက်ယူခြင်းအားဖြင့် ရရှိလာသောအညွှန်းကိန်း ၂၇ မျိုးကို တွက်ချက်၍ ကလေးလုပ်သားဦးရေ၊ ရွှေ့ပြောင်းလုပ်သားများတွင် ကလေးများပါဝင်မှုရှိ-မရှိ၊ လုပ်ခလစာတန်းတူရရှိမှုရှိ-မရှိ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ၊ ဆိုးရွားစွာခိုင်းစေမှုရှိ-မရှိ အစရှိသည့်စာရင်းဇယားများကို

တွက်ချက်ရရှိမည်ဖြစ်ပြီး ရွှေ့ပြောင်းလုပ်သားအပါအဝင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုရှိစေရေး၊ လူကုန်ကူးမှုဆိုင်ရာ အရေးယူမှုနှင့် ကာကွယ်ထောက်ပံ့မှုဆိုင်ရာ အစီအစဉ်များအား အထောက်အပံ့ပေးနိုင်ရေး၊ တူညီသည့်လုပ်ငန်းများတွင် လုပ်ခလစာတန်းတူ ရရှိနိုင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာရည်မှန်းချက်များကို အထောက်အပံ့ဖြစ်စေနိုင်သည့် စာရင်းအင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

ခေါင်းဆောင်မှုစိတ်နေစိတ်ထား တည်ဆောက်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းကကြီးမှူး၍ ခေါင်းဆောင်မှုစိတ်နေစိတ်ထား တည်ဆောက်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် MICT Park အခန်းအမှတ်(၂၀၃) ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ဌာနမှူး (ဒြိမ်း)၊ Myanmar Nobel University တွင် Head of MBA Programme အဖြစ် တာဝန်ယူဆောင်ရွက်နေသော ဆရာမကြီး ပါမောက္ခ ဒေါက်တာမိုးမိုးခိုင်က ဟောပြောဆွေးနွေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

ကိုထက်

ကန်ပက်လက်မြို့နယ်တွင် အရှည်ပေ ၄၀၀ ရှိ ပူစောကျေးရွာကြိုးတံတားတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

ကန်ပက်လက် မတ် ၁၃

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ခေါက်ပုံကျင်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူစောကျေးရွာကြိုးတံတားတည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများသည် တောင်ပေါ် ဒေသဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရေး ခက်ခဲကြောင်း၊ အဆိုပါ ပူစောကျေးရွာကြိုးတံတား ဆောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးသွားပါက အဆိုပါကျေးရွာအနီး ပန်းတောင်၊ ရောင်တွီး၊ ငရှောင်၊ လာလျှင်ဖုံကျင်း ကျေးရွာများရှိ အိမ်ခြေ ၁၂၃ အိမ်၊ လူဦးရေ ၇၈၂ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများအတွက် အကျိုးပြုမည်ဖြစ်ကြောင်း ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထန်းအွမ်က ပြောသည်။

အဆိုပါ ကြိုးတံတားသည် အရှည်ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ ပေ၊ အမြင့် ပေ ၃၀ ရှိကြောင်း သိရသည်။

စိုးမိုးကျော်

ပင်လယ်ငါးဖမ်းထွက်မည့်ရေလုပ်သားများအား အသိပညာပေး

ကော့သောင်း မတ် ၁၃

ကော့သောင်းမြို့မှ ပင်လယ်ငါးဖမ်းထွက်မည့်ရေလုပ်သားများအား ကော့သောင်းမြို့ ကမ်းနီးကုမ္ဗဏီဇုန်စစ်ဆေးရေးစခန်းတွင် မတ် ၁၂ ရက် နံနက်ပိုင်းက ငါးလုပ်ငန်းဦးစီးဌာန၊ ကော့သောင်းမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ကော့သောင်းFOB စစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့ဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းခွင်သို့မထွက်ခွာမီအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ငန်းလိုင်စင်နှင့် အထောက်အထားများပြည့်စုံစွာ စည်းကမ်းတကျ ဆောင်ရွက်ကြရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ မသမာသူများ၏ လူမှောင်ခိုမှု၊ လူကုန်ကူးမှု ဖြစ်စဉ်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ယနေ့မူးယစ်ဆေးဝါးပြဿနာသည် ပင်လယ်ရေလုပ်သားများ၏ လုပ်ငန်းခွင်အတွင်းအထိ ထိုးဖောက်ဝင်ရောက်အန္တရာယ်ပြုဂုဏ်များကို ပွဲနင်းများ၊ ရေလုပ်သားများ၊ ကမ်းနီးကမ်းဝေးငါးလုပ်ငန်းကုမ္ဗဏီမှ တာဝန်ရှိသူများအား ပညာပေးဆွေးနွေးဟောပြော၍ ဌာနအလိုက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ရေနုတ်မြောင်းအတွင်းရှိ အမှိုက်များရှင်းလင်း

ပွင့်ဖြူ မတ် ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများက ပွင့်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် သံစင်လမ်းပေါ်ရှိ လမ်းဘေးဝဲ/ယာ အုတ်ရေနုတ်များတစ်လျှောက် အမှိုက်များနှင့် နုန်းများဆယ်ယူရှင်းလင်းခြင်းကို မတ် ၁၁ ရက် နံနက် ၈ နာရီခွဲက စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့သည်။

"အုတ်ရေနုတ်မြောင်းတွေအတွင်းကျရောက်နေတဲ့ အမှိုက်သရိုက်တွေနဲ့ နုန်းမြေတွေကိုလည်း မြို့ပြနေပြည်သူတွေ ရေပုပ်နံ့တွေကြောင့် ကျန်းမာရေးအန္တရာယ်မဖြစ်စေဖို့အတွက် ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ မြို့ပေါ်ရပ်ကွက်တွေမှာ အုတ်ရေနုတ်မြောင်းတူးဖော်ခြင်းနဲ့ မြို့တွင်းကတ္တရာလမ်းများ တိုးချဲ့ခြင်းနဲ့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် လမ်းဘေးပလက်ဖောင်းတွေနှင့် အရိပ်ရပန်းအလှပင်တွေ စိုက်ပျိုးခြင်း လုပ်ငန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှူဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ပြောကြားသည်။

ရဲဝင်းနိုင် (ညောင်ဦး)

Water Donation Application တွင် သောက်သုံးရေပြတ်လပ်မှု၊ ရေလျှံဒါန်းဖြန့်ဝေမှု အခြေအနေများအား သတင်းပေးပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်ရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသော ကျေးရွာများအား ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေအလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ သောက်သုံးရေပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သက်ဆိုင်ရာ ကျေးရွာများသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ဖြန့်ဝေထားပြီးဖြစ်သည့် အတွက် သောက်သုံးရေရှားပါးမှုဖြစ်ပေါ်ပါက (ဖုန်း၊ Facebook၊ Viber၊ Messenger) မှလည်း သတင်းပေးပို့နိုင်ကြောင်း အသိပေးထားပြီး ဖြစ်ပါသည်။

နွေရာသီရေပြတ်လပ်မှုဖြစ်ပေါ်ပါက ချက်ချင်းတုံ့ပြန်နိုင်စေရန်နှင့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန www.water-donation.com website တွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ Website တွင် လက်ကိုင်ဖုန်းများ၌ အသုံးပြုနိုင်သော Water –Donation Myanmar Mobile Application အား (၁၅.၃.၂၀၂၀) ရက်နေ့မှစတင်၍ ထုတ်ပြန်သွားမည်ဖြစ်ပါသဖြင့် ယင်း Application ကို ဖေါ်ပြပါ Website နှင့် Google Play Store တို့မှ အလွယ်တကူ ရယူအသုံးပြုနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြေးမုံ ဂျာနယ် ထွက်ရှိ

၁၅- ၃ - ၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၆)တွင်

- နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းနှင့် အမျိုးသမီးများ၏ ကောင်းမြတ်သော စွမ်းရည်
- သီးနှံအထွက်တိုးမှုအပေါ် တာတမံရေထိန်းတံခါးများ၏ အကျိုးသက်ရောက်မှု
- တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ပိုင်းဝန်းမြင့်တင်ပေး
- ကြက်သွန်စိုက်တောင်သူများ အဆင်ပြေပါသလား
- နေကြာအထွက်နှုန်းအပေါ်များများ၏ အကျိုးပြုမှု
- နောဘမ်မရတဲ့ နောင်တ သုံးမရ
- ရှားပါးပင်လယ်ရေနေသတ္တဝါ ရေလတ်များအကြောင်း
- စာမလိုက်နိုင်၊ စိတ်ပုံမှန်မဟုတ်၊ မျက်မှန်မလွတ်တဲ့ ကလေးတွေ
- ကျန်းမာရေးအတွက် သစ်သီးဝလံ စားသုံးပါ
- ခံတွင်းသန့်ရှင်း အာဃာတ်နဲ့ ကင်းရန် အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီးဖြစ်ပါသည်။

တာဝန်ခံ (၂၀၀) ကျပ်

အမြဲပြုပြုအနုပညာနယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-A)၊ နံ့သာကုန်းလမ်း၊ မြေကွက်အမှတ်(၄၂/က)၊ (၀. ၀၇၈၈က)ရိုနှစ်(၆၀)ဝရန်မြေကွက်နှင့် အကျိုးခံစားခွင့်တို့အား တရားဝင်မြေအမည်ပေါက် ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုကြသူများဖြစ်သည့် ဦးညွန့်အောင်(၉/မရမ(နိုင်)၀၅၈၀၉၀)+ဒေါ်စန်းစန်းမြင့်(၉/မရမ(နိုင်)၀၅၈၀၈၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးခဲ့ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ခရီးနေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)မြဟ္ဒိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း - ၀၉ ၄၂၈၀၇၀၇၂၉၊ ၀၉၉၆၄၇၀၇၀၇၂၉

အိမ်လခများပေးသွင်းကြပါရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြည်လမ်း၊ အမှတ်-၂၄၆ နေ ဦးကျော်တို၊ ၀၂/လဆက (နိုင်) ၀၀၇၄၇၃ တို့ အောက်ဖော်ပြပါဆေးခန်းများတွင် နေထိုင်သောအိမ်လခပေးရန် တာဝန်ရှိသူများသည် မြေရှင်/အိမ်ရှင် ဦးကျော်တိုးထံသို့ အိမ်လခများ ပေးသွင်းကြပါရန် အသိပေးအကြောင်းကြားဆင်းပါသည်။

အမှတ်စဉ်	လိပ်စာ	အခန်းအမှတ်
၁။	ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅-လမ်း၊ အမှတ်-၄၀	A-6
၂။	ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅-လမ်း၊ အမှတ်-၁၄၃	A-3, A-5, A-6, A-7, A-8
၃။	ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃-လမ်း၊ အမှတ်-၆၉	A-1, A-2
၄။	ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃-လမ်း၊ အမှတ်-၆၃	A-6
၅။	ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇-လမ်း၊ အမှတ်-၆၇ (A)	A-2, A-3, A-5, A-7
၆။	ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇-လမ်း၊ အမှတ်-၆၃ (B)	B-2, B-3, B-6, B-7
၇။	ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇-လမ်း၊ အမှတ်-၆၅ (A)	A-3, A-4, A-7
၈။	ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇-လမ်း၊ အမှတ်-၆၅ (B)	B-2, B-3, B-7
၉။	ရန်ကုန်မြို့၊ လေးဘူးမြို့နယ်၊ ၂၁-လမ်း၊ အမှတ်-၁၄၇	7
၁၀။	ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မဇွတ်လမ်း၊ အမှတ်-၃ (A)	A-1, A-2, A-6
၁၁။	ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မဇွတ်လမ်း၊ အမှတ်-၃ (B)	B-1, B-3, B-5, B-6
၁၂။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကြိုးစင်လမ်း၊ အမှတ်-၂၂	A-1, A-2, A-3, A-4, A-5,A-6
၁၃။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရေနုလမ်း၊ အမှတ်-၆၅ (A)	A-2, A-5, A-7
၁၄။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရေနုလမ်း၊ အမှတ်-၆၅ (B)	B-2, B-7
၁၅။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗုဒ္ဓသိမ်လမ်း၊ အမှတ်-၁၀/၁၂ (A)	A-1, A-5, A-6
၁၆။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗုဒ္ဓသိမ်လမ်း၊ အမှတ်-၁၀/၁၂ (B)	B-2, B-3, B-5
၁၇။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗုဒ္ဓသိမ်လမ်း၊ အမှတ်-၂၆	A-2, A-3, A-4, A-5, A-7
၁၈။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရာဇပုံလမ်း၊ အမှတ်-၃၁ (A)	A-2, A-3, A-4, A-5, A-6, A-7, A-8
၁၉။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရာဇပုံလမ်း၊ အမှတ်-၃၁ (B)	B-1, B-2, B-3, B-4, B-5, B-6, B-7, B-8
၂၀။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မဇရပင်လမ်း၊ အမှတ်-၂၁/၂၃ (A)	A-1, A-2, A-3, A-8
၂၁။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မဇရပင်လမ်း၊ အမှတ်-၂၁/၂၃ (B)	B-1, B-3, B-4, B-5, B-7, B-8,
၂၂။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗုဒ္ဓသိမ်လမ်း၊ အမှတ်-၁၀/၁၂ (C)	C-1, C-2, C-3, C-5, C-6, C-7
၂၃။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သုခလမ်း၊ အမှတ်-၂၅	A-4, A-5, A-7
၂၄။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းမဟာလမ်း၊ အမှတ်-၆	ဗဟျွား၊ ဖြတ်သွား
၂၅။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာရတိလမ်း၊ အမှတ်-၁၉/၂၀(A)	A-4, A-5, A-6
၂၆။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာရတိလမ်း၊ အမှတ်-၁၉/၂၀(B)	B-5
၂၇။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာရတိလမ်း၊ အမှတ်-၁၉/၂၀(C)	C-1, C-2, C-4, C-6
၂၈။	ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာရတိလမ်း၊ အမှတ်-၁၉/၂၀(D)	D-1, D-2, D-3, D-5, D-8

ညွှန်ကြားချက်အရ -
အေမင်ဟမ္မဒ
တရားလွှတ်တော်မရှေ့နေ (စဉ်-၂၈၅၆)
အမှတ်-၄၆၊ ပထမထပ်၊ ဟောနေမြလမ်းမကြီးလမ်း၊
ဆေးရောက်တိတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

နတ်ဈေး

ဈေးသွားရန်မလို။ ဈေးထဲက ဈေးနှုန်းအတိုင်း အိမ်အရောက် ဝန်ဆောင်မှု။
ဖုန်း-၀၉၅၅၃၃၁၉၉၅၆။
FB: @myanatzei

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြောက်၊ မြေကွက်အမှတ်-၂၈၃/ခ၊ မြေရီယာ(၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်-၂၈၃/ခ၊ မြို့မ(၁၁)လမ်း အနောက်၊ (၄/မြောက်)ရပ်ကွက်၊ သာကေတ မြို့နယ်၊ ဒေါ်မြရီ[၁၂/သကတ(နိုင်)၀၀၅၂၂၄] အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား ဒေါ်မြရီ(မိခင်)နှင့် ဦးထွန်းလှ(ဖခင်)တို့ ကွယ်လွန်သည်ဖြင့် သားသမီးများဖြစ်သော ဒေါ်မြင့်မြင့်ဌေး[၁၂/သကတ(နိုင်)၀၀၉၂၂၀]၊ ဒေါ်ခင်ခင်ဌေး[၁၂/သကတ(နိုင်)၀၀၉၂၁၉]၊ ဦးလှဌေး[၁၂/သကတ(နိုင်)၀၀၆၇၇၁]တို့မှ ကျွန်းကျွန် လွှဲများ၊ သေစာရင်းများ၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့)
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

တောင်းပန်စာ

City Holdings Limitedက Group Internal Audit Manager ရာထူးအတွက် Online မှ အလုပ်ခေါ်ကြော်ငြာတွင် မြန်မာနိုင်ငံစာရင်းပညာရှင် ပထမအဆင့်ဖြစ်သည့် CPA ရရှိထားသူများအား စိတ်အနှောင့်အယှက်ဖြစ်စေသည့် စာသားကိုမှားယွင်းစွာထည့်သွင်းခဲ့မိခြင်းအတွက် လွန်စွာစိတ်မကောင်းဖြစ်ရပါသည်။ သို့ပါ၍ ဤကိစ္စရပ်အတွက် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အသင်းကြီးနှင့် အသင်းဝင်များအားလုံးကို လေးစားစွာဖြင့် မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။

Management Team
City Holdings Limited

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရသာရုံလမ်း၊အမှတ်(၆၉၀/က)နေ ဦးဝင်းဗိုလ်-ဒေါ်သိဂီကေတို့၏သား မောင်ဘုန်းမိုကေ [၉/ကဆန(နိုင်) ၂၁၄၈၂၇]သည် မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်ကို ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နှောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဒေါ်သိဂီကေ [၁၂/သဃက(နိုင်)၀၃၃၅၅၆]

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒလမြို့နယ် တရားရုံးတော်၌
၂၀၂၀ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

ဒေါ်သင်ဇော်ပိုင် နှင့် ၁။ ဒေါက်တာ ကိုကိုသက်
(တရားလို) ၂။ ဦးမြသိန်း
(တရားပြိုင်များ)

၁။ ဒေါက်တာကိုကိုသက် အမှတ်-၁၂၃၊ လမ်း-၄၀၊ ၄-လွှာ၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၂။ဦးမြသိန်း အမှတ်(၃၁၀/က)၊ ၎ဝါလမ်း၊ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခု နေရပ်လိပ်စာမသိသူ)များ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေနှင့်အိမ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလို မှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်,ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၀ခုနှစ်၊ မတ်လ ၃၀ရက် (၁သုဝဿခုနှစ်၊ တန်ခူးလဆန်း ၇ရက်)၊ မွန်းမတည့်မီ ၁၀နာရီ တွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်တို့ ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖိုးပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက် ရမည်။ သင့်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်စီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ခုနှစ်၊ မတ်လ ၁၃ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇင်လင်းသန့်)
မြို့နယ်တရားသူကြီး
ဒလမြို့နယ်တရားရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနတွင် လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းအား ၁-၅-၂၀၂၀ ရက်မှ ၃၁-၁၀-၂၀၂၀ ရက်အထိ (၆)လ ၄ားရမ်းလုပ်ကိုင်မည်ဖြစ်ရာ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရန် ၄ားရမ်းလုပ်ကိုင်မည့် စျေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး (ဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် (၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်	-	၁၇-၃-၂၀၂၀ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	-	၂၁-၄-၂၀၂၀ ရက်၊ မွန်းလွဲ(၂:၀၀) နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ်	-	၀၁-၃၇၁၈၄၊၀၁-၃၇၇၉၉၆

ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဝန်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်-၂) မြေကွက်အမှတ်(၉၁+၉၂)၊ ရေယာ(၀.၁၁၈)ဧက၊(၅၁၆၀)စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်၍ ရောင်းချိုင်ခွင့်ရှိကြောင်းကမ်းလုမ်းလာသူ ဦးမြအေး(၁၂/တမန(နိုင်)၀၂၉၃၀၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မစ၍ (၇)ရက်အတွင်း နိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်းကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်ဒေအားမြမွန် (LL.B, LL.M)**
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ်(၆)၃-လွှာ(ယာ) ၁၂-လမ်း သင်ယာကုန်းမုဒိုကက် မဟာတောင်ညွှန်မြို့နယ် ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၇၆ ၈၃၃၇၈

အထူးလိုက်လဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်-၁/၂၀၂၀ဖြင့် **ဒေါ်နန်းခင်ညွန့်**(Director, Myanmar Educard Co.,Ltd)အား **သုဓမ္မသိဂီ** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့် အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုး တိုင်းပြည်နှင့်လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

Board of Directors (Myanmar Educare.,Ltd.)

ISM (International School of Myanmar) ဝန်ထမ်းများ။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၆၁)၊ နှစ်ခန်းတွဲ RC(ဒ)ထပ်တိုက်မှ ပထမထပ်၊ (လက်ဝဲခန်း)၊ ဧရိယာ(၅၅၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးထွန်းထွန်းလင်း[၁၂/မရက(နိုင်)၀၀၂၈၉၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနေအောင်မင်း[၈/ရနခ(နိုင်)၁၀၁၁၆]၊ ဒေါ်ကြည်သာဦး[၈/ရနခ(နိုင်)၀၇၁၅၆]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးနေအောင်မင်းနှင့် ဒေါ်ကြည်သာဦး တို့၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းမင်းဖိုး	**ဒေါ်သူစောကျော်**	**ဒေါ်ဝေဖြိုးအောင်**
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)	LL.B
တရားလွတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	တရားလွတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)	တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၄၅)
Ph:09-450023651	Ph:09-254508917	Ph:09-421157856

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၂)လမ်း၊ အမှတ်(၂၆၉/ခ)၊ တစ်ခန်းတည်း RC (ဒ)ထပ်တိုက်မှ ဒုတိယထပ်၊ (၃-လွှာ)၊ ဧရိယာ(၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဒေါ်သိဒိဂီမျိုးဝင်း[၁၂/ဥကတ(နိုင်)၁၄၈၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးခင်မောင်ကျော်[၁၂/သဃက(နိုင်)၁၃၉၀၆၀]၊ ဒေါ်လှမျိုးသွယ်[၁၂/ဥကတ(နိုင်)၁၄၈၂၁]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးခင်မောင်ကျော်နှင့် ဒေါ်လှမျိုးသွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဝင်းမင်းဖိုး	**ဒေါ်သူစောကျော်**	**ဒေါ်ဝေဖြိုးအောင်**
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)	LL.B
တရားလွတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	တရားလွတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)	တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၄၅)
Ph:09-450023651	Ph:09-254508917	Ph:09-421157856

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့၊ (၂)ရပ်ကွက်၊ သစ်လမ်းနေ၊ မစကားဝါ၏ ဖခင် ဦးမောင်လွင် နှင့် ဦးသန်းထွန်းလွင် [၁၄/ကလန(နိုင်)၀၂၉၅၄၈]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇-C၊ မြေကွက်အမှတ်-၂၇၅၊ မြေကွက်တည်နေရာ အမှတ်(၅၁)၊ မင်းလမ်း၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဒေါ်သန်း(အေအေ-၀၃၉၅၆၃)၊ ဒေါ်ခင်မြင့်(အေအေ-၀၃၉၅၉၇)၊ ဒေါ်မြချို(အေအေ-၀၃၉၅၆၁)၊ ဦးကျော်လှ(အေအေ- ၀၃၉၄၆၀)အမည်ပေါက် နှစ်(၆၀)ဂရန် (သက်ကုန်)၊ အေအားအမည်ပေါက် ဒေါ်သန်းသည် အပျိုကြီးဘဝဖြင့် ၆-၁၁-၂၀၁၃ရက်တွင်လည်းကောင်း၊ ဦးကျော်လှသည် လူပျိုကြီးဘဝဖြင့် ၂၇-၇-၂၀၀၈ ရက်တွင်လည်းကောင်း၊ အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ခင်မြင့်သည် ၁၅-၃-၂၀၁၄ရက်(ခင်ပွန်း)ဦးဇြိမ်းမောင်သည် ၁၀-၆-၁၉၈၈ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်ခင်မြင့်နှင့် ဦးဇြိမ်းမောင်၏ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်အေးအေးမော် [၁၂/စခန(နိုင်)၀၀၃၉၈၁]မှ ၎င်းတစ်ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ ၎င်းမှလွဲ၍ တခြားအမွေဆက်ခံမည့်သူ ကိတ္တိမမွေးစား သား/သမီး တစ်ဦးတစ်ယောက်မျှမရှိကြောင်းနှင့်အမည်ပေါက်ကွယ်လွန်သူ ဒေါ်သန်း၊ ဦးကျော်လှတို့၏ တူမတော်စပ်ကြောင်း၊ ဒဂုံမြို့နယ်တရားရုံး၏ ၁-၁၁-၂၀၁၉ရက်တွင် ပြုလုပ်သော ကျမ်းကျိန်လွှာအမှတ်(၁၁/၁၁၆/၂၀၁၉) ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်တို့ကို ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်မြချို[၁၂/စခန(နိုင်)၀၀၄၇၈၅]နှင့် ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ဦးတင်ဝင်း(RGN-၀၂၂၃၆)၊ ဦးတင့်လွင်(X/RGN-၀၀၈၄၂၄)နှင့် ဒေါ်အေးမြမိုး(ခ)အေးအေး[၁၂/စခန(နိုင်)၀၅၇၁၃၄]တို့ သိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၆၀၇) နေ ဦးထွန်းဦး[၁၂/ဥကမ(ဧည့်)၀၀၀၃၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းတို့သိစေရန် အောက်ပါအတိုင်း အသိပေး အကြောင်းကြားအပ်ပါသည်။

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ ရွှေပေါက်ကံ မြေကွက်အမှတ်(၃၅၅)၊ ၀၆(၄၀၊၄၆၀)အကျယ်အဝန်းရှိ ဦးတင်ဝင်းအမည်ပေါက် နှစ်(၆၀)မြေကွက် အပါအဝင် အကျိုးခံစားခွင့်နှင့် ပတ်သက်၍ ဦးတင်ဝင်းထံမှ ဦးတင့်လွင်ကလည်းကောင်း၊ ဦးတင့်လွင်ထံမှ ဒေါ်အေးမြမိုး(ခ)အေးအေး ကလည်းကောင်း၊ ဒေါ်အေးမြမိုး(ခ)အေးအေးမှ ဦးထွန်းဦးထံသို့ ၂၉-၇-၂၀၁၃ရက်တွင် မြေနှင့်အဆောက်အအုံအပြီးအပိုင် အရောင်းအဝယ် စာချုပ်ဖြင့် လက်ရောက်လွှဲပြောင်းရောင်းချခဲ့ရာ၌ မြေကွက်နှင့် ပတ်သက်၍ သက်ဆိုင်ရာ မြေစာရင်းဌာနတွင် အပြီးအပိုင်ဝယ်ယူသူ ဦးထွန်းဦးအမည်ပေါက် ဆောင်ရွက်ခြင်းတို့တွင် ဆောင်ရွက်ပေးပါမည်ဟု ဒေါ်အေးမြမိုး(ခ)အေးအေးမှ ဝန်ခံကတိပြုခဲ့ကြောင်း သိရှိရပါသည်။

ယခုအခါ ဖေဘ်ပြပါဦးထွန်းဦး လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မြေကွက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့ပြမြေယာဌာနတွင် ဦးထွန်းဦး အမည်ပေါက်ဆောင်ရွက်ရန် တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုသည့် အတွက် လူကြီးမင်းတို့မှ ၃၀-၃-၂၀၂၀ရက် နောက်ဆုံးထားပြီး ဦးထွန်းဦး နှင့် ဆက်သွယ် ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လူကြီးမင်းတို့အနေဖြင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါက ဥပဒေနှင့်အညီ ဦးထွန်းဦးအမည်သို့ မြေကွက်အမည်ပြောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်နိုင်ဝင်း(စဉ်-၈၂၁၉)	**ဒေါ်တင်တင်ခိုင်(စဉ်-၈၀၀၈)**
LL.B,D.I.L	LL.B,D.B.L,D.M.L,D.I.L
တရားလွတ်တော်ရှေ့နေ	**တရားလွတ်တော်ရှေ့နေ**

အမှတ်(၁၃/ခ)၊ (၇)လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။
ဖုန်း-၀၉-၄၄၈၁၂၅၂၊ ၀၉-၉၇၈၉၄၀၀၆၆

ကန့်ကွက်နိုင်ပါသည်

(၁)ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်၊ (ပေလီမြို့)၊ သံတွဲ-လုံးသာကားလမ်းဘေး)၊ မြေပြင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်-(၂၀၇/မြေပြင်ကွင်း)၊ ဦးပိုင်အမှတ်( ) ၊မြေမျိုး-(လနဘ၃)၊ ဧရိယာ-(၀.၇၀)ဧကရှိလန-၃၉ကျပ်ဦး မြေကွက်နှင့် (၂) ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်၊ (ပေလီမြို့)မြေပြင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်-(၂၀၇/မြေပြင်ကွင်း)၊ ဦးပိုင်လုပ်ကွက်အမှတ်-(၁၂/၂)၊ မြေမျိုး-(လယ်)၊ ဧရိယာ-(၀.၃၂)ဧကရှိ လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အား မြေအမည်ပေါက်ပိုင်ဆိုင်၍ လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးနွယ်[၁၁/သတန(နိုင်)၀၄၇၂၀၇]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရတနာနွေး(LL.B, D.B.L)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၉၄၇)
အမှတ်-၄၀၈၊ မြတ်လေး(၅)လမ်း၊ (၂၂)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၃၃၂၂၀

WE Tour ဘုရားဖူးအပန်းဖြေပို့ဆောင်ရေး

လှိုင်ကော်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော	70000/-
ထားဝယ်၊ ရှင်ကိုးရှင်း၊ ကျိုက်ခမီ၊ စက်ဖဲ၊ မော်လမြိုင်	70000/-
ပုဂံမွယ်တော်လေးဆူ၊ ပြည်ပါးပြည်ပ,ပုပ္ပါး	35000/-
ဟိုတယ်-စာမြေမ်း	70000/-
ပြည်၊ အကောက်တောင်၊ ရွှေဆံတော်၊ ရွှေဘုံသာမုနီ၊ ရွှေနတ်တောင်ဘုရား	25000/-
နမ်မွန်ကြီးရေတံခွန်၊ လိန်းလိကြီးတံတား၊ တိမ်ပင်လယ်ဥပါတသမ္မိ ရေပန်း	35000/-

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်စံပြကျေးရွာနေ (ဦးထွန်းခင်-ဒေါ်အေးမေ)တို့၏ သမီးထွေး၊ (ဦးသိန်းငွေ-ဒေါ်ကျင်ရွှေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ ခြံအမှတ်(၉၀)နေ [ဦးဘစီ (ရွှေညောင်ပင်သစ်ခွဲစက်)]၏ ဇနီး၊ ဦးအောင်မြင့်-ဒေါ်နီလာ၊ (ဦးအေးကို)၊ ဦးလှဦး-ဒေါ်ချိုချိုမြင့်၊ ဦးဇော်ဝမ်း-ဒေါ်မော်မော်စီ၊ ဦးရဲမင်းဖြိုး-ဒေါ်သိန်းသိန်း၊စီတို့၏ မွေးသမီခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်မြ သည် ၁၃-၃-၂၀၂၀ (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၀ (တနင်္ဂနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင် အေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၂၀ (ကြာသပတေးနေ့) တွင် လှိုင်မြို့နယ်၊ (၅) ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ ခြံအမှတ်(၉၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဦးခင်မောင်သိန်း

GM (Finance), Mother Industrial Co.,Ltd

အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တည်ငြိုးကုန်းရပ်ကွက်၊ မီးခံအုတ်စက်ရုံ အရာထမ်း၀နှင်ထမ်းအိမ်ရာ၊ အမှတ်(က)နေ မောင်သက်ပိုင်စိုး၊ မောင်ထက်ဝေယံ-မဝတ်ရည်သန့်၊ မအေးချမ်းစ၊ မောင်မိုင်ဝင်းလွင်တို့၏ မွေးသဖခင်၊ မခင်ရူပါသန့်၏အဘိုး၊ ဒေါ်ယဉ်ယဉ်နု၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃-၃-၂၀၂၀ (သောကြာနေ့) နံနက် ၈:၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၀ (တနင်္ဂနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး ၍ ၁၉-၃-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၃၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ တည်ငြိုးကုန်းရပ်ကွက်၊ မီးခံအုတ်စက်ရုံ အရာထမ်း၀နှင်ထမ်းအိမ်ရာ၊ အမှတ်(က)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြဝင်း(ခ)မပု

(လှိုင်လင်မြို့)

အသက်(၆၅)နှစ်

လှိုင်လင်မြို့နေ (ဦးဘသင်-ဒေါ်စန်း ကြည်)တို့၏ သမီး၊ ဒေါ်ခင်ညိ၊ ဒေါ်အုံးရီ၊ ဒေါ်အုန်းကြည်တို့၏ ညီမ၊ ရန်ကုန်မြို့နေ မဓာဇလင်း၊ မစောသန္ဓာအောင်၊ (မယွန်းယွန်းဖူးငုံ)၊ မောင်ကိုးခန့်ထွန်း တို့၏ မွေးသမီခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၂-၃-၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၀ (စနေနေ့) မွန်း တည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်-၅၆၊ သစ်အိမ်ရာ၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့ နယ်နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်-၅၆၊ အခန်း(၅၀၃)၊ သဇင်အိမ်ရာ၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်တင်အေး(ခ)PollyAung (၈၈)နှစ်

အထွေထွေမန်နေဂျာ(ငြိမ်း)၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
မြန်မာ့သစ်လုပ်ငန်း

ဆရာမကြီး ဒေါ်တင်တင်အေး (ထွေ/ဂျာ-ငြိမ်း၊ ပပရ၊ မြန်မာ့သစ်လုပ်ငန်း) သည် ၁၃-၃-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉စင့-လက်ထောက်မန်နေဂျာ(ရောင်း/စက်)
မြန်မာ့သစ်လုပ်ငန်း၊ အလုပ်ဝင်အရာထမ်းတပည့်များ

COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူများအား အသိပေးပန်ကြားခြင်း

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ မတ်လ (၁၃) ရက်၊ (၁၄:၀၀) နာရီ

(က) မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ COVID-19 ရောဂါဖြစ်ပွားသူ ဓာတ်ခွဲအတည်ပြုလူနာ တစ်ဦးတစ်ယောက်မျှ လုံးဝ(လုံးဝ)မတွေ့ရှိရသေးပါ။ ဓာတ်ခွဲစစ်ဆေးခံရသူအများစုသည် ရောဂါလက္ခဏာပြင်းထန်စွာမပြဘဲ ဆေးရုံမှ ဆင်းသွားပြီဖြစ်ပါသည်။

(ခ) "ကာကွယ်ခြင်းသည်ကုသခြင်းထက် ပိုမိုအကျိုးရှိထိရောက်သည်" ဟူသောအချက်ကို နောက်ခံထား၍လည်းကောင်း၊ မိမိတို့နိုင်ငံ၌ အချိန်မရွေး ရောဂါဝင်ရောက်ကူးစက်ဖြစ်ပွားနိုင်သည်ဟု သဘောထား၍လည်းကောင်း မိမိတို့ဝန်ကြီးဌာနသည် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးအားစိုက်၍ ဆောင်ရွက်နေပါသည်။ ဤကဲ့သို့ ဆောင်ရွက်နေခြင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မိမိတို့ ပြည်သူတစ်ဦးတစ်ယောက်မျှ COVID-19 ရောဂါ မဖြစ်ပွားစေရန်နှင့် သေဆုံးမှုမရှိစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ဤအချက်များကို ပြည်သူများ သိရှိသဘောပေါက်ကြစေလိုပါသည်။

(ဂ) လူစုလူဝေး၊ ပွဲလမ်းသဘင်များအား တတ်နိုင်သမျှ မကျင်းပရန် ဆော်သြနေသည်မှာလည်း ဤနေရာများသည် ရောဂါကူးစက်ဖြစ်ပွားရန် အလားအလာအလွန်များစေနိုင်သဖြင့် မဖြစ်ခင်က ကြိုတင်ကာကွယ်သည့် လုပ်ရပ်တစ်ခုအဖြစ် ပြည်သူများနှင့် အဖွဲ့အစည်းများအား ပန်ကြားနေခြင်းဖြစ်ပါသည်။

(ဃ) အသွားအလာ ပိတ်ပင်ကန့်သတ်ပြီး သတ်မှတ်နေရာများတွင် ထားရှိစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) လုပ်ဆောင်မှုခံယူရသူများသည် ရောဂါဖြစ်ပွားမှု လုံးဝ(လုံးဝ)မရှိသေးသော ကျန်းမာနေသောသူများသာ ဖြစ်ပါသည်။ ၎င်းတို့တွင် ရောဂါလက္ခဏာများ စတင်တွေ့ရှိလာပါက အချိန်နှင့်တစ်ပြေးညီ (ချက်ချင်း) ကုသပေးနိုင်သဖြင့် မိမိတို့ ပြည်သူများ အသက်ဆုံးရှုံးနိုင်ခြေနည်းပါးစေသည့်အပြင် ၎င်းတို့နှင့်နီးစပ်သည့် မိသားစုနှင့် မိတ်ဆွေများထံ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

(င) မိမိတို့သည် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အထူးကြပ်မတ်ဆောင်ရွက်နေခြင်းမှာ မိမိတို့နိုင်ငံအတွင်းသို့ ရောဂါဖြစ်ပွားသူများ တစ်ဦးတစ်ယောက်မျှ မဝင်ရောက်စေလိုရုံ လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ဤရောဂါ၏ ကူးစက်ပြန့်ပွားမှုသည် အလွန်မြန်ဆန်သည့်အတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

(စ) မိမိတို့၏ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm)နှင့် လူမှုကွန်ရက်စာမျက်နှာ(www.facebook.com/ Ministry Of Health And Sports Myanmar)၌ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသော သတင်းအချက်အလက်အမှန်များကို အလေးပေးပုံမှန်ဖတ်ရှုကြစေလိုပါသည်။

(ဆ) ပြည်သူများအနေဖြင့် ကောလာဟလသတင်းအမှားများကို လူ့ကျင့်ဝတ်အရ ဆက်လက် မဖြန့်ဝေကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကောလာဟလသတင်းအမှားများ ဆက်လက်ဖန်တီးဖြန့်ဝေနေသူများကိုလည်း တရားဥပဒေအရ ပြင်းထန်စွာအရေးယူသွားမည်ဖြစ်ပါသည်။

(ဇ) ပြည်သူများအနေဖြင့် အစိုးရိမ်လွန်ကြောက်လန့်နေခြင်းမဖြစ်ကြဘဲ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ရောဂါကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြပါရန် ပန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၁၃

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ တွေ့ဆုံပြီး COVID-19 ရောဂါနှင့်ပတ်သက်၍ စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။(အပေါ်ပုံ)

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

ရန်ကုန်တက္ကသိုလ်ပြတိုက်အတွက် သမိုင်းဝင်ပစ္စည်းများ လှူဒါန်းနိုင်
စာမျက်နှာ » ၄

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ » ၅

အထူးအစီရင်ခံစာတင်သွင်းသူများအနေဖြင့် စိတ်ရင်းမှန်ဖြင့် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ပြုမူဆောင်ရွက်ရန်လိုအပ်ကြောင်း မြန်မာအမြဲတမ်းကိုယ်စားလှယ် တုံ့ပြန်ပြောကြား
စာမျက်နှာ » ၈

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်း လျော့ကျလာ
စာမျက်နှာ » ၁၃

ဈေးကွက်အတွင်း အရန်ဆန်ဖူလုံမှုရှိ

ရန်ကုန် မတ် ၁၃

ဈေးကွက်အတွင်း ဆန်ပြတ်လတ်မည်မဟုတ်ဘဲ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ထုတ်ပေးနိုင်သည့် အရန်ဆန်လည်း လုံလုံလောက်လောက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်မှုဆောင် ဦးစိုင်းကျော်က မတ် ၁၃ ရက်တွင် ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ■

COVID-19 ရောဂါကြောင့် MNL ပွဲစဉ်(၁၀)နှင့် (၁၁)ပွဲစဉ်အားလုံးကို ရန်ကုန်မြို့၌ ကွင်းပိတ်ကစားရန် ဆုံးဖြတ်

ရန်ကုန် မတ် ၁၃

မြန်မာနေရှင်နယ်လီဂ်ကော်မတီသည် ကမ္ဘာနိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID-19 ရောဂါကြောင့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) နှင့် (၁၁) မှ ပွဲစဉ်အားလုံးကို ရန်ကုန်မြို့သို့ ပြောင်းလဲကာ ကွင်းပိတ်ကစားရန် ဆုံးဖြတ်ခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ○

ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ဟံသာဝတီအသင်း

တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

၈

မတ် ၁၄၊ ၂၀၂၀(စနေနေ့)

မြန်ပြည်တောင်ဘက်စွန်းက ဆလုံ(မော်ကင်း) တိုင်းရင်းသားများ

၂၉-၂- ၂၀၂၀ ရက်နေ့မှ အဆက်

စာပေ၊ ဘာသာစကား

ဆလုံစာပေကို ၁၉ ရာစုအစောပိုင်းတွင် အမေရိကန်သာသနာပြု"စတီဗင်"က ရောမအက္ခရာဖြင့် စတင်တည်ထွင်ခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ဒီအယ်လ်ဘရန်တန်(D.L.Brantan)က ဆလုံသင်ပုန်းကြီး စာအုပ်ငယ်ကို မော်လမြိုင်မြို့၌ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် သမိုင်းကထိကနော်ဆေးက ဒုံးပုလဲအော်ကျေးရွာကြီး၌ စာသင်ရင်း မြန်မာအက္ခရာကိုအခြေခံကာ ဆလုံစာကို တည်ထွင်ပေးခဲ့ပြန်သည်။

ဆလုံတို့၏ဘာသာစကားမှာ သာမန်အားဖြင့် မလေးအခေါ်အဝေါ်များအပေါ် အခြေခံသည်ဟုယူဆရသော်လည်း အမှန်မှာမူ ကမ္ဘောဒီးယားမှ ခန်(Kham)ဘာသာစကားသည်သာ ပိုမိုနီးစပ်သည်ဟု သုတေသီအင်ဒရူးက ဆိုပါသည်။ လောတ(Lawta)နှင့် တွန်ဂါ(Tonga) ဆလုံအုပ်စုများသည် မလေးနှင့်နွယ်သော လောတဘာသာစကားကို ပြောကြသည်။ လန်ပိကျွန်းနှင့် ဘုတ်ပြင်းဘက်တွင်မူ ဂျိတ်(Jait)စကား အပြောများသည်။ ဆလုံတို့၏ မူရင်းဘာသာစကား ဒန်း(Dang)မှာ မြိတ်မြို့အနီးဝန်းကျင် နေသူများ ပြောကြသည်။ ဆလုံတို့ဗမာလိုပြောလျှင် အသံမပီဘဲ ဝဲနေတတ်သည်။ ဆရာမ နော်လာဆေးသည် "လာဆေးမော်ကင်း"စာအုပ်ကို ပြုစုခဲ့သည်။ ထိုစာအုပ်၌-

လော	= ကေဘင်
ပေါင်းမိုး	= ခါဇဲဂင်
လော၏ပေါင်းမိုး	= ခါဇဲဂင်ကေဘင်
အဖေဘာလုပ်နေလဲ	= အပေါင်မင်ဘာ့အနောင်လား
အဖေကွန်ပစ်နေသည်	= အပေါင်မဇဲာန်အဲကာန်
အဖေပိုးဟပ်ကိုတွေ့သည်	= အပေါင်ပနှာတိုင်အဲပါ
ဘယ်မှာနေလဲ	= မအန်းယင်းဗုဇီသမ်းလမ်း
ဘာကိုးကွယ်သလဲ	= ညမ်းမင်းအနုံလန်း
ထမင်းစားပြီးပြီလား	= နမ်းမဂျောင်းဝီကကန်း

ဟူ၍ ဆလုံဘာသာ စကားအချို့ ဖော်ပြရေးသားထားသည်။

ဆလုံဘာသာစကားတွင် မလေးဝေါဟာရ ၂၀ ရာခိုင်နှုန်းပါဝင်နေခြင်းဖြင့် မလေးအနွယ်ဟု တထစ်ချ မယူဆနိုင်ကြောင်းကို သုတေသီအင်ဒရူးက အောက်ပါဝေါဟာရနှိုင်းယှဉ်မှုဖြင့် ဖော်ပြရေးသားခဲ့ဖူးသည်။

မြန်မာ	ဆလုံ	မလေး
တစ်၊ နှစ်၊ သုံး	ခွင်၊ ဒွပ်၊ တလွိန်း	ဆတို၊ ဒူးဝါး၊ ထီဝါ
လေမုန်တိုင်း	အင်ဒီးလောန်း	ဆန်နေ
အဖေ	အပေါင်	ဦးရ
အမေ	အနောင်	မား
အဘိုး	အဘုန်း	မဘို
အဘွား	အဘန်း	ပအို

ယခုအခါ မြန်မာအက္ခရာကိုအခြေခံသော ဆလုံစာပေကိုသုံးစွဲကာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် ဆက်သွယ်ပြီး ဆလုံစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းကာ ဆလုံစာပေနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်နေကြပြီဖြစ်သည်။

ရုပ်အသွင်ပြင်၊ ဝတ်စားဆင်ယင်မှုနှင့် နေထိုင်မှုဘဝ

ဆလုံတို့၏ရုပ်သွင်ပြင်မှာ ပင်လယ်အနီးအနားနေထိုင်သူများဖြစ်၍ အသားအညိုရောင်သန်းနေသည်။ နဖူးမကျဉ်းမကျယ်၊ မျက်ခုံးကောင်း၍ မျက်ရစ်ပေါ်သည်။ မျက်ဆန်ညိုပြီး နှာခေါင်းပြားသည်။ ခန္ဓာကိုယ်ပုပျစ်တုတ်ခိုင်သည်။ ရေကူးရေငုပ်သန်သဖြင့် ယောက်ျားလေးများ လက်ပြင်ကုန်းသည်။ အလုပ်ကို အပင်ပန်းခံလုပ်နိုင်သည်။ အမျိုးသားများ ငါးပေ၊ ငါးပေခွဲနှင့် အမျိုးသမီးများ ငါးပေ၊ လေးပေခွဲခန့်ရှည်သည်။ တင်ပါးရိုးကောက်၍၊ ကော့၍ လမ်းလျှောက်ကြသည်။

ဆလုံအမျိုးသားများသည် အင်္ကျီဝတ်လေ့မရှိ၊ ဗလာကိုယ်လုံးနှင့် အတွင်းခံဘောင်းဘီဝတ်ကာ အပေါ်တွင် လုံချည်တိုတို(သို့)ဘောင်းဘီတိုတိုဝတ်၍ အလုပ်လုပ်ကြသည်။ အမျိုးသမီးတို့လည်း အပေါ်ပိုင်းတွင် အင်္ကျီမပါ ထဘီရင်ရှားဖြင့်သာ နေတတ်ကြသည်။ ဖိနပ်စီးလေ့မရှိ၊ ခေါင်းရိတ်လျှင် ပုလင်းကွဲ၊ ဝါးကြော်ာ ကတ်ကြေးသုံးသည်။ နောက်ပိုင်းတွင် ဆံသဆိုင်တို့၌ ဂျာပိုင်းပုံညပ်လာကြသည်။ ဆလုံတို့သည် ယခင်က ဖြစ်သလိုဝတ်စားခဲ့သော်လည်း ယခုအခါ ခေတ်အမြင်ရှိလာပြီဖြစ်၍ သစ်လွင်တောက်ပသော အဝတ်အထည်များ သားသားနားနား ဝတ်ဆင်လာကြလေပြီ။

သွေးချင်းတို့ရဲ့ပွဲတော်ဆီမှ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနပြခန်းတွင် ဆလုံတို့၏ ဝတ်စားဆင်ယင်မှုမှာ အမျိုးသားက ကြက်သွေးရောင် ဘောင်းဘီရှည်ပွ ဝတ်ဆင်ကာ ညာဘက်ပခုံးပေါ်တင်၍ စလွယ်သိုင်း ဝတ်ဆင်ထားသည်။ ကိုယ်တွင် အင်္ကျီဝတ်မထားပေ။ အမျိုးသမီးမှာ ဘယ်ပခုံးတစ်ဖက်တင် အနီရောင် ဘော်လီပုံစံ အင်္ကျီအား ညာပခုံးတွင်ပါ ကြိုးသိုင်းချည်ပြီး အနီရောင် အချိတ်ပတ်လည်စင်းပန်းဖော်အရစ်ပါထဘီ ဝတ်ဆင်ထားသည်ကို တွေ့မြင်ခဲ့ရသည်။

ဆလုံတို့၏နေထိုင်မှုဘဝမှာ ယခင်က လောင်းလှေများကို နေအိမ်သဖွယ်ပြုလုပ်၍ ပင်လယ်ပြာတွင် ကျောခင်းနေထိုင်မှုနှင့်သာ မွေ့လျော်ခဲ့ရသည်။ ဤသို့နေထိုင်မှုဘဝသည် ပင်လယ်ပြင်ဆားငွေ့ရိုက်ခတ်မှုဒဏ်မှ မကင်းသဖြင့် အသားအရေစိုပြည်မှုမရှိဘဲ မွဲခြောက်ခြောက်ဖြင့် အညိုရောင်သန်းနေခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုကြောင့် ပင်လယ်ပြင်ရိုက္ခန်းများတွင် စုစည်းနေထိုင်တတ်လာကြပေပြီ။

လူမှုစီးပွားဘဝ

ဆလုံတို့၏ဘဝသည် ပင်လယ်ပြာကိုအမှီပြု၍ ရေနေသတ္တဝါများ ဖမ်းဆီးရောင်းချ အသက်မွေးဝမ်းကျောင်းသူများဖြစ်ကြသည်။ သို့ဖြစ်၍ ငယ်ရွယ်စဉ်ကပင် ရေငုပ်ကျွမ်းကျင်အောင် လေ့ကျင့်ထားကြသူများ ဖြစ်ကြသည်။ ဆလုံတို့၏ နေထိုင်မှုဘဝတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးပိုင်းများတွင် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခဲ့ရသည်။ ယခုအခါ နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန် နည်းမျိုးစုံဖြင့် ထောက်ကူမှုပြုနေသောကြောင့် စီးပွားရေးပိုင်းတွင် အတိုင်းတာတစ်ခုထိ ဖွံ့ဖြိုးလာခဲ့ပြီဟု ဆိုရပါမည်။

ဆလုံတို့သည် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေကောင်းရအောင်ကြိုးစားပမ်းစား လုပ်ကိုင်နေကြပြီဖြစ်သည်။ သူတို့၏ ပင်လယ်ပြာအမှီပြုလုပ်ကိုင်ရသော စီးပွားရေးသည် နိုင်ငံခြားဝင်ငွေကောင်းသည်။ ဆလုံတို့ကို သာမန် ဖားရှာ၊ ငါးရှာနေထိုင်သူများဟုထင်လျှင် မှားလိမ့်မည်။ သူတို့သည် ပင်လယ်ပြင်မှ မျှော့ဖြူ၊ မျှော့ဝါ၊ မျှော့နီ၊ ကင်းမျှော့၊ ဝက်မျှော့ စသည့် မျှော့မျိုးစုံကိုဖမ်း၍ အခြောက်လှန်းကာ နိုင်ငံခြားသို့ တင်ပို့ရောင်းချနေကြသည်။

ထိုင်းနိုင်ငံသားများက မျှော့ခြောက် တစ်ကီလိုကို ထိုင်းဘတ်ငွေ ၁၀၀၀ မှ ၁၅၀၀ အထိပေးဝယ်ပြီး ဟိုတယ်စားသောက်ဆိုင်များတွင် သုံးစွဲကြသည်။ ထိုင်းနိုင်ငံ၏ မျှော့ခြောက်စျေးကွက်ကြောင့် စီးပွားရေးချောင်လည်နေကြပြီ။ ပင့်ဖမ်းခြင်းကို ကျား၊ မ မရွေး လုပ်ကိုင်နေကြပြီ။ ပင့်မှာ ကျောက်ပိုးကို ခေါ်ခြင်းဖြစ်သည်။ အဝါရောင်၊ ပန်းနုရောင်မျိုးစုံရှိသည်။ တန်ဖိုးကြီးမားသော ပုလဲရတနာများကိုလည်း ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ ရှာဖွေငုပ်ယူကြသည်။

ဧဝဓိုးဌာကဲသိုက်များရှာဖွေ၍ ဌက်ကြီးအန်ဖတ်ကို ထိုင်းနိုင်ငံဘက်သို့တိုင် သွားရောက်ရောင်းချနေကြပြီ။ ယခုအခါ နိုင်ငံတော်က အောက်ဆီဂျင်ဘူးများ၊ ရေငုပ်ကိရိယာများ ထောက်ပံ့ပေးမှုကြောင့် မုတ်ကောင်ဖမ်းလုပ်ငန်းကို ပိုမိုအဆင်ပြေအောင် လုပ်ကိုင်နိုင်ကြပေပြီ။

စီးပွားရေးဖွံ့ဖြိုးမှုအပိုင်းကို အားရကျေနပ်ဖွယ်ဖြစ်နေသော်လည်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝမှာ ထင်သလောက် ခရီးမပေါက်နိုင်သေးချေ။ ကျွန်းပေါ်တွင် အတည်တကျစုစည်းရပ်ရွာတည်ထောင်မှုကို ယခုထက် စည်းရုံးအားကောင်းစွာဖြင့် ဆောင်ရွက်ပေးပြီး ရရှိထားသည့် စီးပွားရေးအခြေခံကောင်းများကို အကြောင်းပြု၍ လူနေမှုဘဝနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များကို ပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေဖြင့် စနစ်တကျ အကောင်အထည်ဖော်နိုင်ခဲ့မည်ဆိုပါလျှင် စီးပွားရေးရော လူနေမှုဘဝပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်

ဧဝဓိုးဌာကဲသိုက်များ၏ ဌက်ကြီးအန်ဖတ်ကို ထိုင်းနိုင်ငံဘက်သို့တိုင် သွားရောက်ရောင်းချနေကြပြီ။

ဧဝဓိုးဌာကဲလေးများမှာ နုံပြီစုတ်သာသာမျှသာရှိသည်။ နိုင်ငံခြားစျေးကွက်ရှိသဖြင့် အစိုးရထံမှ လိုင်စင်ယူ လုပ်ကိုင်ကြသည်။ မုတ်ကောင်လုပ်ငန်းမှာလည်း လုပ်ငန်းကောင်းတစ်ခုဖြစ်သည်။ ကရင်လူမျိုးအချို့ပါ ဆလုံရေပြင်၌ မုတ်ကောင်ဖမ်းနေသည်ကို တွေ့ရသည်။ မုတ်ကောင်ဖမ်းသူများသည် အောက်ဆီဂျင်ဘူးမပါဘဲ ပင်လယ်ရေအောက်တွင် ၁၅ မိနစ်၊ နာရီဝက်ခန့် ရေငုပ်နိုင်သူ ဖြစ်ရမည်။ ရေအောက် ပေ ၁၀၀ မှ ၁၈၀ ခန့်အထိ ငုပ်ရသည်။ ယခုအခါ နိုင်ငံတော်က အောက်ဆီဂျင်ဘူးများ၊ ရေငုပ်ကိရိယာများ ထောက်ပံ့ပေးမှုကြောင့် မုတ်ကောင်ဖမ်းလုပ်ငန်းကို ပိုမိုအဆင်ပြေအောင် လုပ်ကိုင်နိုင်ကြပေပြီ။

စီးပွားရေးဖွံ့ဖြိုးမှုအပိုင်းကို အားရကျေနပ်ဖွယ်ဖြစ်နေသော်လည်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝမှာ ထင်သလောက်ခရီးမပေါက်နိုင်သေးချေ။ ကျွန်းပေါ်တွင် အတည်တကျ စုစည်းရပ်ရွာတည်ထောင်မှုကို ယခုထက်စည်းရုံးအားကောင်းစွာဖြင့် ဆောင်ရွက်ပေးပြီး ရရှိထားသည့် စီးပွားရေးအခြေခံကောင်းများကို အကြောင်းပြု၍ လူနေမှုဘဝနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များကို ပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေဖြင့် စနစ်တကျ အကောင်အထည်ဖော်နိုင်ခဲ့မည်ဆိုပါလျှင် စီးပွားရေးရော လူနေမှုဘဝပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်စရာအကြောင်း ရှိလာနိုင်ပါလိမ့်မည်။

ဆလုံတို့၏ လူမှုစီးပွားဘဝနှင့်စပ်လျဉ်း၍ ၂၀၀၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနသည် ကယန်း(ပဒေါင်)၊ ချင်း(နှစ်မျိုး)၊ နာဂ၊ ဆလုံ၊ မရမာကြီး၊ မြို့၊ ကိုးကန့်၊ ဝ၊ အခါ တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝပြခန်းများကို လူမျိုးတစ်မျိုးစီအလိုက် စုစည်း၍ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ အခန်း ၁၀ ခန်းခွဲကာ သူ့ကဏ္ဍနှင့်သူ စနစ်တကျ ခင်းကျင်းပြသခဲ့ပါသည်။ ထိုသို့ပြသခဲ့စဉ်က စာရေးသူကလည်း သွားရောက်လေ့လာဖြစ်ခဲ့ပါသည်။ ဤပြခန်းများထဲမှ ဆလုံပြခန်းတွင် ဆလုံတို့၏ ယဉ်ကျေးမှုရိုးရာနှင့် ဓလေ့စရိုက်များ၊ လူနေမှုဘဝ သရုပ်အမှန်များကို တွေ့မြင်လေ့လာသိရှိမှတ်သားခဲ့ပါသည်။

ယခုနှစ်တွင်လည်း မြိတ်မြို့ Myeik Seaview Mall တွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သော(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုအကအလှဖျော်ဖြေပွဲနှင့် စျေးရောင်းပွဲတော်တွင် ဆလုံတို့၏ ရိုးရာအကအလှများနှင့် အစားအစာရောင်းချပွဲကိုပါ ထည့်သွင်းကျင်းပပေးခဲ့ပါသည်။ ပွဲတော်တွင် ဆလုံလူမျိုးတို့၏ ရိုးရာဓလေ့ပြခန်းနှင့် အစားအစာများကို ဆလုံလူမျိုးများက ရိုးရာဝတ်စုံများ ဝတ်စားဆင်ယင်ကာ ပြသရောင်းချ လျက်ရှိရာ ပွဲတော်သို့လာရောက်ကြသည့် ပြည်သူများနှင့် နိုင်ငံခြားသားတို့ကပါ စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး ဆလုံလူမျိုးတို့၏ ရိုးရာဓလေ့များ၊ နေထိုင်မှုပုံစံများကို မေးမြန်းခဲ့ကြသည်။ ညပိုင်းတွင် ဆလုံရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

"အဓိကကတော့ ဆလုံလူမျိုးတို့ရဲ့ ရိုးရာဓလေ့ ဝတ်စားဆင်ယင်မှုနှင့် အစားအစာတွေကို ပြည်သူတွေသိစေဖို့ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနဲ့ FFI တို့ ပူးပေါင်းပြီး စီစဉ်ဖြစ်တာပါ။ မြိတ်မြို့မှာ ပထမဦးဆုံး ကျင်းပတာပါ။ အရင်က မကြုံလက်ကျေးရွာမှာ မော်ကင်း ပြတိုက်ငယ်ကျင်းပတာတော့ကြားဖူးပါတယ်။ ဆလုံလူမျိုး တွေကိုယ်တိုင် ရိုးရာယဉ်ကျေးမှုဓလေ့ဖော်ထုတ်တာ တနင်္သာရီတိုင်းဒေသကြီးမှာ ပထမဦးဆုံးဖြစ်ပါတယ်"ဟု FFI မှ ဒေါ်မူအေးက ပြောသည်။ ဤသို့ ဆလုံလူမျိုးတို့၏ ရိုးရာဓလေ့များကို ဒေသတွင်း ဆလုံလူမျိုးတို့ကိုယ်တိုင် ဖော်ထုတ်ခင်းကျင်းပြသနိုင်ခဲ့ခြင်းသည် ဆလုံလူမျိုးတို့၏ အမျိုးသားရေးစရိုက်လက္ခဏာ မြင့်မားလာစေရန် ကြိုးပမ်းမှုရလဒ်တစ်ခုဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

ချင်းတောင်တန်းပေါ်က ရွှေကြာပန်းတစ်ပွင့် (သို့မဟုတ်) ဆူရ်ဘုန်လေယာဉ်ကွင်း

ဆလိုင်းဒေးဗစ်

The Longest day ရုပ်ရှင်ကားကို ကြည့်မိသည်။ ထိုကားတွင် မဟာမိတ်တပ်များက နော်မန်ဒီကမ်းခြေအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့သော ဒုတိယကမ္ဘာစစ်ကို အခြေခံသည့် ရုပ်ရှင်ကားဖြစ်ပါသည်။ ၁၉၆၂ ခုနှစ်ခန့်က ရိုက်ကူးခဲ့သည်ဟု သိရသည်။ ထိုရုပ်ရှင်ကားတွင် စစ်ဆင်ရေးအပြင် နယ်မြေတစ်ခုဆီသို့ လျင်မြန်စွာရောက်နိုင်သော လေယာဉ်ပျံများ၏ အရေးပါပုံကို သတိထားမိသည်။ စက်လေယာဉ်ပျံများကား ကမ္ဘာကြီး၏ မြေကြောကိုရှုံ့၍ ခရီးနှင်နိုင်သော သိပ္ပံပညာ၏ အောင်မြင်မှုတစ်ခုဖြစ်သကဲ့သို့ ယခုအခါ ခေတ်မီတိုးတက်နေသောခေတ်တွင် လေယာဉ်ပျံ၏ အခန်းကဏ္ဍ အလွန်အရေးပါသည်ဆိုလျှင် မည်သူမျှ ငြင်းပယ်နိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံတွင် လေယာဉ်ကွင်းပေါင်း ၆၇ ကွင်းရှိသည်ဟု သိရသည်။ ချင်းပြည်နယ်ကဲ့သို့ တောင်တန်းထူထပ်သောနေရာကား လေယာဉ်ကွင်းဆောက်လုပ်မည်ဆိုပါက အချိန်မီ အလွယ်တကူ လူသက်သာစွာ သွားလာနိုင်၍ အလွန်ပင်သင့်တော်လှပေသည်။ အခြားကမ္ဘာနိုင်ငံများ၌လည်း တောင်ပေါ်ဒေသများနှင့် လေယာဉ်ကွင်းများ ဖောက်လုပ်ထားရှိသုံးစွဲလျက်ရှိကြသည်။

ချင်းပြည်နယ်သည် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်နယ်တစ်ခုအဖြစ် ထင်ရှားခဲ့သော်လည်း ယခုအခါတွင် အခြေအနေသည် လုံးဝပြောင်းလဲခဲ့ရပြီဖြစ်သည်။ ယနေ့နိုင်ငံတော်အစိုးရ၏ အဘက်ဘက်မှ အားပေးကူညီပံ့ပိုးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခဲ့ရပြီဖြစ်ပါသည်။ ယခင်က ကလေးမှ သိုင်းငင်၊ ဖလမ်း၊ ဟားခါးမြို့အား ညအိပ်ရပ်နားပြီးမှ သွားခဲ့ရသော်လည်း ယခုအခါ တိုးတက်ကောင်းမွန်လာသော ကတ္တရာလမ်းများကြောင့် ကားငယ်နှင့် ခုနစ်နာရီခန့်ဖြင့် သွားလာနိုင်ခဲ့ပြီဖြစ်ပါသည်။ အလားတူပင် ဂန့်ဂေါ၊ ဟားခါးလမ်း ၈၆ မိုင်အား နှစ်ညအိပ်ခန့် သွားလာရသော်လည်း ယခုအခါ လေးနာရီမျှဖြင့် သွားလာနိုင်ပြီဖြစ်ပါသည်။ အလားတူပင် ဟားခါး-ထန်တလန် ၂၄ မိုင်အား ကားငယ်နှင့် တစ်နာရီဖြင့် သွားလာနိုင်ပြီး လမ်းများကောင်းမွန်လျက်ရှိသည်။ ဟားခါး-ဆတ္တား၊ ရေဇရွာ - မတူပီ ၁၇ မိုင် ၃ ဖာလုံမှာလည်း ယခင်က ညအိပ်သွားရသော်လည်း ယခုအခါ ကားငယ်ဖြင့် ၁၀ နာရီခန့်နှင့် သွားရောက်နိုင်ခြင်းကြောင့် ခရီးလမ်းက တိုတောင်းသွားခဲ့ပြီဖြစ်ပါသည်။ အချိန်ကုန် လူပင်ပန်းမှု သက်သာသွားခဲ့ရသည်မှာ နိုင်ငံတော်၏ကြီးမားသော စေတနာကြောင့်ပင်ဖြစ်ပါသည်။ ယခုအခါ ချင်းပြည်နယ်၏ သဘာဝအလှအပများ၊ ချင်းတိုင်းရင်းသားတို့၏ ရိုးသားဖော်ရွေမှုများ၊ အံ့ဖွယ်ကောင်းသော ရိုးရာဓလေ့ထုံးစံများကြောင့် ယခုအခါ ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း သွေးချင်းတိုင်းရင်းသားများထံသို့ လာရောက်မှုများပြားလျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ချင်းပြည်နယ် ဖလမ်း(ဆူရ်ဘုန်) လေယာဉ်ကွင်း တည်ဆောက်နေမှုကို တွေ့ရစဉ်။

မနောမြေသို့လာစေချင်

* နတ်ရေးပန်းချီ၊ ဘယ်မမီသို့
ဌာနီအလှ၊ သဘာဝလျှင်
ဆန်းစဉ်ခွဉ်း၊ ရာသီကူးချိန်
ကြည်နူးစည်ဝေ မနောမြေ။
* တောတန်းတောသွယ်၊ မြောင်စမ်းငယ်နှင့်
ပင်နွယ်ပန်းစုံ၊ သင်းပျံ့ထုံ၍
ဖူးငုံပွင့်စီ၊ ရာသီယှက်လူး
နွေဦးလှဝေ မနောမြေ။
* ကြည့်လေရာရာ၊ အမြင်လှာဝယ်
ဝဠာတစ်ခွင်၊ နီလာသွင်နှင့်
နွေရှင်ဥည၊ သည်တစ်ကြောတွင်
လွမ်းမောသံဝေ မနောမြေ။
* ကျေးငှက်စုံမြူး၊ လှရိပ်မူးသို့
တွန်ကျူးတေးသံ၊ လေစုန်ဆန်ကာ
ဝဲပျံသွင်ထူး၊ ပင်ကိုင်းကူးသည်
နွေဦးအလှ မနောမြေ။
* တပေါင်းနွေဦး၊ လှရိပ်လူးပြီ
ညွှန့်ဖူးပုရစ်နုပျိုမျစ်ပြီ
ရွက်သစ်ဝေဝေ၊ ဟောင်းရွက်ကြွေကာ
လေဝယ်ပျံ့ပျူး၊ ပုံရိပ်ထူးသည့်
နွေဦးလှဝေ၊ မနောမြေသို့
ချစ်ဆွေငယ်ချင်းလာစေချင်။ ။

ကျိန်း(မနောမြေ)

စာရေးဆရာမြင့်စိုးလှိုင် ဘာသာပြန်ဆိုရေးသားထားသည့် ရာဘင်ဒြာနသ်တဂိုး၏ ဆန်းစသော်တာ ကဗျာစုစာအုပ်တွင် ကလေးများ၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ ဘဝနေထိုင်နည်းများအပြင် သားသမီးနှင့် မိဘကြားနှောင်ဖွဲ့ထားသည့် သံယောဇဉ်များကို ဖော်ကျူးရေးဖွဲ့ထားရာ ယခုတစ်ပတ်တွင် ဒဏ္ဍာရီတိုင်းပြည်ကဗျာကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကလေးသူငယ်များ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ တိုင်းရင်းသားရေးရာကဏ္ဍမှ ဖော်ပြလိုက်ရပါသည်-

FAIRYLAND

If people came to know
where my king's palace is,
it would vanish into the air.

The walls are of white silver
and the roof of shining gold.
The queen lives in a palace
with seven courtyards,
and she wears a jewel
that cost all the wealth of seven
kingdoms.

But let me tell you mother,
in a whisper,
where my king's palace is.
It is at the corner of our terrace
where the pot of the **tulsi** plant stands.

The princess lies sleeping
on the far-away shore of
the seven impassable seas.
There is none in the world
who can find her
but myself .

She has bracelets on her arms
and pear drops in her ears;
her hair sweeps down upon the floor.
She will wake when I touch her
with my magic wand,
and jewels will fall from her lips
when she smiles.
But let me whisper in your ear , mother;
she is there in the corner of our terrace
where the pot of the **tulsi** plant stands.

When it is time for you
to go to the river for your bath ,
step up to that terrace on the roof.
I sit in the corner
where the shadows of the walls
meet together.
Only puss is allow to come with me,
for she knows
where the barber in the story lives.
But let me whisper, mother,
in your ear
where the barber in the story lives.
It is at the corner of the terrace
where the pot of the **tulsi** plant stands.

ဒဏ္ဍာရီတိုင်းပြည်

ကျွန်တော့်ဘုရင်ကြီးနန်းတော် ဘယ်မှာရှိတယ်ဆိုတာ
လူတွေသာသိသွားရင် အဲဒီနန်းတော်ဟာ
လေထဲမှာ ကွယ်ပျောက်သွားလိမ့်မယ်။

နံရံတွေကငွေ အမိုးကတော့ရွှေ။
မိဖုရားကြီးစံမြန်းတာက
ခုနစ်ဆောင်တိုက်ခန်းလယ်။
သူဆင်မြန်းတဲ့ ရတနာက
ခုနစ်ပြည်ထောင်တန်တယ်။

ဒါပေမယ့်
ကျွန်တော့်ဘုရင်ကြီးနန်းတော် ဘယ်မှာရှိတယ်ဆိုတာ
မေမေ့ကိုတော့ တိုးတိုးလေးပြောပြမှာပါ။
အဲဒီနန်းတော်ဟာ သားတို့အိမ်ခေါင်မိုးထပ်
ရေဆင်းအထစ်ကလေးထောင့်က ပင်စိမ်းအိုးထဲမှာ။

ဘုရင့်သမီးတော်ကလေးက
ဖြတ်ကူးလို့မရတဲ့ ပင်လယ်ခုနစ်စင်းရဲ့တစ်ဖက်
ဟိုအဝေးကမ်းစပ်မှာ အိပ်စက်နေရှာတယ်။
သူ့ကိုတွေ့အောင်ရှာနိုင်သူဟာ
ကျွန်တော်ကလွဲလို့ ကမ္ဘာပေါ်မှာဘယ်သူမှမရှိပါ။

သူ့လက်မှာလက်ကောက်တွေ
သူ့နှာမှာပုလဲနားတောင်းနဲ့
သူ့ဆံပင်က ကြမ်းပြင်တိုက်တယ်။
ကျွန်တော်က ဆေးကြိမ်လုံးနဲ့တို့လိုက်မှ
သူနိုးလာလိမ့်မယ်။
သူပြုံးလိုက်ရင်
သူ့ခံတွင်းကနေ ရတနာတွေကျလာလိမ့်မယ်။
ဒါပေမယ့်
မေမေ့ကိုတော့ ကျွန်တော်တိုးတိုးလေးပြောပါရစေ။
မင်းသမီးလေးနေတာ
ဟောဟိုရေဆင်းအထစ်ကလေးထောင့်က
ပင်စိမ်းအိုးထဲမှာလေ။

မေမေ ရေချိုးဖို့ မြစ်ဆိပ်ဆင်းရင်
အိမ်ခေါင်မိုးထပ်ကို တက်ကြည့်စေချင်တယ်။
နံရံရဲ့အရိပ်တွေဆုံတဲ့ထောင့်မှာ
ကျွန်တော်ထိုင်နေတယ်။
ဒဏ္ဍာရီထဲက ဆံပင်ညှပ်ဆရာ
ဘယ်မှာနေတယ်ဆိုတာသိတဲ့ ပူစီလေးပဲ
ကျွန်တော်နဲ့အတူ လိုက်လို့ရတယ်။
ဒါပေမယ့် မေမေ့ကိုတော့
ဒဏ္ဍာရီထဲကဆံပင်ညှပ်ဆရာ ဘယ်မှာနေတယ်ဆိုတာ
ကျွန်တော် တိုးတိုးလေးပြောပြမှာပါ။
သူနေတာ ရေဆင်းအထစ်ကလေးထောင့်က
ပင်စိမ်းအိုးထဲမှာ။ ။

မြင့်စိုးလှိုင် (မြန်မာပြန်)

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

ပြည်ရွှေဆံတော်စေတီမှ ဒဏ္ဍာရီလာမင်းတစ်ပါး၏ခေါင်းလောင်း(သို့) ဒွတ္တပေါင်မင်းကြီး၏ခေါင်းလောင်း

မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင် သာသနာထွန်းကားလာသည်နှင့်အမျှ ဗုဒ္ဓဘာသာအား ယုံကြည်မှုကိုလိုက်၍ ဗုဒ္ဓစာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်ကျောင်း၊ ဓရပ်ဆောက်လုပ်မှုလုပ်ငန်းများ ပေါ်ပေါက်လာခဲ့သည်။

ပြည်မြို့တွင် အထင်ကရ သမိုင်းဝင်နေရာများအပြင် စေတီတော်ထဲတွင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်သည်လည်း တန်ခိုးအနန္တကြီးမားခြင်းဂုဏ်ကို ဆောင်နေခဲ့သည်။ မြန်မာနိုင်ငံတွင် ဒုတိယနေရာ၌ တည်ထားကိုးကွယ်ခဲ့သော လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော် မြတ်ကြီး၏ သမိုင်းအကျဉ်းကို အနည်းငယ်ရေးသားဖော်ပြလိုပေသည်။

စွန့်ကြေးအပ်

သဗ္ဗညုရှင်တော်ဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့)တွင် ဘုရားဖြစ်တော်မူပြီးနောက် ကိုးလအကြာ သီဟိုဠ်ကျွန်း၊ သရေခေတ္တရာ၊ သထုံ၊ ပေါက္ကံ့စသောအရပ်တို့၌ သာသနာတော်ထွန်းကားမည်ကို မြင်တော်မူသောကြောင့် ဇမ္ဗူဒီပ်ကျွန်း ဖိုးဦးတောင်သို့ကြွရောက်ခဲ့သည်ဟု စာပေများတွင် ဖတ်ရှုခဲ့ရသည်။ ထိုတောင်တွင်ရှိသော သမ္ဗျလဘီလူးမင်းနှင့် ၎င်း၏ မိတ်ဆွေများဖြစ်သော ဝေသာမိတ္တာဘီလူးမင်း၊ ဣဒ္ဓိမန္တာဘီလူးမင်း၊ ဝေဠုကန္တာဘီလူးမင်း၊ ဓရာပထနဂါးမင်းတို့သည် မြတ်စွာဘုရားထံတော်တွင် ကိုးကွယ်ရန်အလို့ငှာ တောင်းပန်ကြသည့်အတွက် ဘုရားရှင်က ဆံတော်လေးဆူ၊ မွေးရှင်တော်ရှစ်ဆူအား စွန့်ကြေးပေးအပ်ခဲ့ပြီးနောက် အမျိုးလေးပါးတို့ ကိုးကွယ်ရန်အတွက် လူပြည်၌သာတည်အပ်ကြောင်းမိန့်မှာ၍ ကကုသန်ဘုရားရှင်၏ ဒုကုဋ္ဌသက်န်းတော်၊ ကောဏာဂုံဘုရားရှင်၏ အံသကိုက်သက်န်းတော်၊ ကဿပဘုရားရှင်၏ ခါးပန်းတော်တို့ကို ဌာပနာထားသည့် သုဒဿနဂီရိတောင်၌ တည်ထားရန် မိန့်မှာထားခဲ့သည်။

နောင်တစ်ချိန်၌ ဒွတ္တပေါင်မင်း၏ သားတော်များဖြစ်လာမည့် အဇိက၊ ဘလ္လိကကုန်သည်ညီနောင်တို့အား ဆံတော်မွေးတော်များပေးစေ၍ စေတီတည်ထားကိုးကွယ်ရန် မိန့်တော်မူခဲ့ပါသည်။ နဂါးမင်း၊ ဘီလူးမင်းတို့က မြတ်စွာဘုရား၏ မိန့်မှာချက်များကို ကုန်သည်ညီနောင်တို့အား ပြောကြားပြီး သုဒဿနဂီရိတောင်တွင် ဘုရားသုံးဆူတို့၏ ပရိက္ခရာတော်တို့နှင့်အတူ ဂေါတမမြတ်စွာဘုရားရှင်၏ နိသိဒိုင်တော်နှင့် ဆံတော်လေးဆူ၊ မွေးရှင်တော်ရှစ်ဆူတို့ကို ပေါင်းစု၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလဆန်း ၁၃ ရက် (အင်္ဂါနေ့)တွင် အစပြု၍ စေတီတည်ထားရာ ကြာသပတေးနေ့ (လပြည့်နေ့)တွင် အစောက် ခုနစ်တောင်ရှိသော စပါးစုပုံသဏ္ဌာန်စေတီကို ပြီးစီးအောင်မြင်ခဲ့ပါသည်။ ဒွတ္တပေါင်မင်း လက်ထက်ရောက်သောအခါ သုဒဿနဂီရိတောင်တွင် စေတီကိုရှာဖွေ၍ သာသနာတော် ၁၂၆ ခုနှစ် တပေါင်းလဆန်း ၈ ရက်မှစ၍ စေတီတော်ကို ပြန်လည်တည်ရာ ဥဏ္ဍာတော် ၆၂ တောင်ရှိသော စေတီတော်ကို လပြည့်နေ့တွင် ပြီးစီးအောင်မြင်ခဲ့သည်။

ဒွတ္တပေါင်မင်းနောက်ပိုင်း ပုဂံခေတ် သက္ကရာဇ် ၄၄၅ ခုနှစ် (အေဒီ ၁၀၈၃)တွင် ကျန်စစ်သားမင်း ပြန်လည်ပြုပြင်၍ ကျောက်စာတိုင်ကို မွန်ဘာသာဖြင့် ရေးထိုးစိုက်ထူခဲ့သည်။ ထို့နောက် အလောင်းစည်သူမင်းကလည်းကောင်း၊ သက္ကရာဇ် ၈၃၀ ခုနှစ်တွင် အင်းဝနရပတိမင်းကလည်းကောင်း၊ သက္ကရာဇ် ၉၁၃ ခုနှစ်တွင် ရွှေဆံတော်စေတီရင်ပြင် မီးသင့်သဖြင့် ဘုရင့်နောင်မင်းကြီးက တန်ဆောင်းကြီးများ၊ ဓရပ်ကြီးများကို ထပ်မံဆောက်လုပ်လျှဒါန်းခဲ့သည်။ သက္ကရာဇ် ၁၁၁၇ ခုနှစ်တပို့တွဲလဆန်း ၄ ရက်တွင် ကုန်းဘောင်ရတနာသိင်္ခီမြို့တည် အလောင်းမင်းတရားသည် ဆံတော်ရှင်စေတီကို ထီး၊ ခရားသီးမှ ဖိနပ်တော် ခြေရင်းထိ ရွှေသက်နီးလုံးတော်ပြည့် ကပ်လျှခဲ့ပါသည်။ ထို့နောက် မွန်-မြန်မာ ချစ်ကြည်ရေးကို ရှေးရှု၍ မွန်ထီးတော်နှင့်အပြိုင် မြန်မာထီးတော်ကို အတွင်းမှယှဉ်တွဲ၍ ထီးတော်နှစ်စင်းကိုဆင့်ပြီးကပ်လျှခဲ့ပေသည်။ ကုန်းဘောင်ခေတ် အလယ်ပိုင်း ပြည်စား သီဟသူမင်းလက်ထက် ကောဇသက္ကရာဇ် ၁၁၇၆ ခုနှစ်တွင် ဟောင်းနွမ်းနေသောမူလထီးတော်ကို ပြုပြင်မွမ်းမံခဲ့သည်။ ကုန်းဘောင်ခေတ်နောင်ပိုင်း သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ပြည်မြို့၌ ငလျင်ပြင်းထန်စွာလှုပ်ခတ်မှုကြောင့် စေတီတော်ကြီးအက်ကွဲပျက်စီးခဲ့ရာ မြို့စားမင်း၏ အမိန့်တော်ဖြင့် ရွှေတိုက်ဝန်၊ မြို့သူကြီး၊ ရုံးအရာရှိတို့က ထီးတော်ဟောင်းကိုပင် ပြန်လည်ပြုပြင် မွမ်းမံလျှဒါန်းခဲ့ကြသည်။

သမိုင်းအကျဉ်း

သက္ကရာဇ် ၁၂၀ ပြည့်နှစ် ကိုလိုနီခေတ်ဦး ဝါခေါင်လပြည့် (အင်္ဂါနေ့) ညနေ ၃ နာရီအချိန်တွင် ပြည်မြို့၌ ဒုတိယအကြိမ် မြေငလျင်ပြင်းထန်စွာလှုပ်ခဲ့ရာ ရွှေဆံတော်စေတီသည် ခေါင်းလောင်းပုံမှစ၍ အပေါ်ပိုင်းတစ်ခုလုံး ဌာပနာတိုက်နှင့်တကွ ပြိုကျပျက်စီးခဲ့ပြန်သည်။ ဤသို့ပျက်စီးယိုယွင်းသွားသော ဆံတော်ရှင်စေတီတော်ကို ကုန်သည်ကြီး ဦးသားရွှေဦးဆောင်ကာ ပြန်လည်ပြုပြင်ရန် ပြင်ဆင်ခဲ့သည်။ ရတနာပုံနေပြည်တော်သို့သွားရောက်၍ မင်းတုန်းမင်းတရားကြီးအား လျှောက်တင်ရာ ရွှေဆံတော်စေတီနှင့်ထီးတော်ကြီး အသစ်လဲလှယ်တင်လှူခွင့်ပေး၍ အလှူတော်ငွေ နှစ်သောင်းကျပ်ကို ပေးအပ်လှျဒါန်းခဲ့သည်။ ထိုသို့ပြန်လည်ပြုပြင်ခဲ့ရာ သက္ကရာဇ် ၁၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်နေ့တွင် ရွှေထီးတော်အသစ်တင်လှူပူဇော်ခဲ့ပြီး ပြည်ရွှေဆံတော်၏ဥဏ္ဍာတော်မှာ ၇၆ တောင်ထိရှိခဲ့သည်။ ၁၂၇၇ ခုနှစ်တွင် ထီးတော်ကြီးမှာ ဟောင်းနွမ်းယိုယွင်းခဲ့သဖြင့် ပွဲစားတန်းရပ်ကွက်နှင့် ရွာဘဲရပ်ကွက်တို့ဦးဆောင်၍ အသစ်တစ်ဖန် လှျဒါန်းခဲ့ကြသည်။ ထိုသို့ ခေတ်အလီလီပြောင်းလဲလာခဲ့ပြီး၍ ၂၀ ရာစုသို့ ရောက်ရှိလာခဲ့ချိန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင်လည်း သာသနာရေးဝန်ကြီးဌာနက ဦးဆောင်ကာ မြန်မာထီးတော်နှင့် မွန်ထီးတော်ကို ပြန်လည်ပြုပြင်ရာတွင် မြန်မာထီးတော်ကို ရွှေစင် ၁၅ ပိသာကို ပန်းခတ်၍လည်းကောင်း၊ မွန်ထီးတော်ကို ကြေးနီပြား မျက်ပါးရွှေချကာ ၁၃ဖြင့် ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (၂၁-၁၀-၂၀၀၂ တနင်္လာနေ့) နံနက် ၉ နာရီတွင် စေတီတော်ကြီး၏ အထွတ်သို့တင်လှူခဲ့သည်။ ထိုသို့ ခေတ်အဆက်ဆက်ပြန်လည်ပြုပြင်ခဲ့ကြသည်မှာ ယနေ့ခေတ်အချိန်အထိပင်ဖြစ်ပြီး ပြည်ရွှေဆံတော်စေတီတော်၏ ဥဏ္ဍာတော်အမြင့်မှာ ပန်းလည်တိုင် ထိပ်ဆုံးအထိ ၁၂၆ ဒသမ ၅၅၇ ပေ အမြင့်ရှိပါသည်။ ဤသည်မှာ ပြည်ရွှေဆံတော်စေတီတော်၏ သမိုင်းအကျဉ်းမျှသာ ဖြစ်ပေသည်။

လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ခေတ်အဆက်ဆက် လှျဒါန်းခဲ့သော ခေါင်းလောင်းများရှိကြပြီး ခေါင်းလောင်း ၆၂ လုံးအထိ ရှိသည်။ ခေါင်းလောင်း ၆၂ လုံးတွင် အလုံး ၆၀ မှာ ရွှေဆံတော်စေတီ၏ အထက်ရင်ပြင်တွင်ရှိ၍ ကျန်နှစ်လုံးမှာ အောက်ရင်ပြင် ဘိုးဘိုးအောင် ဓာတ်နန်းရှေ့ရှိ ရှင်ဥပဂုတ္တာ၏ လက်ဝဲ၊ လက်ယာတွင် ရှိပါသည်။ ခေါင်းလောင်း ၆၂ လုံးတွင် ရှင်ဥပဂုတ္တာ၏ ဝဲဘက်ခေါင်းလောင်းနှင့် အထက်တောင်ပိုင်ဘိုးဘိုးကြီးရှေ့ရှိ ၂၇ လုံးတွင် ၂၆ လုံးမြောက်မှာ စာရေးထားသည်ကို မတွေ့ရှိရပေ။ ထို့ကြောင့် ၆၂ လုံးအနက် အလုံး ၆၀ တွင်သာ စာရှိသည်။ ၁၉၄၄ ခုနှစ် သြဂုတ်လ ၁ ရက် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရွှေဆံတော်စေတီတော်မြတ်ကြီးနှင့်အနီးကပ်ဆုံး ကျသောဗုံးမှာ ရာဟုဂြိုဟ်စင်အနီး ရင်ပြင်တော်ပေါ်၌ ကျသောဗုံးဒဏ်ကြောင့် ခေါင်းလောင်းအနည်းအကျဉ်း မီးလောင်ထိခိုက်ခဲ့ရသည်။ ထိုမီးလောင်မှုကြောင့် စာပါသည့်ခေါင်းလောင်း ၆၀ အနက် အချို့ခေါင်းလောင်းများ၏ စာကြောင်းများမှာ ဖတ်မရတော့ပေ။

သွန်းလုပ်လှူဒါန်း

ခေါင်းလောင်းများတွင် မှတ်တမ်းတင်ထားသောခုနှစ်များအရ ၆၂ လုံးတွင် အစောဆုံးခေါင်းလောင်းမှာ မြန်မာသက္ကရာဇ် ၉၉၃ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် (ခရစ်နှစ် ၁၆၃၁ ခုနှစ်) ဖြစ်သည်။ ထိုကာလသည် ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းဆက်ဖြစ်သော သာလွန်မင်းလက်ထက်တွင် သွန်းလုပ်လှူဒါန်းခဲ့သော ခေါင်းလောင်းဖြစ်သည်။ နောက်အကျဆုံးခေါင်းလောင်းမှာ မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ် (ခရစ်နှစ် ၁၉၃၇ ခုနှစ်) ကိုလိုနီခေတ်ဖြစ်သည်။ ထင်ရှားသော ခေါင်းလောင်းနှစ်လုံးမှာ ဘိလပ်ပြန်ခေါင်းလောင်းနှင့် ဒွတ္တပေါင်မင်းခေါင်းလောင်းတို့ဖြစ်ကြသည်။ ခေါင်းလောင်း ၆၂ လုံးအနက် ထူးခြားသည့် အခြားတစ်ခုမှာ ဒွတ္တပေါင်မင်းခေါင်းလောင်းဖြစ်သည်။ ထိုခေါင်းလောင်းသည် ရွှေဆံတော်ရင်ပြင်ရှိ တနင်္ဂနွေထောင့်၌ တည်ရှိသည်။ GPS Location Point အရ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၉ ဒသမ ၁၁၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ဝ၉၅ ဒီဂရီ ၁၃ ဒသမ ၂၇၁၉ မိနစ်တွင် တည်ရှိပါသည်။ ဤခေါင်းလောင်း၏အမြင့်သည် ၄၆ စင်တီမီတာ၊ ပုစွန်တုပ်ကွေးအမြင့် ၈၉ စင်တီမီတာ၊ ဖောင်းနှုတ်ခမ်းအမြင့် ၃၄ စင်တီမီတာ၊ လုံးဝန်းသော ဖောင်းနှုတ်ခမ်းအချင်းသည် ၁၉၉ စင်တီမီတာ၊ ဖောင်းတိုင်တန်းသည် ၁၈ စင်တီမီတာ၊ ဖောင်းနှုတ်ခမ်းအရှေ့ယိပမာဏသည် လေးစင်တီမီတာ၊ ခြသေ့(သို့မဟုတ်)မနုဿီဟရုပ်တု၏အမြင့်သည် ၁၈ စင်တီမီတာ၊ ခြသေ့(သို့မဟုတ်)မနုဿီဟစီးထားသော သိကြားမင်းရုပ်တုသည် ၂၈ စင်တီမီတာ ရှိကြသည်။ ခေါင်းလောင်း၏ ခါးပတ်အကျယ်မှာ ခြောက်စင်တီမီတာ၊ ခေါင်းလောင်း၏ဗဟိုချက်မှ ခေါင်းလောင်းနားအထိသည် ၆၇ စင်တီမီတာ၊ ခေါင်းလောင်း၏အချင်းသည် ၂၀၀ စင်တီမီတာ၊ ခေါင်းလောင်း၏အထူသည် ရှစ်စင်တီမီတာရှိသည်။

မြန်မာသက္ကရာဇ် ၉၉၄ ခုနှစ် (ခရစ်နှစ် ၁၆၃၂ ခုနှစ်) ဖြစ်သည့် ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းဆက်ဖြစ်သော သာလွန်မင်းလက်ထက်တွင် ပြန်လည်သွန်းလုပ်လှျဒါန်းခဲ့သော ခေါင်းလောင်းပင် ဖြစ်သည်။ ခေါင်းလောင်းကိုင်းချိတ်မှာ အခြားခေါင်းလောင်းပုံနှင့်မတူဘဲ ခေါင်းလောင်းမှာ ကိုင်းနှစ်ကိုင်းကြက်ခြေခတ်ခွဲလျက် ကိုင်းအဆုံးတွင် ခြသေ့(သို့မဟုတ်) မနုဿီဟတစ်ကောင်စီ ပေါင်းလေးကောင်သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်ဘက်တို့တွင် ခေါင်းလောင်းကို ကျောပေးလျက်ထိုင်နေသည့်ပုံပါရှိသည်။ ခေါင်းလောင်းကို ကျောပေးထိုင်နေသော တောင်ဘက်မှ ခြသေ့(သို့မဟုတ်) မနုဿီဟတစ်ကောင်ပေါ်တွင် သိကြားရုပ်တုကိုလည်းကောင်း၊ မြောက်ဘက်မှ ခြသေ့(သို့မဟုတ်) မနုဿီဟတစ်ကောင်ပေါ်တွင် ဘီလူးသန်လျက်ထမ်းရုပ်တုကို လည်းကောင်းတွေ့မြင်နိုင်သည်။ သန်လျက်ထမ်းဘီလူးရုပ်တုမှာ သန်လျက်ကျိုးပဲ့သည့်အနေအထားဖြင့် ယခုအခါ တွေ့မြင်နိုင်ပေသည်။ ခေါင်းလောင်း၏ ပထမဖောင်းရစ်တွင် စာရေးထိုးမထားဘဲ ညောင်ရွက် ၁၄ ရွက်ပါရှိသည့်အတွက် ဗုဒ္ဓဘုရားရှင်အား ကိုယ်စားပြုသဘောဖြင့် ရည်ညွှန်းဟန်ရှိသည်။ ၎င်း အောက်ဘက်တွင် ခေါင်းလောင်းခါးပတ်ပါရှိပြီး ထိုနေရာတွင် ညောင်ရမ်းခေတ် စာအရေးအသားဖြင့် ဒွတ္တပေါင်မင်းကြီးနှင့် နဂါးသမီး မိဖုရားစောစရီတို့မှ ရွှေဆံတော်တွင်လှျဒါန်းခဲ့သော ခေါင်းလောင်းဖြစ်ကြောင်း၊ ထိုခေါင်းလောင်းအား မြန်မာသက္ကရာဇ် ၉၉၄ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက် (စနေနေ့)တွင် အရှင်သူမြတ်သည် အင်းဝ၊ အကြေ၊ အညာတို့မှ ဒါယကာ၊ ဒါယိကာမတို့ထံမှ အလှူခံ၍ ခေါင်းလောင်းအား ထပ်မံပြန်လည်ပြုပြင်၍ ခေါင်းလောင်းစာကို ရေးထွင်းသည်ဟု သိရှိရသည်။

ထပ်မံပြုပြင်သူက ဆုတောင်းရာတွင် နိဗ္ဗာန်ဆုကိုပြည့်စေသော်၊ ငါလည်း ဘုရားဆုကိုပြည့်စေသော် အဝီစိတိုင်အောင်ဝေ၏။ သာသနာတော်ငါးထောင်ပတ်လုံး တည်စေသော်ဟု ဆုတောင်းထားသည်။ ဤခေါင်းလောင်းစာအရ ဒွတ္တပေါင်မင်းကြီးက မူလလှျဒါန်းခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်ပေသည်။ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီပေါ်တွင် ခေတ်ကာလမကွာခြားသော ညောင်ရမ်းခေတ် ခေါင်းလောင်းနှစ်လုံးရှိသေးသော်လည်း ထိုခေတ်ကာလမှ သွန်းလုပ်သော ခေါင်းလောင်းပုံစံများနှင့် ကွာခြားကြောင်း လေ့လာတွေ့ရှိရသည်။ ထိုသို့ ပျူခေတ်နှင့်ညောင်ရမ်းခေတ်ကာလသည် အလွန်ပင် ကွာခြားနေသော်ငြားလည်း ခေါင်းလောင်းစာပေအရေးအသားကြောင့် ပျူခေတ်ကာလမဟုတ်ဟုပင် ငြင်းဆန်ရန် ခက်ခဲနေပေသည်။ အဘယ်ကြောင့်ဆိုသော် ပျူခေတ်ကာလမှ ခေါင်းလောင်း၏ ပါဝင်မှုဒြပ်စင်များကို သိပ္ပံနည်းကျတိုင်းထွာစစ်ဆေးမှု မလုပ်နိုင်သေးသောကြောင့် တိကျစွာပြောဆိုရန် ခက်ခဲနေပေသည်။

သမိုင်းကြောင်းကွက်လပ်ကို ဖြည့်ဆည်း

ထိုသို့စိတ်ဒွိဟများနေသောကာလများနှင့် နေထိုင်လာခဲ့ရာမှ မိမိတာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာနဖြစ်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ Professor Sariel Shaleva,Department of Maritime Civilization and Department of Archaeology, University of Haifa, Israel မှ မြန်မာနိုင်ငံတွင် ရှေးခေတ်ကာလမှ မြန်မာတို့၏ ကြေးသွန်းလောင်းမှုအတတ်ပညာများကို သိပ္ပံနည်းကျ စမ်းသပ်စစ်ဆေးရန် ရောက်ရှိလာခဲ့သည်။ ၎င်းနှင့်အတူ လိုက်ပါပူးပေါင်း သုတေသနလုပ်ငန်းဆောင်ရွက်ရန်အတွက် ဝန်ကြီးရုံး၏ညွှန်ကြားမှု၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၏ တာဝန်ပေးညွှန်ကြားမှုနှင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ Portable XRF(x-rays fluorescence) နည်းဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီပေါ်ရှိ ခေါင်းလောင်း ၆၂ လုံးအား သိပ္ပံနည်းကျတိုင်းတာမှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ စာရေးသူနှင့်အတူ ဦးကိုကိုဖိုးလမင်းတို့ ပူးပေါင်းပါဝင်သုတေသနလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြသည်။ Professor Sariel Shaleva မှ ကျွန်တော်တို့၏စိတ်ထဲတွင် သုတေသနပြုလိုသော ခေါင်းလောင်းကို ရွေးချယ်စေခဲ့ရာ ဒွတ္တပေါင်မင်းခေါင်းလောင်းကို ရွေးချယ်လေ့လာရန် အထူးပြုရွေးချယ်ခဲ့ကြသည်။ ထိုသို့ရွေးချယ်မှုသည်လည်း ခေါင်းလောင်းတွင် ရေးထိုးထားသော ခေါင်းလောင်း စာကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ဒွတ္တပေါင်မင်း ခေါင်းလောင်းအား Portable XRF (x-rays fluorescence) နည်းဖြင့် သိပ္ပံနည်းကျစစ်ဆေးနိုင်မှသာ သမိုင်းကြောင်းကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု ထင်သောကြောင့် ဖြစ်သည်။

ဒွတ္တပေါင်မင်းခေါင်းလောင်းအား တိုင်းတာမှုလုပ်ငန်းဆောင်ရွက်ရာတွင် ခေါင်းလောင်းအနာ၊ ခေါင်းလောင်းကိုယ်ထည်၊ ခေါင်းလောင်းပလွင်ခုံစသည့် နေရာသုံးခုအား တိုင်းတာမှုတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့တိုင်းတာရာတွင် Cu (copper) ကြေးနီ၊ Sn (tin) သံဖြူ၊ Zn (zinc) သွပ်၊ Pb (lead)ခဲ၊ As (Arsenic) စိန်အဆိပ်၊ Bi(Bismuth) ကြွေပ်ဒြပ်စင်တို့ ပါဝင်သည်ကို တွေ့ရှိရပေသည်။ ရှေးခေတ်ကာလမှ ကြေးသွန်းပညာရှင်တို့၏ ကြေးစပ်ရာတွင် ပါဝင်ခဲ့သောပမာဏကို ကိုယ်တိုင်ကိုယ်ကျ သိမြင်နိုင်ခဲ့မှုအတွက် လွန်စွာပင်ဝမ်းမြောက်မိသည်။ ရွှေဆံတော်စေတီရင်ပြင်ရှိညောင်ရမ်းခေတ်ခေါင်းလောင်းတို့နှင့် ပါဝင်မှုဒြပ်စင်တို့ကို ယှဉ်ကြည့်ပါက Cu (copper) ကြေးနီ၊ Sn (tin) သံဖြူ၊ Pb (lead)ခဲ၊ As (Arsenic) စိန်အဆိပ်၊ Bi(Bismuth) ကြွေပ်၊ Fe (Iron) ဒြပ်စင်တို့ပါဝင်သည်ကိုတွေ့ရှိရပြီး Zn (zinc) သွပ် ဒြပ်စင်ပါဝင်မှုမရှိတော့ကြောင်းကို လေ့လာတွေ့ရသည်။ ဤအချက်သည် ညောင်ရမ်းခေတ်ကာလ တူသော်ငြားလည်း ဒြပ်စင်ကွဲပြားမှုရှိနေသည်ကို တွေ့ရှိရသည်။ ခေါင်းလောင်း၏ ပုစွန်တုပ်ကွေးပုံစံချင်း မတူညီသော်လည်း ခြသေ့(သို့မဟုတ်)မနုဿီဟပုံစံတို့မှာ ညောင်ရမ်းခေတ်ကာလမှပုံစံဖြစ်သည်ကို လေ့လာတွေ့ရှိရပေသည်။ ဤသို့သောအကြောင်းစုံကြောင့် ခေါင်းလောင်းမှာ ပြန်လည်ပြုပြင်လှျဒါန်းထားသော ခေါင်းလောင်းတစ်လုံးဖြစ်ကြောင်း လေ့လာသိရှိသည်။ သို့သော်လည်း ပျူခေတ်ကာလမှ သွန်းလုပ်ခဲ့သော ခေါင်းလောင်းတစ်လုံးဖြစ်ကြောင်း တိကျသေချာစွာပြောနိုင်ရန်အတွက် သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရဦးမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ခေါင်းလောင်းများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုလက်ရာဖြစ်သော ပန်းတဉ်းပညာများကို ဖော်ပြနေသကဲ့သို့ မြန်မာ့ဓလေ့၊ မြန်မာ့အစဉ်အလာများကို ပြသနေသည့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများရောယှက်ပါဝင်နေသည့် အမွေအနှစ်များလည်း ဖြစ်သည်။ မြန်မာပြည်သူပြည်သားတို့၏ လူမှုသမိုင်းပုံရိပ်များဖြစ်သည့်အတွက် ခေါင်းလောင်းစာပါအထောက်အထားအရ ဒွတ္တပေါင်မင်းကြီး၏ ခေါင်းလောင်းကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါတော့သည်။

ကိုးကား – **ပြည်ရွှေဆံတော်စေတီမှ ခေါင်းလောင်းစာများ (နိုင်ဝင်း)၊**
– **ကိုယ်တိုင်လက်တွေ့စမ်းသပ်စစ်ဆေး သုတေသနပြုလုပ်မှုရလာဒ် အဖြေများ**

ချင်းတိုင်းရင်းသားတို့၏ စိတ်ဝင်စားဖွယ်ရာ ရိုးရာလက်ထပ်ထိမ်းမြားခြင်း ဓလေ့

မင်းလပြည့် (ဟားခါး)

(၇-၃-၂၀၂၀ ရက်နေ့မှအဆက်)

ထိုစေ့စပ်ပွဲတွင်ပင် အသွင်းဖိုးကို သမီးရှင်မိဘများက တောင်းဆိုကြသည်။ အသွင်းဖိုး တောင်းဆိုရာတွင် မျိုးရိုးအလိုက် အောက်ပါအတိုင်း တောင်းဆိုလေ့ရှိကြသည်။ မင်္ဂလာပွဲနေ့ကိုလည်း သတ်မှတ်ကြသည်။

သတ်မှတ်ထားသော မင်္ဂလာပွဲနေ့တွင် သတို့သားဘက်မှ သတို့သမီးအိမ်သို့ လေးဆုပ်ရှိ ဝက်တစ်ကောင် (တတ်နိုင်သူများ အတွက် နွားနောက်) ဆပ်ဆန်လေးတောင်း (တင်း)၊ ပြောင်းဆန်ခြောက်တောင်းနှင့် ခေါင်ရည်အိုး ခြောက်လုံးယူသွား၍ သတို့သမီးများကလည်း တတ်နိုင်သလောက်ပါဝင်ပြီး ပထမနေ့ မင်္ဂလာပွဲကို ကျင်းပသည်။

ဆွေမျိုးများက လိုက်ပို့

ဒုတိယနေ့တွင် သတို့သမီးသည် နှမ်း၊ ဆပ်ဆန်တို့ဖြင့် လုပ်ထားသော မုန့်လုံးကြီး (အလုံး ၁၀၀ မှ ၂၀၀ စသည်ဖြင့် တတ်နိုင်သမျှ) နှင့် ကြက်ဥပြုတ်ပြီးသား (၃၀၀ မှ ၅၀၀) အပါအဝင် သတို့သမီးမိဘများက လက်ဖွဲ့သော တောင်း၊ ပေါက်တူး၊ စောင်၊ ရက်ကန်း၊ ပတီး၊ လက်ဝတ်လက်စား စသော ပစ္စည်းများနှင့် သတို့သားအိမ်သို့လာရသည်။ သတို့သမီးအား အပျိုရံများနှင့် ဆွေမျိုးများက လိုက်ပို့ကြရသည်။

သတို့သားအိမ်သို့မရောက်မီ လမ်းတွင် တွေ့သမျှ လူတိုင်းအား ပါလာသောနှမ်းမုန့်လုံး တစ်လုံးစီနှင့် ကြက်ဥတစ်လုံးစီ ပေးကမ်းရသည်။ လမ်းတစ်လျှောက်တွင် "တို့များ သားသမီး အပြည့်အဝ ပစ္စည်းအပြည့်အဝနှင့် လာကြပြီ" စသည်ဖြင့် အော်ဟစ်ကြရသည်။

အိမ်ဝင်းဝတံခါးသို့ ရောက်လျှင် သတို့သမီးအား သတို့သား၏အစ်မနှင့် နှမများက ကြိုဆိုလျက် အိမ်တွင်းရှိ မီးဖိုအနီးတွင် အထူးပြင်ဆင်ထားသောနေရာသို့ ခေါ်ဆောင်သွားပြီး ဧည့်ခံရသည်။ သတို့သမီးကလည်း မိမိနှင့်ပါလာသော ခေါင်ရည်၊ ကြက်ဥနှင့် အသားများကို သတို့သား၏မိဘ ဆွေမျိုးသားချင်းများအား ကျွေးမွေးရသည်။

ဒုတိယနေ့တွင် သတို့သမီးအား ချီးကျူးသောအားဖြင့် သတို့သားအိမ်တွင် တစ်နေကုန် တစ်ညလုံး မင်္ဂလာပွဲပြုလုပ်ကြသည်။

တတိယနေ့တွင် သတို့သမီးမိဘများအိမ်၌ စဟောင်းဆပ်ခေါ် ပွဲတစ်မျိုး ကျင်းပရသည်။ ထိုပွဲတွင် သတို့သားဘက်မှ အသွင်းဖိုး ပေးဆောင်ကြရသည်။

စေ့စပ်ကြောင်းလမ်းမည့်အကြောင်း နားဖောက်သောညတွင် ခေါင်ရည်အိုးထဲသို့ မီးသွေးခဲနှင့် သက်ငယ်စတစ်ခု ထည့်ထားခဲ့ရာ ခေါင်အိုးဖွင့်သောအချိန်၌ မီးသွေးခဲနှင့် သက်ငယ်စတို့ တစ်ခုနှင့်တစ်ခု ရစ်ပတ်နေသည်ကိုတွေ့လျှင် ဇနီးမောင်နှံ ရာသက်ပန် မကွဲမကွာပေါင်းသင်းနေထိုင်ရမည်ဟု နိမိတ်ဖတ်ကြသည်။ မီးသွေးနှင့် သက်ငယ်စ တခြားစီဖြစ်နေလျှင် လင်ယောကျ်ားသည် အစိုးရအမှုထမ်းဖြစ်မည်။ ဇနီးနှင့် ခွဲခွာနေရတတ်သည်ဟု နိမိတ်ကောက်ကြသည်။

ဖလမ်းနယ်၌ မင်္ဂလာကြေးပေးသည့်အခါ သတို့သမီး၏မိဘကိုသာမက ဆွေမျိုးများကိုပါ ပေးရသည်။ မင်္ဂလာကြေးမှာ မိဘ အတန်းအစားကိုလိုက်၍ အနည်းဆုံး နွားနောက်တစ်ကောင်မှ အများဆုံး ခုနစ်ကောင်အထိ ပေးရသည်။ မင်္ဂလာနေ့တွင် သတို့သားသည် သတို့သမီးအိမ်သို့ လေးဆုပ်ရှိသော ဝက်တစ်ကောင်နှင့် ခေါင်ရည် လေးလုံး ယူလာရသည်။ သတို့သမီးဘက်က ယင်းဝက်ကိုသတ်ပြီး ဧည့်ခံသည်။ ဝက်ဖိုးကို တစ်ဝက်စီ ခံရသည်။ ဝက်အပြင် သတို့သမီးဘက်က ကြက်တစ်ကောင်လည်း သတ်ရသည်။ ခေါင်ရည်လည်း တည်ရသည်။ ခေါင်ရည်ကို သတို့သားက စ၍သောက်ရသည်။ ပြီးမှ သတို့သမီးက သောက်ရသည်။ ပြီးလျှင် ကြက်သတ်သူ သောက်ရ၍ နောက်မှ နှစ်ဖက်ဆွေမျိုးများ ကြီးစဉ်ငယ်လိုက် သောက်ကြရသည်။ ထို့နောက် သတို့သားအိမ်သို့ သတို့သမီး လိုက်သွားရသည်။ သတို့သားအိမ်တွင် တစ်ဖန် ကြက်သတ်ပြီး ခေါင်ရည်သောက်ကြပြန်သည်။ ထိုအခါတွင် သတို့သမီးဘက်က ပထမသောက်ရသည်။ နောက် သတို့သား၊ နောက် ကြက်သတ်သူ၊ နောက်မှ ဆွေမျိုးများ ကြီးစဉ်ငယ်လိုက် သောက်ကြသည်။ နောက်ထပ် ကြက်နှစ်ကောင်ကိုလည်း သတ်၍ သတို့သား၏ အဖော်နှစ်ဦးကို ပေးရသည်။ နောက်တစ်နေ့ နံနက်တွင် သတို့သားဆွေမျိုးများက ခေါင်ရည် တစ်အိုးစီယူလာပြီး သောက်ကြပြန်သည်။ တတိယနေ့အထိ ခေါင်ရည်ပွဲ လုပ်ကြသေးသည်။ ထိုရက်များအတွင်းတွင် ရပ်ရွာရှိ အပျိုလူပျိုများ အလုပ်မလုပ်ရချေ။ မင်္ဂလာနေ့တွင် သတ်သောဝက်၏ ခေါင်းကို ကြည့်ပြီး နိမိတ်ဖတ်ကြသည်။ ကြက်ကိုတုတ်ဖြင့် ရိုက်သတ်ရာ ကြက်အသေ၏ ခေါင်းမော့နေလျှင် မင်္ဂလာရှိသည်။ ခေါင်းအောက်စိုက်နေလျှင် မင်္ဂလာမရှိဟု ယူဆသည်။

ထ့ဒ့ဒို အမျိုးသားတို့၏ ကြောင်းလမ်းစေ့စပ်ပုံမှာ အခြားချင်းများနည်းတူပင်ဖြစ်သည်။ အနည်းဆုံး မင်္ဂလာကြေးမှာ နွားနောက်တစ်ကောင်၊ မောင်းတစ်လုံး၊ ပုတီးတစ်ကုံး၊ ဓားမတစ်ချောင်း၊ ကြွေတစ်စေ့၊ ပုဆိန်တစ်လက်၊ ပေါက်တူးတစ်လက်၊ ငွေကျပ် ၄၀ ဖြစ်သည်။ မျိုးနွယ်မတူသူများကို တောင်းရမ်းသော် မင်္ဂလာကြေးပို၍ ယူတတ်သည်။ ရပ်ရွာရှိ အပျိုလူပျိုများအား ဝက်တစ်ကောင်သတ်၍ ပေးရသည်။ ဤသို့ ပေးရခြင်းကို မီးဗြိမ်းပွဲဟု ခေါ်သည်။ အပျိုမှာ သတို့သားနောက်သို့ ပါသွားပြီဖြစ်သဖြင့် ရပ်ရွာရှိ လူပျိုများ ပျင်းကျန်ရစ်တော့မည်ဖြစ်သည်။ မီးဖိုတစ်ဖိုလည်း ဗြိမ်းသွားတော့မည်ဖြစ်သည်။ သို့ဖြစ်၍ မီးဗြိမ်းပွဲဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဝက်သတ်၍ပေးရခြင်းမှာ ကာလသားများအား ပြုစုပေးကမ်းရသည့် သဘောပင်ဖြစ်သည်။ အပျိုလူပျိုများကလည်း ဝက်တစ်ကောင်ပြန်ပြီး လက်ဆောင်ပေးသည်။

သတို့သမီးဘက်ကို အနိုင်ပေး

မင်္ဂလာနေ့မွန်းလွဲပိုင်းတွင် အပျိုရံတစ်ယောက်နှင့်အတူ သတို့သမီးကို သတို့သားအိမ်သို့ ပို့ရသည်။ သတို့သားအိမ်တွင် ဝက်၊ ခေါင်ရည်တို့ဖြင့် ဧည့်ခံပွဲ လုပ်ပြန်သည်။ သတို့သမီးကိုပို့ရာတွင် ကာလသားလူပျိုများလည်းပါသည်။ သတို့သားဘက်မှ လူပျိုများကလည်း လာကြိုကြသည်။ သတို့သား၏ ရွာအင်ဝသို့ ရောက်သော် သတို့သားဘက်မှ လူပျိုများနှင့် သတို့သမီးဘက်မှလူများ နပန်းလုံးရသည်။ နပန်းလုံးသည့်အခါ သတို့သမီးဘက်ကို အနိုင်ပေးရသည်။ သတို့သမီး သတို့သားတို့ တစ်ရွာတည်း အတူနေသူများဖြစ်လျှင် ရပ်ကွက်ခွဲ၍ နပန်းလုံးရသည်။ သတို့သမီးကို လိုက်ပို့သူများသည် နပန်းလုံးပြီး ရွာဝမှ လှည့်ပြန်ရသည်။ မင်္ဂလာပွဲကို ဌေကြေးတတ်နိုင်သလို နှစ်ရက်၊ သုံးရက် စသည်ဖြင့် ပြုလုပ်လေ့ရှိကြသည်။ အချို့ခိုးပြေးပြီးမှ မိဘများနှင့် ပြန်စေ့စပ်ပြီး မင်္ဂလာဆောင်ကြသည်လည်း ရှိကြသည်။ မိဘကျေနပ်ချိန်အထိ စောင့်ပြီး မင်္ဂလာဆောင်ရသည်။

မင်းတပ်၊ မတူပီဒေသ၌ သတို့သမီးပေးရသောအမျိုးနှင့်သတို့သားပေးရသောအမျိုးဟူ၍ ခွဲခြားသတ်မှတ်ခြင်းရှိသည်။ သတို့သမီးပေးရသောအမျိုးကို မင်းတပ်၊ မတူပီဒေသရှိ ချင်းအမျိုးသားတို့က အပူဟု ခေါ်ကြ၍ သတို့သားပေးရသောအမျိုးကို အူးပူချင်းများက အကွေ့၊ မကန်းချင်းက တူ၊ မတူပီချင်းက အလှေ့ စသည်ဖြင့် ခေါ်ကြသည်။

သတို့သမီးပေးရသောအမျိုးနှင့် သတို့သားပေးရသော အမျိုးမှလွဲ၍ အခြားအမျိုးသမီး အမျိုးသားတို့ကို အိမ်ထောင်ဖက်ထိုက်ဟု ယူဆကြသည်။ အူးပူချင်းတို့ မင်္ဂလာဆောင်လျှင် သတို့သားဘက်က သတို့သမီးကို သွားရောက် ခေါ်ယူသည့်အခါ သတို့သမီးဘက်က အိမ်တံခါးများကို ပိတ်ထားပြီး မည်သူမည်ဝါလာကြောင်း သီချင်းသီဆို၍ မေးမြန်းရသည်။ ထိုအခါ သတို့သားဘက်က သတို့သမီးနှင့် အပူအကွေ တော်စပ်ကြောင်း သီချင်းဖြင့် ပြန်လည်ဖြေကြားရသည်။ ထိုကဲ့သို့ မဖြေကြားနိုင်ခဲ့သော် သတို့သားကို လက်မခံပေ။ မင်္ဂလာပွဲကိုလည်း ဖျက်သိမ်းရသည်။

အဆိုရှိ

သတ်မှတ်ထားသော အမျိုးမှမဟုတ်ဘဲ အခြားသူများနှင့် အိမ်ထောင်ဖက်ခဲ့သော် ရပ်ရွာက ရှုတ်ချသည်။ ရှေးယခင်ကမူ အမျိုး၏ဂုဏ်ကို ထိခိုက်သည်ဟု ယူဆ၍ ဆွေမျိုးများကပင် တာဝန်ယူ၍ စည်းကမ်းဖောက်ဖျက်သူများကို နှိပ်ကွပ်သည်ဟု အဆိုရှိသည်။

အမျိုးမှန်၍ အိမ်ထောင်ဖက်နိုင်သော အမျိုးဖြစ်ပါမူ ငယ်ရွယ်စဉ်ကပင် မိဘချင်းဆွေးနွေး၍ စေ့စပ်ပေးလေ့ရှိသည်။ အူးပူချင်းတို့သည် သမီးမွေးဖွားသော အချိန်တွင် အကွေ့ အမျိုးတော်စပ်သူများ (အိမ်ထောင်ရှိသောအဒေါ်များ)က လာရောက်ကြ၍ သူတို့၏သားများအတွက် သတို့သမီးလောင်းကလေးကို ကြည့်ရှုကြသည်။ နှစ်ဖက်သဘောတူသော အချိန်အခါတွင် ခေါင်ရည်ပွဲဖြင့် ကတိကဝတ်ပြုကြသည်။ အခြားသော မင်းတပ်၊ မတူပီ ချင်းအမျိုးသားတို့သည်လည်း အများအားဖြင့် မိန်းကလေး အသက်လေး-၈၊၉နှစ် အရွယ်လောက်တွင် စေ့စပ်ပေးလေ့ရှိကြသည်။ စေ့စပ်သော အချိန်အခါတွင် အမျိုးသားဘက်မှ စတင်၍ နားဖောက်သည်။ နှစ်ဖက်သဘောတူသောအခါ ကတိသစ္စာပြုသောအနေဖြင့် အမျိုးသားဘက်မှ အမျိုးသမီးသို့ လက်စွပ်၊ လက်ကောက်စသော လက်ဆောင်ပစ္စည်းများကို ပေးလေ့ရှိသည်။ မရာအမျိုးသားတို့ စေ့စပ်ကြောင်းလမ်းရာတွင် အမျိုးသားဘက်မှ အမျိုးသမီးဘက်သို့ ပေးရသော လက်ဆောင်ပစ္စည်းကို အေးကဲ့နှင့် ချီဖားဟု ခွဲထားသည်။ မရာအမျိုးသားတို့တွင် လူတန်းစားခွဲခြားမှုရှိသဖြင့် လက်ဆောင်ပစ္စည်းကိုလည်း ခွဲခြားခြင်းဖြစ်သည်။

စေ့စပ်ကြောင်းလမ်းမည့်အကြောင်း နားဖောက်သောညတွင် ခေါင်ရည်အိုးထဲသို့ မီးသွေးခဲနှင့် သက်ငယ်စတစ်ခု ထည့်ထားခဲ့ရာ ခေါင်အိုးဖွင့်သောအချိန်၌ မီးသွေးခဲနှင့် သက်ငယ်စတို့ တစ်ခုနှင့်တစ်ခု ရစ်ပတ်နေသည်ကိုတွေ့လျှင် ဇနီးမောင်နှံ ရာသက်ပန် မကွဲမကွာပေါင်းသင်းနေထိုင်ရမည်ဟု နိမိတ်ဖတ်ကြသည်။ မီးသွေးနှင့် သက်ငယ်စ တခြားစီဖြစ်နေလျှင် လင်ယောကျ်ားသည် အစိုးရအမှုထမ်းဖြစ်မည်။ ဇနီးနှင့် ခွဲခွာနေရတတ်သည်ဟု နိမိတ်ကောက်ကြ

အကြောင်းမသင့်၍ အိမ်ထောင်မဖက်ခဲ့သော် အမျိုးသားဘက်မှ ပေးထားသော လက်ဆောင်ပစ္စည်းများကို အမျိုးသမီးဘက်မှ ပြန်လည်ပေးဆပ်ရန်မလိုပေ။ အမျိုးသားဘက်မှသာလျှင် ပစ္စည်းအဆုံးခံရသည်။ စေ့စပ်သောအချိန်အခါတွင် လက်ဆောင်ပစ္စည်းမပေးခဲ့ပါမူ စေ့စပ်ကြောင်းလမ်းခြင်း ပျက်သောအခါ အမျိုးသားဘက်က အမျိုးသမီးဘက်သို့ လျော်ကြေးပေးရသည်။ ပုံစံအားဖြင့် မကန်းချင်းတို့သည် လျော်ကြေးအဖြစ် နွားနောက်တစ်ကောင်ပေးရသည်။ ထိုကဲ့သို့ အမျိုးသားဘက်မှ ပစ္စည်းအဆုံးခံရခြင်း သို့မဟုတ် လျော်ကြေးပေးရခြင်း အကြောင်းမှာ နှစ်ဖက်စေ့စပ်ကြောင်းလမ်းရာတွင် အမျိုးသားဘက်မှသာ စကားစတင်ကမ်းလှမ်းခြင်း၊ မိမိသဘောကျသူ အမျိုးသမီးကို ရွေးချယ်ခွင့် ရရှိခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်၍ အမျိုးသားဘက်ကသာလျှင် စေ့စပ်ကြောင်းလမ်းခြင်း၏ အောင်မြင်မှု၊ မအောင်မြင်မှုအတွက် တာဝန်ခံရမည်ဟု မင်းတပ်၊ မတူပီ ချင်းတို့က ယူဆကြသည်။

လျော်ကြေးပေးရ

နောက်တစ်ကြောင်းမှာလည်း စေ့စပ်ကြောင်းလမ်းမှ ပျက်စီးသွားလျှင် အမျိုးသမီးသည် အမျိုးသားထက်ပို၍ နစ်နာသည်ဟု ယူဆကြခြင်းလည်းရှိသည်။ ထိုကြောင့် စေ့စပ်ထားသူက အိမ်ထောင်ဖက်မပြုဘဲ စကားဖျက်လိုက်လျှင် အမျိုးသမီးများသာ နစ်နာဆုံးရှုံးကြရသဖြင့် အမျိုးသားဘက်က လျော်ကြေးပေးရခြင်း သို့မဟုတ် ပစ္စည်းအဆုံးခံရခြင်းပင်ဖြစ်ပေသည်။

စေ့စပ်ကြောင်းလမ်းခြင်း တည်တံ့ပါမူ အမျိုးသမီးနှင့် အမျိုးသားတို့ အရွယ်ရောက်လာသောအချိန်တွင် ထိမ်းမြားမင်္ဂလာပွဲ ကျင်းပသည်။ မင်္ဂလာကြေးကိစ္စကို နှစ်ဖက်ကျေလည်အောင် ဆွေးနွေးပြီး သတို့သားဘက်မှပေးရမည့် ပစ္စည်းများကို သတို့သမီး အိမ်သို့ သွားရောက်ပို့ဆောင်ရသည်။ ထို့နောက် သတို့သမီးကို ခေါ်ခဲ့နိုင်သည်။

အူးပူအမျိုးသားတို့ မင်္ဂလာဆောင်ရာတွင် သတို့သားနှင့် သတို့သား၏ ဆွေမျိုးများသည် အကွေးပိုးခေါ် သတို့သားဒိုင်ကို ခေါ်၍ သတ်မှတ်သောနေ့ရက်တွင် သတို့သမီးအိမ်သို့ သွားကြရသည်။

(ဆက်လက်ဖော်ပြပါမည်)

